

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှ
၅၀၀၁၃၈၁၀၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှ
၅၀၀၄၇၂၀၅

**ဖြန့်ချီ**
အောင်မြင်စာ
အမှတ်(
အောင်ဘာ
ကျောက်မြော


**အတွင်း**
**မျက်နှာဖုံး**
ဦးအောင်
အောင်မြင်ပုံနှိပ်
သုဝဏ္ဏ၊ ရန်ကု

ပထမအကြိ
စွေလ၂၀
တန်ဖိုး(

**ထုတ်ဝေ**
ဦးအောင်
အမှတ်(၇)၊ သီတာ
ကျောက်မြောင်း၊ ရန်ကုန်

၈၉၅.၈၃
မြပုလဲခင်
ချစ်မိုးမည်း/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၁။
၂၆၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com



ဖဲကျနေတဲ့သူဟာ နောက်ထပ်လဲကျမှာကို
စိုးရွံ့စရာ မလိုတော့ဘူး။

He that is down needs fear no fall.

# အခန်း (၁)

"လူလေး"

"ဗျာ. . . အဘ"

"ထမင်းစားရအောင်"

"ဟုတ်ကဲ့"

လူလေးဆိုသော သူသည် အဘခေါ် ရာနောက်သို့ လိုက်သွားလိုက်သည်။ တဲကုပ်နန်းတော်လေးသို့ သူတို့ ဝင်ရောက်လိုက်သည်နှင့် အဘ၏ကျောင်းသွားဖော်သည် အငွေ့တထောင်းထောင်း





ထနေသော ကန်စွန်းရွက် လယ်တောဟင်းခွက်ကို စားပွဲဝိုင်းအလယ်၌ ချလိုက်သည်။ ငါးပိတို့စရာလည်း စားချင်စဖွယ်၊ ဖွယ်ဖွယ်ရာရာ၊ ပဲနှပ်ကလေးတစ်ခွက်နှင့် ထမင်းက နီကြန်ကြန်။

"လူလေး ထိုင်လေ"

"ဟုတ်ကဲ့ အမေ"

သူသည် အဘ၏ကျောင်းသွားဖော်ကို အမေဟု ခေါ်လိုက်သည်။

"လက်ဆေး လူလေး"

"ဟုတ်ကဲ့"

"မင်းလို မြို့ကြီးသားက စားနိုင်ပါ့မလား မသိဘူး"

"ဒါ့ကြောင့် တော့်ကို ပြောတာ၊ ငါးလေးဘာလေး ရရင် ဖမ်းခဲ့ပါလို့၊ ခုတော့ လူလေးပုံပန်းက ဟိုဗွီဒီယိုမင်းသားလေးတွေလို လှလှပပလေးဟာ၊ ငါးပိရည် တို့စရာနဲ့ စားနိုင်ပါ့မလား မသိပါဘူးတော်"

"ရပါတယ်. . . ကျွန်တော်စားနိုင်ပါတယ်၊ ကျွန်တော့်အတွက် ဘာမှဒုက္ခမရှာပါနဲ့၊ အဘတို့ အမေတို့ စားတဲ့အတိုင်း စားပါ့မယ်"

"အေးကွယ်. . . အဘတို့ တောသူတောင်သားတွေရဲ့ စားသောက်စရာကတော့ ယာတောထွက် လယ်တောထွက်တွေပဲ ရှိတယ်"

"ဟုတ်ကဲ့. . . အစားအသောက်ဆိုတာ အသက်ဆက်ဖို့ကို အားဖြည့်နေတဲ့ လူ့ခန္ဓာကိုယ်ရဲ့လောင်စာတစ်မျိုးဖြစ်လို့ ကျွန်တော့်အတွက် အစားအသောက်က အရေးမကြီးတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ လူလေးရဲ့၊ လူတွေဟာ အသက်ရှင်မှုကို လိုလားတာပဲ"

အဘသည် ဓားမဦးချ တောသူတောင်သား ဖြစ်သော်လည်း ဘုန်းကြီးကျောင်းထွက်ဖြစ်၍ စာတတ်သည်။ ထို့ကြောင့် စာဖတ်သည်။ လယ်ထွန် ယာလုပ်ချိန်တွင်တောင်မှ ခါးကြား၌ စာတို စာလိပ်လေးများ ရှိနေတတ်သည်။

"လောကကြီးမှာ ကိုယ့်အကြောင်း ကိုယ့်နာမည် ကိုယ့်ဘဝကိုမှ မသိတဲ့ လူတစ်ယောက်ဟာ သေလူနဲ့ မခြားပါဘူး အဘရာ"

"ကဲပါ. . . တော်ကလည်း ဆိုတာဟာ လူလေး ထမင်းစားပျက်မယ်၊ ဘာဖြစ်လဲတော်. . . ကျုပ်တို့ သားတစ်ယောက် ရတာပေါ့တော်၊ လူလေး ဘာကိုမှ တွေးမနေနဲ့. . . စား. . စား"

"ဟုတ်ကဲ့ အမေ"

လူလေးသည် လက်ဆေးဇလုံ၌ လက်ကို ဆေးလိုက်သည်။ ဆပ်ပြာတိုက်၍ လက်ဆေးရန် သတိရလိုက်သော်လည်း ဒါတွေ မလိုအပ်တော့ဘူးဟု လူလေး ယူဆလိုက်သည်။

သူ့အတွက် ထည့်ထားသော မောက်လျှံနေသည့် ထမင်းပန်းကန်ကို ကြည့်ရင်း သူ လက်ဘယ်က စနှိုက်ရမှန်း မသိအောင် ဖြစ်သွားသည်။

သို့သော် ဆာလောင်မွတ်သိပ်နေလေပြီ။ ထမင်းအသက် ခုနစ်ရက်ဟုဆိုလျှင် သူ့အသက်သည် နောက်လေးရက်ဆိုလျှင် ဇီဝိန်ကြွေသွားနိုင်သည်။ သေခြင်းကို လူတိုင်း ရင်ဆိုင်ရမည်ဖြစ်သော်လည်း မသေခင်စပ်ကြား လူသားတာဝန် ကျေပြွန်မှုအတွက် သူ အလုပ်လုပ်ဆောင်သွားသင့်သည်။





လူလေး ထမင်းကို ငါးပိရည်ဆမ်းကာ ကြုံးစားလိုက်သည်။ အဘက ပဲနှပ် ခပ်ထည့်ပေးသည်။ အုံ့ဩစရာကောင်းလောက်အောင်ပင် သူ့တစ်သက်နှင့်တစ်ကိုယ် မစားခဲ့ဖူးသော လုံးတီးဆန်ကြမ်းနှင့် ငါးပိရည်ကျဲနှင့် ထမင်းလုတ်သည် အရသာရှိစွာဖြင့် ခံတွင်းတွေ့ကာ ထမင်းမြိန်ခြင်းကို ဖြစ်ပေါ်စေသည်။ သခွားသီး အလုံးလိုက်ကို ရေဆေးပြီး တို့စရာပန်းကန်ထဲ၌ သုံးလုံးထည့်ထားသည်။ ဤသည်ကို အဘ တစ်လုံးယူကာ လူလေးပန်းကန်ထဲ ထည့်ပေးပြန်သည်။ ပြီးတော့ ကိုယ်တိုင်လည်း တစ်လုံးယူကာ တဂျွတ်ဂျွတ် တဂျွမ်းဂျွမ်းဖြင့် ကိုက်စားလေတော့သည်။

သူလည်း အဘနှင့်အမေတို့၏ထမင်းစားပုံကို အတုယူကာ သခွားသီး ကိုက်လိုက်၊ ထမင်းလုတ် စားလိုက်နှင့် ငါးပိနှင့် ပဲနှပ်ကပဲ ထမင်းမြိန်ခြင်းကို ဖြစ်ပေါ်စေသလား၊ ပူစီနံ၊ ဆလပ်ရွက်၊ သခွားသီးတို့နှင့် ကန်စွန်းရွက် လယ်တောဟင်းကပဲ ထမင်းမြိန်ခြင်းကို ဖြစ်ပေါ်စေသလားကို သူ အရသာ မခံနိုင်မီ ထမင်းတစ်ပန်းကန်သည် ပြိုက်ခနဲ ကုန်သွားသည်။ ထို့နောက် နောက်တစ်ပန်းကန်လည်း ထိုနည်းတူစွာ ကုန်ဆုံးသွားသည်။

"ထည့်ဦး လူလေး"

"တော်ပြီ အဘ. . . ဝပြီ"

အဘနှင့်အမေ ထပ်မံ မတားဆီးနိုင်မီ သူသည် ထမင်းပန်းကန်ကို ဆွဲကာ ရေကပြင်သို့ ထွက်ခဲ့သည်။

"ထားစမ်းပါ လူလေးရာ၊ အမေ ဆေးမယ်"

"ရပါတယ် အမေ၊ ကျွန်တော့်ကို အမေ့သားလို့ သဘောထားရင် ကျွန်တော် ဝိုင်းလုပ်တာတွေကို မတားနဲ့ကွက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး"

အမေ့အိုးများက တိုက်ချွတ်စရာမလို၊ အဘယ့်ကြောင့်ဆိုသော် ထင်းနှင့် ချက်သော အမေ့အိုးတို့သည် အတွင်းသာ ဆေး၍ အပြင်ဘက်တို့ ထားခဲ့ပုံ မရသဖြင့် သပိတ်ရောင် ထကာ နက်မှောင် ထူထဲနေသည်။ ဒါလည်း ဖြစ်တာပဲ၊ အတွင်းသန့်ရှင်းဖို့သာ လိုသည်။

သူသည် ထမင်းအိုး ဟင်းအိုးများကိုပါ ဆေးကြောပေးလိုက်သည်။ ထို့နောက် အမေ့စဉ့်အိုးကြီးများသို့ ရေခပ်ဖြည့်ပေးလိုက်သည်။

"ဟဲ့. . . လူလေး၊ နေစမ်းပါကွယ်၊ အမေ့မှာ ဘာအလုပ်ရှိတာလိုက်လို့၊ ဒါတွေပဲ အမေလုပ်ပါ့မယ်"

"ရပါတယ် အမေ"

အလုပ်ရှိတာလိုက်လို့ဟု ပြောသော အမေသည် သူရောက်လာသည့်အချိန်ကာလမှစ၍ အလုပ်နှင့်လက် ပြတ်သည်ဟူ၍ မတွေ့ရ။ အမေ၏ထမင်းဝိုင်းမှ ပစ္စည်းများသည် အမေတို့ တဲကုပ်နန်းတော်လေး ဘေးပတ်လည်မှ အကုန်ရလေသည်။

ဆန်ကိုတောင် စပါးကိုယ်တိုင်စိုက်၍ မောင်းထောင်းစားသော အမေဖြစ်သည်။

"အဆာခံတဲ့ဆန်ကို တမင်စိုက်တာ၊ လူလေးမှ စားနိုင်ရဲ့လား"

ခြောက်ဆယ်ကျော် ခုနစ်ဆယ်နား ကပ်နေသော အမေက မေးလာသောအခါ လူလေး ရယ်ချင်သွားသည်။ သူ့လို လူငယ်လေးက မစားနိုင်ဘူးဆိုလျှင် ရယ်စရာကောင်းသည်ဟု သူထင်သည်။





အကျင့်ဟူသည် ဖျောက်ဖျက်ပစ်လို့ ရနိုင်သည်ဟုလည်း လူလေး ထင်မှတ်လာသည်။

"စားနိုင်တယ် အမေ"

"ဟုတ်ရဲ့လား. . . အမေတို့ အဘတို့က ဒီလိုဆန်ကြမ်း စားရမှ အဆာခံပြီး ဝတယ်လို့ ထင်တယ်"

ဆန်ကြမ်းများကို အစာကျေညက်သွားအောင် လှုပ်ရှားနေနိုင်သော အမေနှင့်အဘသည် ရောဂါထူပြောပုံလည်း မရပါချေ။

ကျန်းမာသန်စွမ်းကာ နိုင်ငံအတွက် များစွာအလုပ်လုပ်နိုင်ကြသေးသည်။ စိုက်ပျိုးရေးအတွက် အားထားရသော လယ်ယာလုပ်သား လင်မယားပါလားဟု လူလေး တွေးကာ ကြည်ညိုသွားသည်။

"ကိုဖိုးထော်. . . တော့်ကို ဖိုးချက်တို့က သစ်ခုတ်ခေါ်နေတယ်၊ တော် လိုက်သွားမှာလား"

"အေး. . . ဟုတ်တယ်ပ၊ ညည်းကော လိုက်ဦးမလား"

"လိုက်မယ်ပတော်. . . ကျုပ်လည်း တော် မရှိရင် ပျင်းချက်ပဲ၊ ကျုပ် ပန်းခူးလိုက်မယ်"

"လူလေးကော"

"ဘယ်လဲ အဘ၊ ဘယ်တော့လဲ. . . ဘယ်ကိုသွားမှာလဲ"

"ရိုးမထဲ သစ်သွားခုတ်မလို့"

"သစ်ခုတ်မယ် ဟုတ်လား အဘ၊ အစိုးရ တားမြစ်ထားတဲ့ ကြိုးဝိုင်းဇရိယာထဲတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး လူလေးရဲ. . . သစ်ရိုင်းတွေပါ၊ ထင်းအတွက်ကော နွားတင်းကုပ်လေး ပြင်ဆောက်ဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင်လည်း လိုက်မယ်လေ အဘ၊ အခုလား"

"မဟုတ်. . . မနက်ဖြန် လင်းကြက်တွန်ရင် သွားကြမယ်"

"ဟုတ်ကဲ့ အဘ"

လူလေးသည် စဉ့်အိုးအပြည့် ရေဖြည့်ပြီး ခြံစည်းရိုး ပတ်လည်သို့ လျှောက်ကြည့်သည်။ အဘသည် ကြက်လည်း မွေးထားသည်။ နွားနှစ်ရှဉ်းနှင့် နွားပေါက်လေး ရှိနေသည်။ ခြံစည်းရိုးပတ်ပတ်လည်၌ နွယ်ပင်များ တက်နေသည်။ ထိုနွယ်ပင်များသည် သခွားပင်၊ ခဝဲပင်နှင့် သပွတ်ပင်များ ဖြစ်ပေမည် ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သခွားသီး၊ ခဝဲသီး၊ သပွတ်သီးများကို တွေ့နေရခြင်းကြောင့်ပင်။

"ဟင်းစားယူမလို့ အရီးရေ၊ ဟင်. . . ဧည့်သည်ရောက်နေတယ်"

တောသူတစ်ယောက် ဆံရစ်ဝိုင်းလေးဖြင့် ရောက်လာသည်။ သူ့ကို မြင်သောအခါ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

"ဘယ်သူလဲ. . . ထွေးညိုလား၊ ယူလေ. . . ညည်းတို့ ခုချိန်ထိ မစားရသေးဘူးလား"

"ဟုတ်ပ အရီးရယ်၊ ကျုပ်ဈေးရောင်းထွက်နေတာနဲ့ နောက်ကျသွားတယ်"

ထွေးညို ဟူသောအမည်ကြောင့် သူရယ်ချင်သွားသည်။ တောအမည်နှင့် လိုက်ဖက်လေစွ။

သူ ကွပ်ပျစ်ပေါ်၌ ထိုင်ချလိုက်သည်။ ဘာလုပ်ရမည်နည်း။

သူ သည် ယောင်ချာချာဖြစ်နေသည်။

ထွေးညိုသည် သူလိုချင်သော အသီးအနှံများကို ဇလား





ဖြင့် အပြည့်ထည့်ပြီး ပြန်မသွားသေးဘဲ သူ့အား စောင်းငန်းစောင်းငန်းနှင့် ကြည့်ကာ အိမ်ပေါ် တက်သွားသည်။ သူ့အကြောင်း သွားစပ်စုတော့မည်ဟု သူ သဘောပေါက်လိုက်သည်။ ထိုအခါ သူမ သိသွားနိုင်သည့်အဖြေများကို သူ ကြိုသိနေသည်။

"ဘယ်ကလာမှန်း မသိပါဘူးတော်"

"နာမည်လဲ မသိဘူး"

"ကိုဖိုးထော် တောင်ယာခုတ်နေတဲ့ဆီကို ရောက်လာပြီး ရေတောင်းသောက်ရာက ထမင်းဆိုင်မေးလို့ ကျုပ်တို့ဆီ ရောက်လာတာ၊ ကျုပ်တို့ရွာမှာမှ ထမင်းဆိုင် မရှိတာ၊ တည်းခိုစရာအိမ်လဲ မေးတယ်၊ ကြည့်ရတာ ဦးနှောက်မှ ကောင်းရဲ့လား မသိဘူး၊ ဘာမှ မသိဘူးတဲ့၊ ဒီတော့ လုံမ သိတဲ့အတိုင်း ကျုပ်တို့လင်မယားကလည်း သားထောက်သမီးခံ မရှိတော့ သားတစ်ယောက် ရတာပေါ့အေ"

ဟုသာ ပြောပေလိမ့်မည်။

ဟုတ်ပါသည်။ လူလေးဆိုသော သူသည် အတိတ်ကို ဘာဆိုဘာမှ မသိသော လူတစ်ယောက်ဟူ၍သာ. . .။



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားခြင်းသည် အကောင်းဆုံး မူဝါဒဖြစ်သည်။

Honesty is the best policy.

# အခန်း(၂)

"နေနေ. . . အဘ၊ ကျွန်တော် ခူးပေးမယ်"

"ဟ. . . လူလေးရ၊ လုပ်ပုံပျော့ပျော့နဲ့ သစ်ပင်တက်တတ်လို့လား"

အသက်ခြောက်ဆယ်နား ချဉ်းကပ်နေသော အဘက သူ့အား သစ်ပင်တက်မှာကို စိုးရိမ်ပြီး သူကိုယ်တိုင် ခါးတောင်းမြှောင်အောင် ကျိုက်ကာ တက်ရန် ပြင်နေလေသည်။

"ရပါတယ်၊ ကျွန်တော် တက်တတ်တယ် ထင်တယ်"





အမြင့်မှ ပန်းမြတ်မာလာကိုမှ လိုချင်သော အမေကလည်း ပြောင်းဖူးဆေးလိပ်ကြီးကို ခဲလျက်မှ လူလေး သစ်ပင်တက်မည့်အရေး စိုးရိမ်မကင်းဖြစ်ကာ. . .

"ဖြစ်ပ့ါမလား လူလေးရဲ့၊ တက်စ မရှိရင် မတက်နဲ့၊ အဘိုးကြီးက တက်နေကျ"

လူလေးက ရယ်မောကာ ခေါင်းခါပြီး အဘကို အသာတွန်းဖယ်ကာ သစ်ပင်ပေါ် တက်ခဲ့သည်။

သစ်ပင်တော့ တက်တတ်သည်။ ယောကျ်ားတစ်ဦးအနေဖြင့် သစ်ပင်တက်လောက်တော့ တတ်သင့်သည်ဟု သူထင်ပါသည်။ တော်သေးသည်။ အမေလိုချင်သော သဇင်နီဟု ခေါ်သော အပွင့်ခိုင် ဖြိုင်ဖြိုင်နှင့် သစ်ခွအုံကို သူ ခွာထုတ်နိုင်၍ တော်သေးသည်။

"အမြစ်ဘက်ကနေ မြက်ဖုတ်ဘက် ပစ်ချလိုက် လူလေး"

"ဟုတ်ကဲ့ အမေ"

သူက သေသေချာချာ ချိန်ရွယ်၍ ပစ်ချပေးလိုက်သည်။ သူ ခူးဆွတ်ပေးသော ပန်းအပေါ် သံယောဇဉ်ဖြစ်သွား၍ဖြစ်သည်။ ကြွေသွားမှာကို သူ အလွန်စိုးရိမ်နေလေသည်။

ထိုအခါ သူ ကြောက်ရွံ့သွားသည်။ သံယောဇဉ်တရားသည် ပန်းအပေါ်မှာတောင် ဖြစ်နေလျှင် လူသားအချင်းချင်းဆိုပါက ပိုဆိုးပေတော့မည်။

'ဟင်း' ခနဲ သက်ပြင်းသံ ကျယ်လောင်သွားသည် ထင်ပါသည်။ အဘက မော့ကြည့်သည်။ သစ်ပင်ခွအုံ၌ ထိုင်နေသော လူလေးကို တွေ့လိုက်ရသည်။

"ဆင်းတော့လေ လူလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဘ"

ထိုအခါ အမေက. . .

"ဒီလူလေးနှယ်. . . ဆင်းခိုင်းမှ ဆင်းတတ်ရသလား"

လူလေး ပြုံးရုံပြုံးလိုက်သည်။ အမေ ရွက်သောတောင်းကို သူက လှမ်းယူထမ်းမည် ရှယ်သောအခါ အမေက. . .

"အသာနေစမ်း လူလေး၊ အမေ ထမ်းနေကျဝန်ကို အမေ ထမ်းမှဖြစ်မယ်"

အဘ ခုတ်လှဲထားသောထင်းများကို သူ ဝိုင်းကောက်ကာ လှည်းပေါ် သွားတင်ပေးသည်။

"မျက်စိလည်မယ်နော် လူလေး"

"ကျွန်တော် မှတ်မိပါတယ်"

သူနှင့်အဘ နွားလှည်း လှန်ထားရာသို့ ထင်းများ၊ သစ်လုံးဖြောင့်များကို မ,ယူကာ သွားကြသည်။

အမေက တောင်းကို ရွက်၍လိုက်ရုံမက ထင်းတစ်စည်းကို ခါးစောင်းတင်ကာ လိုက်ခဲ့သည်။

"ထားခဲ့ပါ အမေ၊ ကျွန်တော် တစ်ခေါက်ပြန်သယ်ပါ့မယ်"

"လုပ်နေကျအလုပ်တစ်ခုကို ကူညီပေးမယ့်သူ ရှိလို့ ရေသာခိုလိုက်ရရင် နောက် အကျင့်ပါသွားမယ်၊ ကူညီမယ့်သူ မရှိလို့ ကိုယ့်ဝန်ကို ထမ်းတဲ့အခါ အကျင့်ပျက်ပြီး မနိုင်တော့သလို ဖြစ်သွားလိမ့်မယ် လူလေးရဲ့၊ ဒါကြောင့် ကိုယ်နိုင်တဲ့ဝန်ကို ထမ်းနေကျအတိုင်းပဲ ထမ်းသွားတာ ကောင်းပါတယ်အေကွယ်"

တောမြို့စွန်လေးမှ လယ်ယာတောသူ အမေ့ထံမှ ထိုကဲ့သို့သော အဖိုးတန်စကားမျိုး ကြားရလိမ့်မည်ဟု သူမျှော်လင့်မထား





သဖြင့် သူ အံ့အားသင့်သွားခဲ့လေသည်။ ဘုန်းကြီးကျောင်းမှ သေစာရှင်စာ တတ်ရုံသာ သင်ကြားခဲ့ရသည်ဆိုသော အဘနှင့်အမေ၏ စကားများသည် ရိုးရိုးစင်းစင်းနှင့် ပရိယာယ်ဝေဝုစ် မကြွယ်သော်လည်း မှတ်သားနာယူဖွယ်ရာအတိနှင့်ပါတကား။

လူလေး ဘာမှမပြောဘဲ ချွေးသံရွှဲရွှဲနှင့် အဘနှင့်အတူ သစ်လုံးစည်းကို ထမ်းယူရင်း ဟောဟဲဟောဟဲ ဖြစ်နေသည်။

"ကိုဖိုးထော်"

"ဟေ"

"နားလိုက်ပါဦးလားတော်. . . လူလေး မောနေပြီ"

"ဟောဟဲ. . . ဟောဟဲ. . . ရတယ်"

လှန်ထားသော လှည်းကို မြင်ရတော့မှ သူ မနားချင်တော့ပေ၊ နားလိုက်ပြီးလျှင် ပြန်၍မသယ်နိုင်မှာစိုးသည်။

"အေး. . . အေး. . . လှည်းနားရောက်မှ အမောဖြေတော့ကွာ၊ နားလိုက်ရင် ပိုမောသွားလိမ့်မယ်"

လူလေးလို အသက်အစိတ်ဝန်းကျင် သန်သန်မာမာ ယောကျ်ားတစ်ယောက်ကို အသက်ခြောက်ဆယ်ကျော် လင်မယားနှစ်ဦးက ပြန်လည်အားပေးနေရသည်ဆိုတော့ သူ့လောက် အသုံးမကျသည့်လူ လောက၌ ရှိနိုင်ပါ့မလား။

"တောင့်ထား. . . ရောက်ပြီကွ"

"လူလေးကို ဒါကြောင့် အိမ်မှာ နေခဲ့ပါလို့ ပြောတာပေါ့ကွယ်၊ အမေတို့ တောသူတောသားတွေရဲ့အလုပ်က လွယ်ကူတာမဟုတ်ဘူး၊ လုပ်ကျင့်မရှိသူတွေ ဘယ်လုပ်နိုင်မလဲ"

"လူလူချင်းပဲ အမေရာ၊ အမေတို့လို သက်ကြီးရွယ်အိုတွေ



www.burmeseclassic.com

www.burmeseclassic.com



တောင် လုပ်နိုင်သေးတာ၊ ကျွန်တော်တို့အရွယ်တွေက ပိုလုပ်နိုင်ရမှာပေါ့"

"ဒီလိုနေရာမျိုးမှာတော့ လူလူချင်းဆိုတာနဲ့ မဆိုင်တော့ဘူး လူလေးရဲ့၊ အလေ့အကျင့်ပဲ ဆိုင်တယ်"

"ဟုတ်မယ် ထင်တယ်နော် အဘ၊ ဒီလိုဆို ကျွန်တော်လဲ နောက်ကို အဘတို့လို မမောမပန်းဘဲ လုပ်သွားနိုင်မှာပါ"

"မလုပ်နိုင်လဲ ရပါတယ် လူလေးရဲ့၊ မင်းနိုင်တဲ့ဝန်ကိုပဲ မင်းထမ်းပါ၊ အဘတို့အတွက်ကတော့ မင်း ဘာမှမလုပ်လဲပဲ မင်းကို ထမင်းကျွေးနိုင်ပါတယ်"

လူလေးရင်ထဲ ဝမ်းသာဝမ်းနည်း ဖြစ်သွားသည်။ မေတ္တာစေတနာ ပြည့်ဝလွန်းသော လင်မယားနှစ်ဦးပါတကား။ တစ်လုံးစားဖူး သူ့ကျေးဇူးအရထက် သူကိုယ်တိုင် ရင်တွင်း၌ လှိုက်လှဲစွာဖြစ်ပေါ်လာသော တုံ့ပြန်မေတ္တာတရားတို့ကြောင့် ကျေးဇူးဆပ်ချင်လာသည်။ သူ မသွားခင် တစ်နည်းနည်းတော့ ကျေးဇူးပြုရပေလိမ့်မည်။

"လူလေး စောင့်နေခဲ့တော့၊ အဘနဲ့အမေပဲ သွားတော့မယ်"

"ဟင့်အင်း. . . . အမေ နေခဲ့၊ အဘနဲ့ကျွန်တော်ပဲ သွားမယ်"

သူသည် မြက်ခင်းပေါ် ခြေပစ်လက်ပစ် ထိုင်နေရာမှ အလူးအလဲ ထလိုက်သည်။ လူ့ခန္ဓာကိုယ်ကြီးကို ညှာနေ၍ ဘာများ အကျိုးရှိနိုင်ပါ့မည်နည်း။

လူလေးကို အဘနှင့်အမေက ကရုဏာသက်စွာ ကြည့်





လိုက်သည်။ ရှေးအတိတ်မှ ကုသိုလ်ကံတရား မလှပခဲ့သဖြင့် သားသမီး မဖြစ်ထွန်းခဲ့သော သူတို့လင်မယားအတွက် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ မစလေပြီ ထင်ပါသည်။ ရုပ်ချောချော၊ အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်းနှင့် အင်မတန် ကြည့်ကောင်းသော လူလေးသည် သူတို့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ဘာဆိုဘာမှ မေးမရသော အတိတ်မေ့နေသည့် လူကလေး ဖြစ်သည်။

"လာ. . . လူလေး၊ ဒီတစ်ခေါက်ဆိုရင် ပြီးပါပြီ၊ ဖိုးချက်တို့ သည်းတောင် မတွေ့တော့ပါလား၊ ပြန်သွားကြပြီထင်တယ်"

အဘ၏ခြေလှမ်းကို လူလေး မနည်းအမီလိုက်ရသည်။

မောဟိုက်၍ အသက်ရှူသံ ပြင်းပြင်းထန်ထန် ကျယ်လောင်နေသော လူလေးကို အဘက စောင့်ခေါ်ရသည်။

လူလေး စိတ်မာတ်ကျဆင်းလာသည်။

သေမင်းသည် တံခါးခေါက်လျက်ရှိနေပါပြီကော။

"လူလေး"

"ဗျာ"

"လူလေး ဒီအလုပ်မျိုး မလုပ်ဖူးဘူးလား"

"ဗျာ. . . လူလေး မသိဘူး အဘ"

"သြော်. . . အေး. . . ဟုတ်သားပဲ၊ အဘ မေ့လို့"

အဘသည် သူ့အား တမင်စမ်းသပ်နေသလားဟုတောင် ခင်ယောင်ထင်မှား ဖြစ်လိုက်သေးသည်။ ဒါပေမယ့် လူလေး ကြည်ပါသည်။ တောသူတောင်သားများဖြစ်သော အဘတို့ လင်မယားသည် ထာဝရ ရိုးသားဖြောင့်သူများ ဖြစ်သည်ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . တွေ့ပြန်ပြီ လူလေးရေ"

အဘက သစ်တိုပင်ကြီးတစ်ပင်ကို မော့ကြည့်ရင်း ပြောလိုက်သည်။

"ဘာလဲ အဘ"

သူ အဘအပါး ရပ်လိုက်သည်။ အဘ မျက်လုံးသွားရာသို့ သူ လိုက်ကြည့်သည်။

အဖြူရောင်သစ်ခွများ။

"မယ်ချောက ပန်းဆိုရင် အဖြူမှ ကြိုက်တယ်လေကွယ်"

အဘသည် သူ၏ကျောင်းသွားဖော်၏ နှစ်သက်သော ပန်းပင်ကို အရယူကာ ပေးဆက်ချင်နေသည်။ ခါးတောင်း မြှောင်အောင် ကျိုက်ကာ တက်ဟန်ပြင်သည်။ ထိုးကွင်းမင်ကြောင် ထိုးထားသော အဘပေါင်ရင်းကိုလည်း ယခုမှ သတိထားမိသည်။

"အဘ"

မောဟိုက်မှုကို ထိန်းချုပ်ပြီး သူခေါ်လိုက်သည်။

"နေစမ်းပါ လူလေး၊ မင်း သိပ်မောနေတယ်၊ အဘအတွက်က ထမင်းစားရေသောက်တာကမှ ခက်သေးတယ်၊ သစ်ပင်တက်တာက ပိုလွယ်တယ်ကွ"

ပြောပြောဆိုဆို အဘက ပေါ့ပါးစွာ တက်သွားလေသည်။ လူလေး တက်သည်တုန်းကမှ အပန်းတကြီး ရှိသေးသည်။ အဘ တက်သည်က တောတွင်းတာဇံပမာ ရှိချေသည် ထင်ပါသည်။ အဘသည် မောရပန်းရမှန်းမသိ။ သူ၏ကျောင်းသွားဖော်အတွက် ပန်းအုံကို အသာထွင်းခွာထုတ်ကာ သူ့ထံသို့ ပစ်ချပေးလိုက်ရန် သူပြောသော်လည်း အဘသည် မပစ်ချ၊ လက်တစ်ဖက်မှ ကိုင်ကာ ဆင်းခဲ့





လေသည်။

"မယ်ချောက ဘုရားပန်းဆိုရင်လဲ ဖြူမှကြိုက်တယ် လူလေးရဲ့"

အဘက မလုံမလဲ ပြောလိုက်သည်။ အဘနှင့်အမေ၏ ချစ်ခြင်းမေတ္တာတရားကို သူ မလှောင်ရက်ပါ။ မသိကျိုးနွံ ပြုထားလိုက်ပြီး အဘ ခုတ်ထားသော သစ်လုံးများကို စုစည်းကာ ကြိုးနှင့် ချည်နှောင်ရန် ကြိုးစားလိုက်သည်။

"ဖယ်. . . လူလေး၊ မင်း မချည်တတ်ပါဘူး"

လူလေး ဖယ်ပေးလိုက်သည်။ အမှန်တကယ်ပင် အဘတဲ့သို့ သူ မချည်နှောင်တတ်ပါချေ။ အလေ့အကျင့်သည် စကားပြောသည် ထင်ပါသည်။ ထို့ကြောင့် ကျွမ်းကျင်ရာလိမ္မာ ဟူသော စကား ဖြစ်ပေါ်လာခြင်းဖြစ်မည်။

လူလေး အဘ ကြိုးချည်နည်းကို ကြည့်ရင်း အဘ ခူးထားသော ပန်းအုံများကိုပါ သူ သတိပြုမိလိုက်သည်။ အဘတို့အရွယ်တောင် သူ့ကျောင်းသွားဖော်အတွက် ပန်းပေးချင်သောဆန္ဒ ရှိနေပါသေးလျှင် သူကဲ့သို့သော လူငယ်တစ်ဦးအတွက်တော့. . .

"လူလေး"

"· · · · ·"

အဘက ထူးသံမကြားသော လူလေးကို လှည့်ကြည့်လိုက်သည်။ လူလေးသည် သူ့အပါး၌ ကပ်လျက် တည်ရှိနေသည်။ သို့သော် လူလေးမျက်လုံးများက အဘ ခူးချထားသော သစ်ခွအုံသို့ ရောက်ရှိနေသည်။ ထို့အတူ လူလေး၏စိတ်သည်လည်း ပန်းနှင့်အတူ လိုက်ပါလွင့်ပါးနေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘ သက်ပြင်းချလိုက်သည်။ တက္ကသိုလ်ကျောင်းသား အရွယ် မြို့ကြီးသား လူငယ်ကလေးအတွက် သူ့မှာ တာဝန်ရှိသည်။ သက်ဆိုင်ရာ မိဘအုပ်ထိန်းသူများက ပူပန်နေပေလိမ့်မည်။

"လူလေး"

လူလေးကို အဘက ပခုံးပုတ်ကာ ခေါ်လိုက်သည်။

"ဗျာ"

လိမ္မာယဉ်ကျေးသော လူလေးကို အဘတို့ ချစ်နေကြပြီ။ ကလေးတစ်ဦးကဲ့သို့ အဘအား ပြုံးတူးကြောင်တောင်နှင့် ကြည့်လိုက်သည်။

"ပြန်ကြရအောင်"

"ဟုတ်ကဲ့ အဘ"

အဘ သက်ပြင်းချလိုက်သည်။ အဘသည် သစ်လုံးစည်းကို ရှေ့မှ ထမ်းသည်။ လူလေးက နောက်မှ ထမ်းသည်။ အဘက လက်တစ်ဖက်၌ သူ၏ကျောင်းသွားဖော်အတွက် သစ်ခွအုံကြီး ပါလာလေသည်။

"နိုင်ရဲ့လား လူလေး"

"နိုင်ပါတယ် အဘ"

လူလေး ပခုံးသားတွေ ကျိန်းစပ်နေလေပြီ။ သို့သော် အဘကို ကြည့်ကာ သူ့၌ အားမာန်တွေ အလိုလို တက်လာသည်။ အဘ၏ အသက်သည် သူ၏အဘိုးအရွယ်လောက် ရှိနေပြီ။

အဘ၏အသားစိုင်များသည် မာ၍ ကျစ်လျစ်နေသည်။ သွားများသည်လည်း အကောင်းပကတိပင် ရှိသည်။ ထို့အတူ အမေသည်လည်း ရွတ်ရွတ်တွတ်တွတ် ခါးကိုင်းကိုင်း အဘွားအိုအဖြစ်သို့





မရောက်ရှိသေး။

"အဘ"

"ဟေ. . . မောပြီလား လူလေး"

"မဟုတ်ဘူး. . . မေးမလို့"

"ဘာများလဲကွ"

"အဘ အသက်ဘယ်လောက်ရှိပြီလဲ"

"ခုနစ်ဆယ် ပြည့်ပြီးပြီ"

လူလေး အံ့အားသင့်သွားသည်။

"အမေကော"

"အတူတူပဲ. . . အဘတို့က ငယ်သူငယ်ချင်းတွေ၊ မယ်ချောက အဘထက် တစ်လနဲ့ဆယ့်တစ်ရက်ပဲ ကွာတယ်"

လူလေး ပြုံးလိုက်မိသည်။ အဘတို့သည် သူငယ်မပြန်သေးသည့်အပြင် ကျန်းမာသန်စွမ်းလျက် မှတ်ဉာဏ်အားလည်း ကောင်းနေသည်။

လူ့လောက၌ အသက်ရှည်ခြင်းအပေါ်၌ ကျန်းမာသန်စွမ်းစွာ နေနိုင်ခြင်းသည်လည်း ကုသိုလ်တစ်မျိုးဖြစ်သည် ထင်ပါသည်။

"ရောက်တော့မယ် လူလေး. . . မောပြီလား"

"မမောပါဘူး အဘ"

"ဒါဖြင့် လှည်းရောက်မှ နားတော့"

"ဟုတ်ကဲ့"

လူလေး၏ 'ဟုတ်ကဲ့' ဟူသောစကားကို အဘ အလွန်သဘောကျနေသည်။ ဖွဲ့ရှိသော လူကလေးဖြစ်သည်။ ကျေးလက်တောတန်းစားမှ ပေါက်ဖွားလာသောသူသာ ဖြစ်လျှင် မြို့သို့များသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု အဘတို့ သိနေသည်။ လူလေး၏အသားအရေ နူးညံ့မှု၊ ဖြူဖွေးကာ သွေးရောင်လွှမ်းနေမှု၊ လက်ဖဝါးလေးများမှာ ဖွေးဥကာ ရဲနေခြင်းတို့က လူလေး၏ဘဝကို ဖော်ပြနေသည်။ ဘာမှ လုပ်ကိုင်ခဲ့ပုံမရချေ။

အမေက လည်တဆန့်ဆန့်ဖြစ်နေသည်။ အနားရောက်လာသည်နှင့် လှည်းပေါ် တင်ရန် လူလေးဘက်မှ ဝိုင်းကူ ဖေးမပေးလေသည်။

"လူလေး. . . ရေသောက်လိုက်ဦး၊ ငှက်ပျောသီးလဲ ရှိတယ်၊ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်လေးလဲ အမောပြေ စားလိုက်ဦး"

လူလေး. . အမေ့ကို စကားပြန်မပြောနိုင်သေးချေ။ ဟိုက်နေသည်။ ပြင်းထန်သော အသက်ရှူသံသည် သူ့အား ခြောက်လှန့်လျက်ရှိသည်။

မြက်ခင်းပေါ် သို့ လှဲချကာ ပြာလွင်နေသော ကောင်းကင်မိုးသားကို တွေ့မြင်လိုက်သည်။ ကောင်းကင်ကြီးကတော့ သစ္စာတရား ပြည့်ဝစွာဖြင့် လူသားများကို အုံ့မိုးကာ ကရုဏာအပြည့်နှင့် လူလေးအား ငုံ့ကြည့်နေသည်။

"လူလေး"

"ဗျာ"

"ရော့. . . ရေသောက်လိုက်"

အမေသည် ဘူးသီးခြောက် ရေဘူးထဲမှ ရေကို ပြောင်လက်နေသော အုန်းမှုတ်ခွက် ရေခွက်ဖြင့် ငှဲ့ကာ သူ့အား တိုက်သည်။

လူလေး ယူသောက်လိုက်သည်။





ရင်တွင်း စိမ့်ဝင်ကာ အေးမြသွားသည်။ အံ့ဩဖွယ်ရာ ကောင်းလွန်းလှသည်။ အမောဟူသမျှတို့သည် ယူပစ်လိုက်သကဲ့သို့ တင်းစင်သွားသည်။ မေတ္တာသည် အရာရာကို အောင်မြင်တတ်သည်။ သို့သော် တဒင်္ဂမျှသာ ဖြစ်ပေလိမ့်မည်ဟု လူလေး ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



**မျက်နှာသည် စိတ်၏ကြေးမုံ မှန်ပြင် ဖြစ်သည်။**

**The face is the mirror of the soul.**

# အခန်း (၃)

"လူလေးရေ"

"ဗျာ. . . အဘ"

"လူလေးမှာ နိုင်ငံသားကတ် ပါလာသလား"

"နိုင်ငံသားကတ် ဟုတ်လား"

"အေးလေ. . . နိုင်ငံသားကတ် ပါရင် အဘ ဧည့်စာရင်း သွားတိုင်ထားမလို့"

လူလေး ဖေခွေးပြန်လာသည်။ သူနှင့်အတူပါလာသော ခရီးဆောင်အိတ်ကို ဟိုရှာဒီရှာ လုပ်သည်။ အဘ သနားလာသည်။





"ဒါဖြင့် နံပါတ်ကော မှတ်မိသလား"

"အဘ. . . ဒါထင်တယ်"

လူလေးသည် အမျိုးသားမှတ်ပုံတင်ကတ် အဟောင်းလေးကို ထုတ်ပေးသည်။

"လူလေးနဲ့တော့ ဆင်တယ်. . . မှတ်ပုံတင်ကတ်ပဲ၊ ပြင်ဦးလွင်မြို့ လိပ်စာနဲ့ပါလား၊ ပြင်ဦးလွင်မှာပဲ လုပ်တဲ့မှတ်ပုံတင်ပဲ၊ လူလေးက ပြင်ဦးလွင်မှာ နေတာလား"

"ဗျာ. . . ပြင်ဦးလွင်"

"အင်း. . . တောင်ပေါ်မြို့လေးတစ်မြို့ပေါ့၊ သိသလား လူလေး"

လူလေး ခွေးများ ပြန်လာသည်။

လူလေး၏မှတ်ပုံတင်ကတ်ကို ယူကာ အဘသည် စူးစမ်းမှု ပြုနေသည်။

"ဟင့်အင်း. . . ကျွန်တော် မသိပါဘူး အဘ"

"နိုင်ငံသားကတ်ကော ပါလားလို ပါလာခြား ရှာကြည့်ပါဦးလား လူလေး"

လူလေးသည် အိတ်ကို ဟိုစမ်းဒီစမ်း ပြုလုပ်ပြန်သည်။ အဘက ညှိုးနွမ်းကာ သနားစရာကောင်းသော လူလေးမျက်နှာကို ငေးကြည့်ရာမှ စိတ်မကောင်းဖြစ်သွားသည်။

"လူလေး"

". . . . ."

လူလေးက သနားစရာမျက်လုံးဖြင့် အဘအား ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရှာနဲ့တော့"

"ဘာဖြစ်လို့လဲ အဘ"

"လူလေး ခြေ့စာရင်းတိုင်ပြီး ဒီမှာနေသွားနိုင်သရွေ့ နေလို့ရတယ်၊ ဒါပေမယ့် အဘတို့က လူလေးကို ဒီလိုထားရင် လူလေးအပေါ် မတရားရာများ ရောက်နေမလားလို့လဲ စိုးရိမ်မိတယ်"

"ဘာဖြစ်လို့လဲ အဘ"

"လူဆိုတာ ကိုယ့်ဘဝရဲ့အကြောင်းကိုတော့ သိသင့် သိထိုက်တယ်၊ လူလေးက ဘာမှမသိဘူးဆိုတော့ အရူးတစ်ယောက်လို ဘဝအတွက် အဓိပ္ပါယ်မရှိတဲ့ လူသားဖြစ်နေမှာပေါ့၊ မဟုတ်ဘူးလား လူလေး"

လူလေး ခေါင်းငိုက်စိုက်ကျသွားသည်။

"အဘတို့ မနက်ဖြန် မြို့တက်ကြမယ်၊ အဲဒီအခါ လူလေးလဲ လိုက်ခဲ့ကွ၊ ဆေးရုံမှာ ဝင်ပြီး လူလေးရောဂါအတွက် စမ်းသပ်ရအောင်"

လူလေး ခေါင်းမဖော်နိုင်တော့ချေ။ ကိုယ်လက်တွေလည်း ကိုက်ခဲလျက်ရှိသည်။

"လူလေးနာမည်က မှတ်ပုံတင်အရဆိုရင်တော့ မင်းထက်တဲ့၊ ဟုတ်လား လူလေး"

"လူလေးကို လူလေးလို့ပဲ မှတ်ထားလိုက်ပါ အဘ၊ ဒါမှ လူလေး အဘတို့ဆီမှာ ကြာရှည်စွာ နေသွားနိုင်လိမ့်မယ်"

လူလေး ထိုစကားစုကိုသာ ပြောပြီး အဘအပါးမှ ထွက်ခဲ့လေသည်။ အဘ အိမ်ရှေ့ကွပ်ပျစ်၌ သူ ပစ်လှဲလိုက်သည်။ အုပ်ဆိုင်းနေသော မန်ကျည်းပင်ကို ကျော်လွန်ကာ ထွက်ပေါ်လာသည့်





လမင်းကို သူငေးကြည့်မိသည်။

လောကကြီး၌ နေထိုင်ချင်စိတ်ကုန်ခန်းသွားသည်။ ညောင်းညာကာ ကိုယ်လက်ကိုက်ခဲ ခြေကုန်လက်ပန်းကျမှုကြောင့် လူလေး မျက်လုံးတို့ကို အနားပေးလိုက်သည်။ အမှောင်ထုသည် လူလေးအား ဆွဲခေါ်သွားလေသည်။ တိတ်ဆိတ်ကာ လှုပ်ရှားမှုအသံမကြားသဖြင့် လူလေးထံသို့ အဘထွက်ခဲ့သည်။

လူလေးသည် တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းနေဆဲ။

"လူလေး"

". . . . ."

လူလေးထံမှ အသံမထွက်သဖြင့် အနားသို့ ကပ်ကြည့်လိုက်သည်။ မျက်လုံးကို မှိတ်ကာ အသက်မှန်မှန်ရှူကာ အိပ်မောကျနေသော လူလေးကို တွေ့လိုက်ရသည်။ ကွပ်ပျစ်ပေါ်၌ အင်ဖက်မိုးထားသဖြင့် လူလေးအတွက် မစိုးရိမ်ရဘူးဟု အဘ ယုံကြည်သည်။ အဘယ့်ကြောင့်ဆိုသော် သူကိုယ်တိုင်လည်း ဤကွပ်ပျစ်လေး၌ အိပ်နေကျဖြစ်သည်။

သို့သော် လူလေးအိပ်၍ ဖြစ်မှဖြစ်ပါ့မလားဟု တွေးလိုက်မိသော်လည်း မနိုးရက်သဖြင့် တဲထဲ ပြန်ဝင်ကာ ခေါင်းအုံး၊ စောင်နှင့် ခြင်ထောင်ကို ယူထွက်ခဲ့သည်။

လူလေး ခေါင်းကို အသာမ,ကာ ခေါင်းအုံးထိုးပေးလိုက်သည်အထိ လူလေး မနိုးပေ။ ပင်ပန်းသွားရှာသည်ဟု တွေးမိကာ စိတ်မကောင်းဖြစ်မိသည်။

အညာချည်စောင်လေး လွှမ်းခြုံပေးလိုက်သည်။ ပြီးနောက် ခြင်ထောင်,ထောင်ပေးလိုက်သည်။ သူတို့လင်မယားဘဝအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ရောက်လာသော လူကလေးသည် မမျှော်လင့်ဘဲ ပြန်ထွက်သွားမှာကို သူတို့ စိုးရိမ်နေကြသည်။

အတိတ်ရှေးရေစက်ပါပဲဟု အဘ သဘောပေါက်လိုက်မိသည်။ လူလေး စိတ်ချမ်းသာသလို နေပါစေတော့ဟု အဘ ဆုံးဖြတ်ချက် ချလိုက်သည်။





အချစ်နှင့်မီးခိုးတို့ ဖုံးကွယ်၍မရ။

Love and smoke cannot be hidden.

# အခန်း (၄)

"ကေကေ. . . ကေကေ"

လူလေး ညည်းညူနေသည်။ ချစ်ချစ်တောက် ပူနေသော လူလေးကို မဒဲမြင့်မိုရ်ဆေးမှုန့်နှင့် ကွမ်းရွက်ပြုတ်ရည်ကို တိုက်လိုက်သည်။

ညက လေစိမ်းတိုက်ကာ ဖျားသွားသည် ထင်သည်။ နှုတ်မှလည်း ကယောင်ကတမ်း ညည်းညူသည်။

"လူလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကေကေ. . . မလာနဲ့. . . မောင့်ဆီ မလာနဲ့၊ သွား. . . သွား"

ဖေဖေလား မေမေလား မပီမသဖြစ်နေသော လူလေး၏ နှုတ်ထွက်အသံကို အဘ ခုမှ သဘောပေါက်သွားသည်။

'ကေကေ' တဲ့။ လူလေးသည် သူ၏ချစ်သူမိန်းကလေးကို မသိစိတ်မှ စွဲလမ်းနေခြင်းကြောင့် ကယောင်ကတမ်း ပြောဆိုနေခြင်းဖြစ်သည်။

"ကိုဖိုးထော်. . . လူလေး ချွေးထွက်ရဲ့လား"

အမေက ချက်ပြုတ်နေရာမှ စိတ်မဖြောင့်စွာဖြင့် ထွက်လာပြီး အဘကို လှမ်းမေးသည်။ အဘက လူလေးနဖူးနှင့် လည်ပင်းကို စမ်းကြည့်ကာ. . .

"စို့လာပြီဟဲ့"

"ဟင်း. . . တော်ပါသေးရဲ့"

"ချွေးထွက်ရင်တော့ ကိုယ်ပူကျသွားမှာပါ"

"အင်း"

"ဒီလိုဆိုရင် ကျုပ် မြို့သွားလို့ ဖြစ်ပ့ါမလား"

"သွားလိုက်ပါဦးတော်. . . အိမ်ကိုလဲ ဝင်လိုက်ဦး၊ ပြီးတော့ သတင်းစာလဲ ယူခဲ့ဦး၊ လူလေးအတွက်. . ဟို. . ကြာဇံထုပ်၊ ခေါက်ဆွဲထုပ်ဖြစ်ဖြစ် ဝယ်ခဲ့၊ လူလေး ဆန်ပြုတ်ချည်း သောက်နိုင်မယ် မထင်ဘူး"

"အေး. . အေး. . ဒါဖြင့် ကျုပ် အခုချက်ချင်း သွားပြီး ပြန်လာမယ်၊ ထွေးညိုကို လွှတ်လိုက်မယ်၊ ညည်းနဲ့ အဖော်ရအောင်"

"မလွှတ်နဲ့တော့"





"ဘာဖြစ်လို့လဲ"

"ကောင်မက မျက်နှာရှူးရယ်၊ ကျုပ်သား လူလေးကို ငန်းကြောထနေတာ၊ ကျုပ်သားအချောအလှနဲ့ တန်သလား မတန်သလား မသိ"

"အေး. . . အေး. . . ဒါဖြင့်လဲ မလွှတ်တော့ဘူး၊ သစ်လာဝယ်မယ့်သူတွေ ရှိရင် တစ်ခါတည်း ခေါ်ခဲ့လိုက်မယ်"

"တော့်သဘောပဲ"

လူလေးနားထဲ အသံအားလုံး ကြားနေရသည်။ လူလေး အနည်းငယ် နေသာထိုင်သာ ရှိလာသည်။

"ဟဲ့. . . ဖေ့သားတို့ သွားကြစို့"

နွားများကို မောင်းထွက်သွားသော အဘ၏ကရုဏာမေတ္တာသံသည် သူ့ရင်တွင်း၌ ချမ်းမြေ့စွာ ခံစားလိုက်ရသည်။ လောက၌ ကံအဆိုးဆုံး လူသားအပေါ်မှာမူ ကံကောင်းခြင်းတရားလေးများက ရှေ့မှ ခံပေးနေသည် ထင်ပါသည်။

"လူလေး"

လူလေး ခေါင်းထောင်လိုက်သည်။ အမေက သူ့အား ဆောင့်ကြည့်နေပါလား။

"ဘာလုပ်မလို့လဲ လူလေး"

"ရေ. . ."

"ဩော်. . . ဒီမှာ ကွမ်းရွက်ပြုတ်ရည်တွေ အအေးခံထားတယ်၊ အဲဒါလေးပဲ သောက်လိုက် လူလေး"

"ဟုတ်ကဲ့"

အမေကမ်းပေးသော မတ်ခွက်ထဲမှ ကွမ်းရွက်ပြုတ်ရည်ကို



www.burmeseclassic.com

www.burmeseclassic.com



လူလေး အငမ်းမရ သောက်သည်။

"အမေ ဆန်ပြုတ်ပြုတ်ထားတယ်၊ သောက်မလား လူလေး"

လူလေး ဝမ်း၌ ဟာနေသည်။ နေသာ မကောင်းသည်။ ဗိုက်ကတော့ ဆာလောင်နေသည်။ အမေ ယူလာပေးသော ဆန်ပြုတ်ဇလုံ အငွေ့တထောင်းထောင်းနှင့် ငါးရံ့ခြောက်ဖုတ် ရဲရဲလေးကို ဆီဆမ်းထားသည်မှာ မွှေးနေသည်။

လူလေးအနီး စားပွဲဝိုင်း ချပေးကာ အမေက တင်ပေးသည်။

"သောက်. . လူလေး၊ အပုပ်ချွေးတွေ များများထွက်သွားရင် လူလေး နေကောင်းသွားမှာ"

"ဟုတ်ကဲ့ အမေ"

လူလေးသည် အမေ၏ဆန်ပြုတ်ကိုလည်း ခံတွင်းတွေ့လေသည်။ တစ်ဇလုံလုံး ကုန်အောင် သောက်နိုင်သည်။ ချွေးများထို မျက်နှာသုတ်ပဝါနှင့် သုတ်ကာ အပေါ်သွားပြီး အဝတ်လဲလိုက်သည်။ အမေက သူ၏အဝတ်များကို ကောက်ယူလိုက်သည်။

အမေ လျှော်တော့မည်။ လူလေး ရင်ထဲ ကြေကွဲကာ ကြွက်သီးမွေးညင်းကလေးများ ထောင်ထသွားသည်အထိ ခံစားလိုက်ရသည်။

"အမေ မလျှော်နဲ့၊ လူလေး နေကောင်းမှ လျှော်မယ်"

"မဟုတ်တာ လူလေးရယ်၊ လူလေးမှ နေမကောင်းသဲကိုင်း. . . ဆေးတစ်ခွက် ထပ်သောက်လိုက်"

"ဟုတ်ကဲ့ အမေ"





လူလေးသည် အမေထပ်တိုက်သော ကွမ်းရွက်ပြုတ်ရည်နှင့် မဒဲမြင့်မိုရ်ကုန်းဆေးကို သောက်လိုက်သည်။ အမေတိုက်သောဆေး၏အာနိသင်ထက် အမေ၏မေတ္တာတန်ခိုးကြောင့် သူ့အဖျားသည် ပျောက်ကင်းသွားခြင်းဖြစ်မည်ဟု သူယုံကြည်သည်။

"တစ်အောင့်နေရင် တရေးပြန်အိပ်လိုက် လူလေး"

"ဟုတ်ကဲ့"

လူလေး၏ ထို 'ဟုတ်ကဲ့' လေးကို သူတို့လင်မယား ချစ်နေကြသည်လည်း ပါသည်။ လူလေးသည် သူတို့စကားကို ရောက်သည့်နေ့ရက်အတွင်း လုံးဝငြင်းဆန်သည်ဟု မကြားရသေးပေ။

"လူလေး"

"ဗျာ"

"ကေကေ ဆိုတာ ဘယ်သူလဲ"

လူလေးမျက်နှာသည် သိသိသာသာ မျက်သွားသည်။ ညှိုးနွမ်းသွားသည်ဟု ဆိုလျှင် ပိုမှန်မည်။ အမေသည်လည်း ငယ်ရာမှကြီးလာသူဖြစ်ခြင်းကြောင့် လူငယ်တို့၏ခံစားမှု မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်တတ်သည်။

"လူလေး မမှတ်မိဘူး အမေ"

လူလေး ညာနေတာလားဟု အမေ တွေးကြည့်မိသည်။ အကြောင်းတစ်ခုခုကြောင့် လူလေး ညာနေခြင်းဖြစ်မည်ဟု အဘ ညက သူမအား တိုးတိုးတိတ်တိတ် ပြောသည်။

ဥပဒေနဲ့ မလွတ်ကင်းတဲ့ဖြစ်မှုတစ်ခုခုကို ကျူးလွန်မိခဲ့သလားဟု အဘနှင့်အမေ တွေးမိသော်လည်း ထိုအမေးကို သူတို့နှစ်ဦးစလုံး ပြန်လက်မခံခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



လူလေးမျက်နှာသည် ထာဝရ ရှိုးသားကာ အပြစ်ကင်းစ
နေသည်။ လူလေးမျက်နှာ၌ အကောက်အကျစ် လုံးဝမရှိ။ မာန်မာ
၏အရိပ်အယောင်လည်း မတွေ့ရ။

ထို့ကြောင့် လူလေးသည် ဥပဒေနှင့် ပတ်သက် မလွတ်
ကင်းသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်မိ၍ ရှောင်တိမ်းကာ ဇာတ်
မြှုပ်လာနေခြင်း မဟုတ်ဟု သူတို့လင်မယား ယုံကြည်သည်။

အချစ်နှင့် ပတ်သက်ပေလိမ့်မည်ဟု အမေ ယုံကြည်သွာ
သည်။ အဘယ့်ကြောင့်ဆိုသော် လူလေးသည် အဖျားကြီးက
ကယောင်ကတမ်း ပြောနေသည့်အချိန်၌ 'ကေကေ' ဟူသောအမည်
ကို ပါးစပ်ဖျား၌ မချခဲ့ခြင်းကြောင့်ဖြစ်သည်။

အမေသည် အဝတ်အစားများကို ရေတွင်းနံဘေး ပျဉ်
ကြီးပေါ်၌ ဆပ်ပြာတိုက်စဉ် . . .

"ဟင်"

လူလေးအင်္ကျီ၌ မာခေါက်ခေါက်အရာတစ်ခု စမ်းသပ်မိ
ထုတ်လိုက်သည်။ ပလတ်စတစ် လောင်းထားသော ဓာတ်ပုံလေ
တစ်ပုံ။

"ဟင်"

မိန်းမချောလေး၏ဓာတ်ပုံ။ လူလေးနှင့် အင်မတန် လိုက်
မည့် ရုပ်ရည်ပါပဲ။

နောက်ကျောကို ကြည့်လိုက်သည်။

မောင် . . .

တိုယ်ဝ့်ပုံတိုတိုယ် မနာလို ဖြစ်အောင် မလုပ်မိစေနဲ့နော်

ကေ





အမေတစ်ယောက်တည်း သဘောကျစွာ ပြုံးရယ်လိုက်မိ
သည်။ တော်ပါသေးသည်။ ပလတ်စတစ် လောင်းထားသောပုံ ဖြစ်
နေ၍ မပျက်စီး။

ပုဆိုးပိုင်းနှင့် စိုနေသော ရေစက်များကို သုတ်လိုက်ပြီး
လူလေးထံသို့ သွားလိုက်သည်။

"ဟောတော့"

လူလေးသည် နှစ်ခြိုက်စွာ အိပ်မောကျနေလေပြီ။

လူလေး အိပ်ရာနံဘေး ဓာတ်ပုံလေးကို ချထားလိုက်သည်။
လူလေး၏နှလုံးသည်းပွင့်ကလေး၊ လူလေးအနား ထာဝရ ရှိနေပါ
စေလေ။



www.burmeseclassic.com

www.burmeseclassic.com



ဤလောကတွင် လူသားများ ခံစားရသော ပျော်ရွှင်မှုတို့
လောကီစည်းစိမ်များမှ ရရှိခြင်းမဟုတ်။
ဝေဒနာမှ ကင်းလွတ်ခြင်းမှ ရရှိခြင်းဖြစ်သည်။

For all the happiness mankind can gain.
Is not in pleasure, but in rest from pain.

# အခန်း (၅)

"လူလေးနဲ့ ပတ်သက်မယ်ထင်တဲ့ သတင်းတွေ ပါလာတယ်"

လူလေးက အဘကို ကြောင်စီသောမျက်လုံးနှင့် ငေးကြည့်လိုက်သည်။

"ဖတ်ကြည့်ပါဦး လူလေး"

လူလေး ခေါင်းခါလိုက်သည်။ အဘအပါးမှ ထွက်ခဲ့သည်။

အဘသည် ပါးစပ်အဟောင်းသား ကျန်ရစ်ခဲ့သည်။ စဝ်း





သုံး ကောက်နေသော အမေက ဆန်ဗန်းကို အသာချကာ အဘထံသို့ လျှောက်ခဲ့ပြီး သတင်းစာကို လှမ်းယူလိုက်သည်။

"ဘယ်မှာလဲ. . . ဘာသတင်းလဲ"

"ဒီသတင်း"

"သားငယ် မင်းမင်း. . . ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ တစ်အိမ်သားလုံး စိုးရိမ်ပူပန်နေကြသည်တဲ့၊ ယုဇနမြိုင်သံလွင်လမ်း ဗဟန်း ဆိုပါလား"

"နောက်တစ်ခု ရှိသေးတယ်"

"ဘယ်မှာလဲ"

"အဲဒီသတင်းအောက်ကလေ"

"မင်းမင်း အမြန်ပြန်လာပါ. . . ကေကေတဲ့. . . ဟင်း၊ ဘုတ်ပါပြီ. . . လူလေးကို ခေါ်နေတာပဲ ဖြစ်ရမယ်၊ တော် ဘာလုပ်ချင်သလဲ"

အဘက သက်ပြင်းချလိုက်သည်။ လူလေးသည် ကွပ်ပျစ်တွင် ထိုင်ကာ အသာနားစွင့်နေလိုက်သည်။ ရင်ခုန်ကာ မောဟိုက်လာသည်။

"လူလေး ခွင့်ပြုချက် မရဘဲ ကျုပ် ဘာမှ မလုပ်ချင်ပါဘူးမယ်ချောရာ"

လူလေး သက်ပြင်းချလိုက်သည်။

သူ နားခိုချင်သောနေရာလေး၌ ဆက်လက်နားခိုခွင့် ရနေဦးမှာပါလား။

အဘနှင့်အမေကို အရမ်းကျေးဇူးတင်သွားသည်။ လူလေး ပြန်ဝင်လာသည်။ အဘနှင့်အမေ့ထံမှ မျက်လုံးအစုံ လူလေးထံ



www.burmeseclassic.com

www.burmeseclassic.com



စုပြုံရောက်လာသည်။

"အဘနဲ့အမေ"

"ဘာလဲ လူလေး"

"ဆို"

"ကျွန်တော့်ကို စိတ်ချပါ။ ကျွန်တော် လူကောင်းပါ။ အဘတို့အပေါ် ဖွင့်မပြောနိုင်တဲ့ ခံစားချက်ဝေဒနာတစ်ရပ်ကြောင့် ကျွန်တော့်ဘဝကို လာရောက်မြှုပ်နှံတာပါ။ ကျွန်တော့်မိဘတွေနဲ့လဲ မတွေ့ချင်ဘူး။ ချစ်သူနဲ့လဲ မတွေ့ချင်ဘူး၊ ကျွန်တော် မင်းထက် မဟုတ်ဘူး၊ မင်းထက်က သေလူပါ ၊ ကျွန်တော်. . . ကျွန်တော် အဘတို့အမေတို့ရဲ့သား လူလေးပါ။ ကျွန်တော် ဒီမှာပဲ နေပါရစေ"

လူလေးသည် မျက်ရည်တွေ စီးကျရင်း အဘနှင့်အမေရှေ့၌ မျက်နှာကို လက်ဝါးနှင့် အုပ်ကာ ငိုချလိုက်လေသည်။

အမေက ဝမ်းနည်းလွယ်တတ်သော မိန်းမသားတို့၏ ညာဉ်အတိုင်း သူမပါ လိုက်ငိုလေသည်။ အဘကတော့ စိတ်ခံတတ်ကြံ့ခိုင်မှု ရှိသော ယောကျ်ားသား ပီသစွာဖြင့်. . .

"လူလေး ဒီလောက် ကြေကြေကွဲကွဲ ငိုရလောက်အောင် ဘာတွေများ ဒုက္ခတွေ့ခဲ့သလဲဆိုတာ အဘတို့ကို ပြောပြလိုက်ပါလား၊ အဘတို့ ဝိုင်းစဉ်းစားပေးမယ်၊ ဖြေရှင်းစရာရှိရင် ဖြေရှင်းပေးမယ်လေကွာ"

လူလေး ခေါင်းခါယမ်းလိုက်သည်။ လူလေး၏မျက်နှာလေး နီရဲနေသည်။ နှာသီးဖျားလေးကအစ နီရဲပုံမှာ ကလေးတစ်ယောက်နှင့်ပင် တူနေလေသည်။ လူလေးအပေါ် သနားဂရုဏာစိတ်များက ပိုမိုလာသည်။





"အေး. . . ဒါဖြင့် လူလေး စိတ်ချမ်းသာသလို နေပါ၊ အဘတို့ ဘာမှ မမေးတော့ဘူး"

လူလေးမျက်နှာလေး ပြုံးယောင်သန်းသွားသည်။ သို့သော် လူလေးမျက်လုံးက လိုက်မပြုံးချေ။

"အဘ"

"ပြောလေကွာ. . . ပြော"

"ဒီအိမ်ကို ဘာဖြစ်လို့ ရောင်းမှာလဲ"

"မိုးကုန်သွားမှပါကွာ. . . ဝယ်တဲ့လူရှိရင် တိုင်ကအစ ချွတ်ရောင်း၊ မိုးမတိုင်မီ ပြန်ဆောက်၊ မိုးကုန်ရောင်းနဲ့ ဒီလိုပဲ လုပ်နေကြတာပဲကွ"

"ဟုတ်လား အဘ၊ ဒါဖြင့် ထပ်ဆောက်ဦးမှာပေါ့"

"အေးလေကွာ. . . ဒီရာသီတော့ အဘတို့ မြို့ပြန်နားမယ်"

"မြေပဲတို့ဘာတို့ မစိုက်တော့ဘူးလား"

"စိုက်မယ့်လူတွေကို မြေပဲပေးနဲ့ ငှားလုပ်လိုက်တယ်ကွာ"

"ဒီလိုဆိုရင် အဘတို့ မြို့ကအိမ် ပြန်နေကြမယ်ပေါ့"

"ဟုတ်တယ် လူလေး၊ အဲဒီမှာ စပါးကျီတွေ ရှိတယ်၊ တာဝန်ကျေ စပါးရောင်းပြီးရင် ဆန်ဝယ်သူတွေ၊ စပါးဝယ်သူတွေကို ဝမ်းစာအတွက် ချန်ပြီး ရောင်းရဦးမယ်၊ နောက်ပြီး ပဲနောက်ကလေးဘာလေး လှောင်ထားတာတွေလဲ ရောင်းရဦးမယ်. . . သစ်တွေတောပေါ့ကွာ"

"အဘတို့ အရမ်းအလုပ်လုပ်တာပဲ၊ နှစ်ယောက်စာအတွက် ဒီလောက်တောင် အလုပ်လုပ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လုပ်တာ ကျန်းမာတယ်၊ အသက်ရှည်တယ်ကွ၊ လုပ်နိုင်သရွေ့ လုပ်ထားပြီး အိုနာစာအတွက် စုထားရတယ်၊ သံသရာအတွက်လဲ အလှူဒါန ပြုလုပ်ပြီး တရားဘာဝနာ ပွားများအားထုတ်ချိန်အတွက် နောက်ဆံမတင်းရအောင် ရှာဖွေနိုင်သရွေ့ ရှာဖွေထားတာပဲ လူလေး၊ အဘတို့ ဘိုးဘွားမိဘတွေလဲ ဒီလိုပဲ လှုပ်လှုပ်ရှားရှား သွားသွားလာလာကနေ သေမှပဲ နားကြရတယ်၊ ရောဂါကြီးကြီးမားမားရယ်လို့ မဖြစ်ကြဘူး၊ လူနာပြုစုရလို့ ငြီးငွေ့ခြင်း အသံ မကြားလိုက်ရဘူးပေါ့ကွာ"

လူလေးသည် အဘစကားကို မျက်ရည်ရစ်ဝဲသော မျက်လုံးအစုံဖြင့် အကြောင်သား ငေးကြည့်ကာ နားထောင်နေလေသည်။

အမေက အဘပေါင်ကို လက်နှင့် ကုတ်ကာ လူလေးကို မေးငေါ့ပြသည်။ လူလေး၏စိတ်အစဉ်သည် အဘနှင့်အမေတို့ တဲကုပ်နန်းတော်လေး၌ ရှိပုံမရချေ။ အတိတ်လွင်ပြင်သို့ပဲ လွင့်ပါးနေသလား၊ အနာဂတ်ဆီသို့ပဲ မျှော်မှန်းနေသလားကိုတော့ အဘတို့ မှန်းဆ,မသိမြင်နိုင်ပါချေ။

"အဘ"

"ဟေ. . ."

"ဒီအိမ်က သစ်တွေကို ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ကစလ,က အဘမိတ်ဆွေတစ်ယောက်ပဲ၊ ဝယ်နေကျ ဆိုတော့ ငါးထောင်နဲ့ပဲ ရောင်းလိုက်မယ်"

"အဘ. . . လူလေး ငါးထောင်ပေးမယ်၊ အဘ မရောင်းနဲ့တော့၊ လူလေး ဒီမှာပဲ နေခဲ့မယ်၊ အဘတို့ မြို့ပြန်ချင်ရင်ပြန်"





"ဟေ. . လကွာ"

အဘက မျက်လုံးကြီးပြူးသွားသည်။ အမေကလည်း ပါးစပ်လေး အဟောင်းသားနှင့် လူလေးကို ကြည့်သည်။

"ဟုတ်တယ် အဘ၊ လူလေး လူများတဲ့နေရာမှာ မနေချင်ဘူး၊ ဒီနေရာလေးမှာပဲ နေချင်တယ်၊ ပြီးတော့ လူလေးကို နည်းပြပေး. . . ပဲစိုက်မယ်၊ အဘတို့ကို လုပ်ကျွေးမယ်"

အမေသည် သူမ၏အကျီလက်နားစနှင့် မျက်လုံးအိမ်ကို အသာတို့လိုက်သည်။ သူတို့ ဝမ်းမနာသားက သူတို့အပေါ် ထားရှိသော စေတနာကို ကြားရသောအခါ ဝမ်းသာဝမ်းနည်းဖြစ်ကာ ပီတိမျက်ရည် လည်ရလေသည်။

"လုပ်ပါ အဘရယ်. . နော်၊ လူလေး အလုပ်လုပ်ချင်တယ်၊ အလုပ်လုပ်ရင်းပဲ သေချင်တယ်၊ ပဲစိုက်ဖို့ အရင်းအနှီးအတွက် ဘယ်လောက်ကုန်မလဲ၊ လူလေးပဲ ထုတ်ပေးမယ်"

"လူလေး"

အဘသည် လူလေးအပေါ် ကရုဏာမျက်လုံးကြီးများဖြင့် ကြည့်ကာ လူလေးပခုံးကို ပုတ်လိုက်သည်။

"ဗျာ. . . အဘ"

"မင်း တကယ်ပြောနေတာလား"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် အလုပ်လုပ်ချင်တယ်"

"မင်း စာတတ်သလား"

"ဗျာ"

လူလေးမျက်လုံး၌ ဖုံးအားသင့်သော အရိပ်အယောင်များ ယှက်သန်းကာ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘမေးတာ မင်း ဘွဲ့တွေ ဒီဂရီတွေ ရပြီးပြီလား မေးတာ"

"ဟုတ်ကဲ့"

"ဒါဖြင့်ရင် မင်း ကျောင်းဆရာ ဝင်လုပ်ပါလား"

"ဗျာ"

လူလေးအံ့အားသင့်သွားသည်။ သူမမျှော်လင့်သောစကားဖြစ်သည်။

"ဟုတ်တယ် လူလေးရဲ့၊ မင်းတုန်းကျောင်းမှာ ဆရာမလောက်လို့ မိဘဆရာအသင်းက ဆုငွေနဲ့ ဆရာငှားသင်ရတယ်၊ ဒါပေမယ့် ဘယ်ဆရာကမှ ကြာကြာမလုပ်နိုင်ကြဘူး. . . ပြန်ပြေးကြတာပဲ"

လူလေး စဉ်းစားပါသည်။ ပြည်မှ ပန်းတောင်းသို့ ဧရာဝတီမြစ်ကို ကူတို့ဖြင့် ကူးခဲ့သည်။ ထိုမှတစ်ဆင့် ညောင်ခြေထောက်သို့ ကားစီးပြီး သူ ဘယ်သွားရမည်နည်း။ စဉ်းစားသည်။ ခြေဦးတည့်ရာ လျှောက်သွားစဉ် ကပစမှ ကားတစ်စီး တွေ့လိုက်ရသည်။

"ဘယ်လဲ"

"မင်းတုန်း"

"လိုက်လို့ရမလား"

"ရတယ်. . . လာ. . . လာ. . . တက်တက်" ဟု သဘောကောင်းစွာ ခေါ်သောလူတစ်ဦးကြောင့် သူ တက်လိုက်ခဲ့သည်။ ထိုမှတစ်ဆင့် မင်းတုန်းမြို့သို့ ရောက်ခဲ့သည်။ မြို့နားမရောက်ခင် ကောက်လှိုင်းစည်းများ ပုံထားသော တလင်းပြင်များ ရှိရာ မြို့အဝင် ကားလမ်းနံဘေး၌ သူ ရပ်ခိုင်းပြီး ဆင်းခဲ့လေသည်။





ထို့နောက် သဘောကောင်းသော အဘနှင့် စတင်တွေ့ဆုံခြင်းဖြစ်သည်။ ခရီးလမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော နေရာဒေသမျိုး၌ ဒေသခံ မဟုတ်သော ဆရာဆရာမတို့ အဘယ်မှာ ကြာရှည်နေနိုင်ပါအံ့နည်း။

သူသည်ပင်လျှင် ယခင်က ယောင်၍မျှပင် အိပ်မက် မမက်ဖူးသောနေရာဖြစ်နေသည်။

"လူလေး"

"ဗျာ"

သူ၏လွင့်ပါးသောအတွေးတို့သည် လက်ရှိကာလသို့ ပြန်၍ ရောက်လာသည်။

"လူလေး ဆန္ဒရှိမှပါ၊ အဘက အတင်းအကြပ် ပြောဆိုနေတာ မဟုတ်ဘူး"

"ကျွန်တော် ငွေကြေးမလိုပါဘူး အဘ၊ စေတနာနဲ့ပဲ သင်ပေးမယ်"

"ဒီလိုတော့ မလုပ်နဲ့၊ ပေးတဲ့ငွေကို ယူပြီး ကျောင်းအတွက် လိုအပ်တဲ့ ပရိဘောဂ တစ်ခုခုကို လှူလိုက်ပေါ့ လူလေး"

". . . . . . . ."

လူလေး ဘာမှမငြင်းချင်ပါ။ အဘသည် သူ့အား အကောင်းဆုံးသောနည်းလမ်းများကို ရှာဖွေပေးနေသည်ဟု သူ ယုံကြည်သည်။

"ဒါပေမယ့် အဘ. . . ကျွန်တော် မြို့ပေါ်တော့ လိုက်မနေဘူး"

"ဟေ. . . ကျောင်းက မြို့ပေါ်မှာ ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာတော့ ရှိတာပေါ့၊ ကျွန်တော် ဒီအိမ်လေးကပဲ တက်မယ်"

"လူလေးက ဒီနေရာလေးကို တော်တော် သံယောဇဉ်တွယ်နေပုံရတယ်၊ အေးလေကွာ. . . လူလေး နေရာအရပ်မှာပဲ အဘတို့ လိုက်နေရတာပေါ့ကွာ"

"ဟာ. . . မဟုတ်တာ၊ အဘတို့ နေနေကျအတိုင်းပဲ နေသွားပါ၊ လူလေးအတွက် ဘာမှမစိုးရိမ်နဲ့၊ လူလေးဖာသာ ချက်စားပါ့မယ်"

"မဟုတ်တာ လူလေးရယ်၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့ ကင်းကွာပြီး နေလို့မရဘူးကွ၊ အနည်းဆုံး လူလူချင်း စကားပြောဖော်တော့ ရှိရမယ်လေကွာ၊ အဘတလဲ အမေတလဲ နေပေးမယ်"

"ဒီလိုတော့ မလုပ်ပါနဲ့၊ နေချင်ရင် အဘကော အမေကော အတူတူ လာနေပါ၊ ပြန်ချင်ရင်လဲ အတူတူ ပြန်ပါ၊ သံသရာဝဋ်ကို လူလေး ကြောက်လွန်းလို့ပါ၊ တမလွန် မတိုင်ခင်တောင် လက်ရှိဘဝမှာတောင် ကိုယ်ပြုမူဖူးတဲ့ ကုသိုလ် အကုသိုလ်အပေါ် မူတည်ပြီး လက်ငင်းအကျိုးပေးတတ်တယ်တဲ့ အဘရာ"

"အေးပါ လူလေး၊ လူလေး စိတ်ချမ်းသာအောင်သာ နေပါ၊ အဘတို့က ဒီမှာနေလဲ ရတယ်၊ ဟိုမှာနေလဲ ရတယ်၊ သုံးလေးဖာလုံခရီးလောက်ဟာ အညောင်းပြေရုံလောက် ရှိတာ၊ လူလေးက လျှောက်နိုင်ပ့ါမလား"

"ပြည်ဘက် ဆင်းပြီး စက်ဘီးတစ်စီးလောက် ဝယ်လိုက်မယ် အဘ"

"အေး. . . အေး. . . အဘပါ လိုက်မယ်"





အဘက လူလေး ပြန်မလာမှာစိုးရိမ်သဖြင့် တမင် လိုက်မည် ပြောခြင်းဖြစ်သည်။

လူလေးသည် အဘကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။ အဘက လူလေးအား မယုံသင်္ကာသောအကြည့်ဖြင့် ကြည့်နေသည်။ လူလေးသည် သူတို့အရိပ်မှ ပျောက်ကွယ်သွားမှာကို စိုးရိမ်နေသည့်အသွင်က ဖုံးမရ ဖိမရ ပေါ်လွင်နေသည်။

"လူလေး. . . ကျောင်းဆရာ လုပ်ဖို့ လက်ခံလိုက်ပြီလား"

"ကျောင်းအုပ်ဆရာကြီးနဲ့ တွေ့ပြီး ဆွေးနွေးကြည့်မယ်၊ လူလေးဆန္ဒတွေ လက်ခံမယ်ဆိုရင် တစ်ပြားမှ မယူဘဲ စေတနာနဲ့ သွားသင်ပေးလိုက်ပ့ါမယ် အဘရာ"

လူလေး ပြောပြီး အဘအပါးမှ ထွက်ခဲ့လေသည်။ ပညာဒါနမျိုးစေ့ကိုလည်း သူ ချချင်ပါသည်။ လောကကြီး၌ သူ့အတွက် လုပ်စရာအလုပ်တွေ အများကြီး ရှိနေသည်။

အများကောင်းကျိုးအတွက် ကုသိုလ်လည်း ရနိုင်သည်။ အလုပ်မှန်သမျှ သူလုပ်ပါမည်။ အမောဆို့ပြီး သေသွားမည်ဆိုပါက သူ့အတွက် ဝမ်းမြောက်ဖွယ်ရာအတိဟု လူလေး ခံယူထားပါသည်။

ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် မရှိခြင်းသည် နားခြင်းမဟုတ်၊
ဟောင်းလောင်းကျင်း ဗလာဖြစ်နေသော...
စိတ်နှလုံးသည် ဒုက္ခရောက်နေသော စိတ်နှလုံးဖြစ်သည်။

Absence of occupation is not rest;
A mind quite vacant is a mind distressed.

# အခန်း (၆)

"ဆရာကလည်း. . . နာမည်ကြီးက တုံးလိုက်တာ. . . ဦးလူလေးတဲ့"

"အဟင်း. . . လူနဲ့ကတော့ ဆန့်ကျင်ဘက်ပဲ၊ ဘော်ဒီက ခပ်ကြီးကြီးနဲ့"

"တစ်လောကလုံး သူလုပ်ကျွေးထားတဲ့ မျက်နှာပေါက်မျိုးနဲ့လေ"

"ကြီးကြီးကျယ်ကျယ်ဟယ်. . . သူ အချိန်တွေကို ဆက်





တိုက် ယူပြီး သူ့အချိန်မှ လာမယ်၊ ပြီးရင် ပြန်မယ်၊ လစာတစ်ပြားမှ မယူဘူးတဲ့၊ လုပ်အားပေးသဘောပဲ လုပ်ပေးနိုင်တယ်၊ ကျောင်းရဲ့ တာဝန်ဝတ္တရားတွေကိုတော့ လုပ်အားမပေးနိုင်ဘူးလို့ တောင်းဆိုတယ်တဲ့"

"ဆရာမက ဘယ်လိုလုပ် သိသလဲ"

"သိဆို. . . ဆရာကြီး ရုံးခန်းထဲမှာ အက်ဒ်မေရှင်တွေ သွားရှာနေတုန်း ကိုယ်တော်က ရောက်လာတာကိုး၊ ရုပ်ကလည်း ချွေလောက်ပါတယ်၊ လူကလည်း ဖြောင့်၊ ငွေရေးကြေးရေးကလည်း ပြည့်စုံလုံလောက်ပုံ ရတယ်"

"ဘာပဲပြောပြော တို့ကျောင်းမှာ လိုအပ်နေတဲ့ ကယ်မစ်ထရီ (Chemistry)ဘာသာရပ်အတွက် ဆရာရသွားတာ ဝမ်းသာစရာပဲပေါ့"

"မိုးကျရွှေကိုယ် မင်းသားလေ"

"အေး. . အေး. . ကောင်းတာပေါ့၊ အပျိုဆရာမလေးတွေအတွက် ပျော်စရာလေးတွေ ဖြစ်ကုန်တော့မယ် ထင်တယ်"

ရယ်မောသံများသည် ဆရာများ နားနေခန်း၌ ညံစီသွားသည်။ ထို့ကြောင့် လူလေး ပြန်လှည့်ခဲ့လိုက်သည်။ လူလေးသည် ဆရာမများ ပြောသကဲ့သို့ပင် သူ့လိုအပ်ချက်များကို တောင်းဆိုခဲ့သည်ဆိုသည်မှာ မှန်သည်။ သို့မှသာ လူတွေနှင့် ကင်းကင်းကွာကွာနေရမည်ဟု သူမျှော်လင့်ခဲ့သည်။

သို့သော် လူလေးက လူလေးစိတ်ကူးနှင့် လူလေး တောင်းဆိုခဲ့သော အခွင့်အရေးသည် အများအမြင်၌ အထူးတဆန်း ဖြစ်ကာ ဆန့်ထွင်ရာ ရောက်ရှိနေပြီ ထင်ပါသည်။ လူလေး ဘာလုပ်ရမည်

www.burmeseclassic.com



နည်း။

လူလေးသည် စိတ်ပျက်လက်ပျက်နှင့် ကျောင်းဝန်းတွင်းမှ ထွက်ခဲ့လေသည်။

ကျောင်းဝန်းပြင်ပရောက်မှ လူလေး စက်ဘီးကို စီးခဲ့လေသည်။ အဘတို့အိမ်၌ အဘတို့ ထမင်းစား စောင့်နေမည်ကို သူ စိုးရိမ်နေပြန်သည်။ သံယောဇဉ်တရားတို့သည် အထပ်ထပ် ရစ်ပတ်နေလေပြီ ထင်ပါသည်။ အသက်ကြီးနေပြီဖြစ်သော အဘိုးအဘွား အရွယ် အဘနှင့်အမေကို သူ တတ်နိုင်သမျှ ကူညီစောင့်ရှောက်သွားရန် ဆုံးဖြတ်ထားသဖြင့် အဘတို့ စိတ်ချမ်းသာရေးကို သူ လိုက်လျောနေခြင်းဖြစ်သည်။

အဘတို့၏အိမ်ကြီးသည် ကျွန်း၊ ပျဉ်းကတိုးများနှင့် တည်ဆောက်ထားသဖြင့် အခိုင်အခန့် ရှိသည်။ နှစ်ထပ်ဆောက်ထားသော ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ ရေနံချေးတို့ဖြင့် ဝနေလေပြီ

ခြံစည်းရိုးကိုလည်း အလုံကာထားသည်။ သစ်ပင်ကြီးများကလည်း အုပ်ဆိုင်းဆိုင်းနှင့် လူကလည်း မနေသဖြင့် မြက်ပင်ချုံပင်များလည်း ထူထပ်နေလေပြီ။

"လာ. . . လူလေး"

ထင်သည့်အတိုင်း အဘသည် ခြံစည်းရိုးဝနားမှ အိမ်အဝင်အထွက်လမ်းရှိ မြက်ပင်များကို ပေါက်ရင်း သူ့အား မျှော်နေလေသည်။ သူ့ကို မြင်မှ အဲဘမျက်နှာ ဝင်းပလာသည်။

"အဆင်ပြေခဲ့ရဲ့လား လူလေး"

"ပြေပါတယ်"

"ဆရာကြီးက ဘာပြောလဲ"



"ဆရာကြီးကော မိဘဆရာအသင်းက နာယကတွေပါ လူလေး တောင်းဆိုချက်ကို လိုက်လျောပါတယ်"

"အေးလေကွာ. . . လူလေးက လစာ တစ်ပြားမှ မယူဘဲ လုပ်အားပေးတာဆိုတော့ သူတို့လဲ လိုက်လျောရမှာပေါ့လေကွာ"

"လူလေးက တာဝန်ကို ကြောက်လို့မဟုတ်ဘူး အဘ၊ အကြောင်းရှိလို့ပါ၊ လူလေးမှာ လုပ်စရာတွေအများကြီး ရှိနေသလို လူတွေနဲ့လဲ ရောရောထွေးထွေး မနေချင်ဘူး၊ ဒါပေမယ့် လူတွေအတွက် လူလေး အလုပ်တွေ လုပ်သွားဦးမှာပါ"

"ကောင်းပါတယ် လူလေးရယ်၊ လူလေးဆန္ဒအတိုင်း ဖြစ်အောင်သာ ကြိုးစားပေတော့၊ ဒါပေမယ့် ဘယ်နေရာမဆို မျှမျှတတတော့ ရှိပါစေ၊ တစ်ဖက်စွန်း မရောက်စေနဲ့"

"ဟုတ်ကဲ့ အဘ"

"လာ. . . ထမင်းစားရအောင်၊ ညနေမှ ပြန်ကြမယ်၊ လူလေး ဒီနေ့ စာမသင်ရဘူးလား"

"မနက်ဖြန်မှ စမယ်၊ သူတို့ အချိန်စာရင်း ဒီနေ့ ဆွဲလိမ့်မယ်"

"အေး. . . အေး. . . ဟင်းကျက်ပြီလား မသိဘူး"

"နေပါစေ. . . လူလေး မဆာသေးဘူး၊ ပေး. . . အဘ"

"နေစမ်းပါ လူလေးရာ၊ စာလေးဘာလေး ဖတ်ပါဦး"

"ရတယ် အဘ. . . ညမှပဲ၊ အခု အပြင်အလုပ်ကိစ္စလေး ...န်းပါရစေဦး"

"ဒါဖြင့်ရင်လဲ အဘ မြက်ခုတ်မယ်ကွာ"

အဘက လူလေးအား ပေါက်တူး လွှဲပြောင်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူလေးက ခါးတောင်းကို မြှောက်အောင်ကျိုက်ပြီး အိ
အဝင်လမ်းကို အရင်ရှင်းလိုက်သည်။ အဘက မြက်ခုတ်စားဖြ
အိမ်ရှေ့မျက်နှာစာကို အရင်ရှင်းလင်းသည်။

စက္ကူပန်းများနှင့် အုပ်ဆိုင်းနေသော အိမ်ရှေ့ပန်းရုံလေး
လည်း အဘက ပြုပြင်လေသည်။ အဘသည်လည်း အင်မတ
အနုပညာဆန်သော အဘိုးကြီးတစ်ယောက်ဖြစ်သည်။

"ကိုဖိုးထော်ကော လူလေးကော. . . တော်ပြီ၊ ရေချိုး
တော့၊ ထမင်းစားရအောင်. . . မွန်းတည့်နေပြီ"

"ဟုတ်သားပဲ လူလေး. . . ထားလိုက်"

"ဟုတ်ကဲ့"

လူလေးကို ချစ်ခြင်းမေတ္တာများစွာဖြင့် အဘ ကြည့်လို
လေသည်။

ဆရာငယ်ငယ်ချောချောလေးသည် ဆရာမများနှ
ကျောင်းသူကျောင်းသားများ၏အလယ်၌ စန်းပွင့်နေဦးတော့မည

သူတို့သည် လူလေးအပေါ်မှာ တရားရာမှ ရောက်ရှိလ
မသိ။ လူလေး ပေးသော သစ်ဖိုးငွေကို မယူဘဲ လူလေးအား
ပေးသောအခါ လူလေးသည် ချက်ချင်း အထုပ်ပြင်လေသည်။

"ဟဲ့. . . ဘာလုပ်တာလဲ"

"တစ်နေရာကို ထွက်သွားတော့မယ်"

"ဘာဖြစ်လို့လဲ"

"အဘတို့ လုပ်ရိုးလုပ်စဥ်ကိစ္စတွေဟာ လူလေး ရော
လာလို့ ပျက်စီးဆုံးရှုံးရတဲ့အဖြစ်မျိုး လူလေး အဖြစ်မခံနိုင်လို့"

"ဟာ. . . အဘတို့က ငွေကြေးသိပ်လိုတာမှ မဟုတ်





အိနာစာနဲ့ လူ့ဒါန်းဖို့အတွက်ရယ် ကျန်းမာရေးအတွက်ရယ်ပဲ
အလုပ်လုပ်နေတာ"

"ဟုတ်ပါတယ်. . . လူလေးကလဲ လူလေးမိဘတွေ ပေး
ထားတဲ့ငွေနဲ့ သူတို့လဲ ကုသိုလ်ရ လူလေးလဲရ၊ အဘတို့လဲ ရအောင်
လှူဖို့ လူလေးက ပေးတာပါ၊ အဘတို့ လက်မခံရင် လူလေး ခြေဦး
တည့်ရာ လျှောက်သွားတော့မယ်"

"လူလေးရယ်. . . ကဲ. . ပေး. . ပေး၊ မနက်ဖြန် ဘုန်းကြီး
ကျောင်း ဆွမ်းစားကျောင်း ပြင်ဆင်တဲ့ထဲ သွားလှူလိုက်မယ်"

ထိုအခါကျမှ လူလေးသည် အထုပ်ပြန်ချလေသည်။
လူလေးသည် သူတို့စားသုံးသော ဧည့်မထ ဆန်ကို လိုက်စားသုံး
သည်။ သို့သော် အမေက ဉာဏ်များသည်။ သူချစ်သော လူလေး၏
အခြေအနေကို အကဲခတ်မိကာ. . .

"အမေ့ဆန်က ကောင်းလှချည်လား"

"ဟုတ်တယ် လူလေးရေ၊ အမေတို့လဲ အသက်ကြီးလာ
တော့ ဆန်မာတွေဟာ လည်ချောင်းထဲက မျိုမကျသလိုဘဲ၊ ဒါ
ကြောင့် ပုသိမ်ပေါ်ဆန်းမွှေးလေးနဲ့ ဆန်မာနဲ့ လဲလိုက်တယ်လေ"

"နောက်နှစ်ကို ဆန်ပျော့လဲ ဝမ်းစာအတွက် စိုက်ဦးမှပဲ
ယ်ချောရေ"

"အင်း. . . ကောင်းတယ်တော့"

လူလေးသည် အမေနှင့်အဘတို့၏စေတနာကြောင့် ပီတိ
ဖြာရလေသည်။ အဘနှင့် အမေသည် တောသူတောင်သား ဖြစ်
သော်လည်း မြင်သားကြားသား မစားပါချေ။ ငါးပါးသီလကို ထိန်း
ဘာ အေးချမ်းစွာ နေသော လင်မယားဖြစ်သည်။ ထို့ကြောင့် အဘ

www.burmeseclassic.com



နှင့်အမေအပေါ် ကြည်ညိုစိတ်ဖြင့် သူနေနိုင်ခြင်းဖြစ်ပေမည်။

"စား. . . လူလေး၊ ပုစွန်ကြော်လေးနဲ့ ငါးပိထောင်းရယ် ဝါးရောင်းချဉ်ရွက်ဟင်းလေးရယ် ဆိုတော့ လူလေး စားမြိန်မလား လို့"

"မြိန်တယ် အမေ၊ အမေ ဘယ်လိုချက်ချက် ဘာဟင်းပဲ ချက်ချက် လူလေး မြိန်ပါတယ်"

အဘနှင့်အမေ၏မေတ္တာစေတနာသည် သူ့ဘဝကို အား ပေးနေသကဲ့သို့ ရှိနေသည်။ အဘနှင့်အမေသာ သူ့အား နားခိုခွင့် မပေးခဲ့ဘူးဆိုပါက လူလေးသည်. . .





စိတ်ခံစားမှု ပြင်းထန်နေတတ်ရှိသော သူတစ်ယောက်သည် မြင်းရိုင်းတစ်ကောင်ကို စီးသူနှင့် တူသည်။

A man in a passion rides a wild horse.

# အခန်း (၅)

"ဆရာ ပြန်တော့မလို့လား"

"ဟုတ်ကဲ့" ဟု မကောင်းတတ်သဖြင့် ပြောပြီး ချက်ချင်း ပင် ခြေလှမ်းသွက်သွက် လှမ်းလိုက်သည်။

"နေပါဦး ဆရာ. . . ခဏလေးပါ"

". . . . . . . ."

ဒီတစ်ချီတွင်တော့ ရိုင်းသည်ဟုပြောပြော ဘာပြောပြော သူ လှည့်မကြည့် မရပ်မနားဘဲ ထွက်ခဲ့သည်။ ခက်သည်က ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမများသည် သူ့အား မျက်လုံးဒေါက်ထောက် ကြည့်နေကြသည်။

ကျောင်းသူကျောင်းသားများကတော့ သူ၏သင်ကြားမှုဝယ် မျောပါ၍သွားကြသည်။ နှစ်စကတည်းက နှစ်ဝက်ကျိုးသည်အထိ ဆရာတွေ တစ်ယောက်ပြောင်း တစ်ယောက်နှင့် အစမ်းသပ်ခံ သင်ကြားမှုအောက်ဝယ် သူတို့မှာ ယောင်ဝါးဝါး ဖြစ်ခဲ့ရသမျှ ဒီဆရာလေး ပျောက်သွားမှာ စိုးနေသည်။

လူပုံနွဲ့နွဲ့နှင့် ချောမောသော ဆရာလေးသည် မင်းသားလို နုနယ်ကာ လှပနေသည်။ လှပသလောက် စာသင်ကြားမှုကလည်း ကောင်းသည်။ ထို့ကြောင့် ဆရာလေး ကြာရှည်ခံပါ့မလားဟု စိုးရိမ်ကြီးစွာဖြင့် ဆုတောင်းနေရသည်မှာလည်း အမောပင်။

သို့သော် အနေတည်သည်။ ဘယ်သူနှင့်မှ အရောမဝင်။

"မေးစရာရှိရင် အတန်းထဲမှာပဲမေး၊ အိမ်လိုက်မေးတာတို့ ဘာတို့ ဆရာမလိုချင်ဘူး" ဟု ခပ်ပြတ်ပြတ် ပြောထားသဖြင့် ဆရာ့အား ဘယ်သူမှ အရောတဝင် မနေရဲ။

"ဟိုထောင့်က မိန်းကလေး. . . ငါ့မျက်နှာကြီးပဲ ငေးကြည့်မနေနဲ့၊ ဆရာ ရုပ်ရှင်မင်းသား မဟုတ်ဘူး၊ ဆရာပြောတာ ရှင်းရဲ့လား"

စသည်ဖြင့် တပည့်များကို ညှာမနေနိုင်ဘဲ သူမတို့၏နောင်ရေးအတွက် လှပသောဆရာများအပေါ် ကို စိတ်ဝင်တစား အထင်ကြီး သာယာသွားမည့် ကျောင်းသူမိန်းကလေးများ၏မျက်ဝန်းကိုလည်း ရင်ဆိုင်ကာ ပညာပေးရသည်။

သို့နှင့် ဦးလူလေးသည် စာသင်ကောင်းသော လုပ်အား





ပေး ဆရာလေး ဖြစ်ခဲ့သည်။ ထိုအတူ အားလပ်ချိန်၌ အဘနှင့်အတူ စိုက်ခင်းရောက်နေတတ်သော လူလေးကို တွေ့ရသည်။

ညဘက်ကိုလည်း ယာခင်းရှိ အဘတဲကုပ်နန်းတော်လေး၌ လေ့ကျင့်ခန်းစာအုပ်ပုံကို ဖန်မီးအိမ်နှင့် စစ်ပေးရင်း အချိန်ကုန်ခဲ့ရသည်။

"လူလေး. . ."

"ဗျာ. . ."

"မျက်လုံးပျက်မယ်ကွ. . . ယာထဲ လိုက်မဆင်းပါနဲ့လားကွာ၊ အဘ လုပ်နိုင်ပါတယ်၊ အငှားတွေလည်း ရှိတာပဲ"

"ကျွန်တော် လုပ်ချင်လို့ အဘကပါ အားမနေရဘဲ လိုက်လုပ်တဲ့ဟာ၊ အဘက ဘာဖြစ်လို့ တားနေရတာလဲ၊ လူလေး ဒီလိုလုပ်မှ ဖြစ်မယ် အဘ"

"ဘာဖြစ်လို့လဲ"

"ဒါမှ လူလေးစိတ်တွေ မအားမှာ၊ လူလေးစိတ်ကို အနားပေးထားလို့ မဖြစ်ဘူး၊ သူတို့ကို အနားပေးထားရင် လူလေးကို လူလေးစိတ်က အနှောင့်အယှက်ပေးလိမ့်မယ်"

"လူလေးက ကိုယ့်စိတ်ကိုကိုယ် မနိုင်ဘူးလားကွ"

"မနိုင်ဘူး အဘ"

"ဒါဖြင့် တရားအားထုတ်ကြည့်ပါလား၊ အဘ ကိုးကွယ်နေတဲ့ တောရကျောင်း ဘုန်းဘုန်းဆီ လူလေးကို လိုက်ပို့ပေးဦးမယ်"

"ဟုတ်ကဲ့"

"အဘ ပြောတာက လူလေး မီးအိမ်နဲ့ စာဖျက်ရတာကို အဘ စိတ်မချမ်းသာဘူး၊ ဒါကြောင့် မြို့ပြန်ပြီး အဲဒီမှာ စာဖျက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား"

လူလေး စဉ်းစားရသည်။ အဘနှင့်အမေသည် သူ့နောက်ကို လိုက်နေသဖြင့် အလှူအတန်း သွားစရာရှိလျှင် လှည်းဖြင့် မြို့ပြန်ပြေးကာ သွားကြရသည်။ အဘသည် တစ်ခါတစ်ရံ အိမ်၏ဆောင်ရွက်စရာကိစ္စကို လမ်းလျှောက်သွားပြီး ဆောင်ရွက်ရသည်။

ဤသည်အတွက် လူလေး စဉ်းစားရသည်။ အဘနှင့်အမေကို သူ ဒုက္ခပေးမိသလိုများ ဖြစ်နေပြီလားဟု. . .

"ဒါဖြင့် ဒီလိုလုပ်မယ် အဘ"

"ဘယ်လိုလဲကွ"

"ဖိုးအေးတို့ကို ဒီတဲမှာ အိပ်ခိုင်း၊ တော်ကြာ လူမရှိတော့ ပျဉ်တွေ ခွာယူကုန်ရင် ခက်မယ်၊ လူလေးတို့ အဘတို့ အိမ်မှာ ပြန်နေကြမယ်၊ ဒါပေမယ့် မိုးလင်းလာရင်တော့ လူလေး ဒီကိုပြေးလာပြီး အလုပ်လာလုပ်မယ်၊ ထမင်းစားချိန် အဘတို့ဆီ လာခဲ့မယ်၊ ထမင်းစားမယ်. . . ကျောင်းသွားမယ်၊ ပြီးရင် ယာခင်းကိုပြေး"

"တော်ပြီ လူလေး၊ ဒီလိုဆို လူလေး အသွားအပြန်နဲ့ဆိုရင် စက်ဘီး လေးခါက်နင်းရလိမ့်မယ်၊ ဒီအတိုင်းနေရင် လူလေး စာသင်ချိန်နီးမှသွား၊ ပြန်လာတာနဲ့ဆို အသွားအပြန် နှစ်ခေါက်ထဲရယ်၊ နေတော့. . နေတော့. . ဒီအတိုင်းပဲနေ၊ မနက်ဖြန် အဘ ပြည်ဘက်ကို သွားလိုက်ဦးမယ်"

"ဘာကိစ္စလဲ အဘ"

"မာတ်မြေဩဇာ ကိစ္စလေး ဘာလေးပါ၊ ကဲ. . . လုပ်လုပ် မင်းအမေက မင်းအတွက် လက်ဖက်သုပ်နေလေရဲ့"

လူလေး ပြုံးကာ လေ့ကျင့်ခန်းစာအုပ်များကို ဆက်ဖျက်





လိုက်သည်။

လူလေးသည် ဘာစားစား အိပ်ပျော်သည်။ ယခင်က လက်ဖက်စားလျှင်ဖြစ်စေ၊ လက်ဖက်ရည် အသောက်များလျှင်ဖြစ်စေ၊ အိပ်မရဘဲ မျက်လုံးကြောင်နေတတ်သည်။ ယခု ထိုသို့မဟုတ်။

ညနေ နေဝင်ရီတရော ယာတောမှ ပြန်လာသည်နှင့် ရေချိုး ထမင်းစား လေ့ကျင့်ခန်းစာအုပ်များ ဖျက်ရင်း အဘတို့နှင့် စကားစမြည် ပြောကာ အမေကျွေးသော လက်ဖက်ကို စားသည်။ သို့သော် ကိုးနာရီကျော်မျှတွင် လေ့ကျင့်ခန်းစာအုပ်ပိတ်လည်းပြီး၊ လူလည်း အမေ ခင်းပေးထားသောအိပ်ရာထဲ ထိုးအိပ်လိုက်သည်နှင့် တရေးနိုးသည့်အခါ စင်စင်လင်းနေတတ်လေသည်။ ထိုအချိန်ဆိုလျှင် အဘသည် ယာထဲ ရောက်နေလေပြီ။

စာဖျက်ရင်း သူ သတိရလိုက်သည်။ ကျောင်းသို့ ဆရာမ အသစ်တစ်ယောက် ရောက်လာသည်။ ဝိဇ္ဇာဘာသာရပ် သင်ကြားနိုင်သည့်ဆရာမ ဖြစ်နေသည်။ ဤအတွက် သူ ဖယ်ပေးစရာ မလိုသေးချေ။ သို့သော် ခက်နေသည့် အနှောင့်အယှက်က ထိုဆရာမသည် သူစာသင်နေသည့်အခန်းရှေ့မှာ ရပ်စောင့်နေကာ သူ ထွက်လာသည်နှင့်. . .

"ကိုမင်းထက်"

". . . . . . ."

သူ တုန်လှုပ်သွားသည်။

"ဆရာမ လူမှားနေပြီ၊ ကျွန်တော် လူလေးပါ. . . ခွင့်ပြုပါဦး"

"ကိုမင်းထက်. . . ရှင် ကျွန်မကို အကြောင်းပြန်လို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်၊ မင်းတုန်းက လူတွေကိုပဲ ရမယ်၊ ကေကေ ဘယ်လောက် သနားစရာကောင်းသလဲ”

“. . . . . . .”

သူ ချာခနဲ လှည့်ထွက်ခဲ့သည်။

ထို ဆရာမကို သူသိပါသည်၊ ရင်းရင်းနှီးနှီးကို သူသိသည်။ သို့သော် အတိတ်ကို သူမေ့ထားချင်သည်။ သူ့ဘဝထဲ၌ ကေကေ မရှိတော့ပါ။

စိတ်မောစွာဖြင့် ယာခင်း၌ သူ တရစပ် အလုပ်လုပ်ပစ်လိုက်သည်။ မြေပဲပင်တို့သည် စိမ်းလန်းစိုပြည်နေသောအခါ ပီတိဖြစ်ရသော ယာခင်းရှင်၏ခံစားမှုမျိုး သူခံစားတတ်နေလေပြီ။

“လူလေး. . . လက်ဖက်သုပ်”

အမေတို့သည် နှမ်းဆီစစ်ကို စားသုံးသည်။ ဆုံကြိတ်နှမ်းဆီဖြင့် သုပ်ထားသော လက်ဖက်ရန့်လေးသည် စားချင်စဖွယ် မွှေးအီလျက်ရှိသည်။ ငရုတ်သီးစိမ်းတောင့်ကလေးနှင့် ကြက်သွန်ဖြူကိုက်ကာ စားရသည့် လက်ဖက်အရသာကို သူကဲ့သို့သော ယောက်ျားတွေတောင် ကြိုက်လျှင် ကေကေကဲ့သို့သော. . .

ပုဇွန်ခြောက်ကိုလည်း ပြည်သို့ ဆင်းဝယ်တတ်သော အဘကြောင့် ပေါပေါများများ စားရသည်။

“မြည်းကြည့်စမ်း လူလေး. . . ဘာလိုသလဲလို့”

“အမေ့လက်ရာဆိုရင် ဘာမှမလိုပါဘူးဗျာ”

“အေး. . . ဟေး. . . ဟေး၊ လူလေးပဲ အမေ့လက်ရာကို အကောင်းထင်တယ်၊ မင်းအဘဆိုရင် ငန်သွားရတာနဲ့ ပေါ့သွားရတာနဲ့ ချဉ်သွားရတာနဲ့၊ အမြဲတမ်းလိုလို အပြစ်က ရှိနေတာ”





“သက်သက် စတာပါ မယ်ချောရာ၊ မင်းလက်ရာကလွဲရင် ငါ ဘယ်သူ့လက်ရာ စားဖူးလို့လဲ”

“အမယ်တော်. . . မညာနဲ့”

“မညာပါဘူး မယ်ချောရာ”

အဘသည် ကွမ်းမစား၊ ဆေးလိပ်မသောက်ပါဘဲ အမေ လုပ်ကျွေးသမျှ အစားအစာများကိုသာ မြိန်ရေယှက်ရေ စားသောက်တတ်သည်။ ဘုရားသွား ကျောင်းသွားဖော် ပီသပါပေသည်။ ဘုန်းကြီးကျောင်း သွားလည်း အမေပါမှ၊ ပြည်သွားလည်း အမေပါမှ၊ ရှင်ပြုအလှူလည်း အမေနဲ့မှနှင့် ကိန္နရီကိန္နရာမောင်နှံကဲ့သို့ အမြဲမခွဲဘဲ တတွဲတွဲ ရှိနေသည်မှာ အားကျစရာပင်။

သို့သော် ထိုကဲ့သို့ သိပ်ချစ်တတ်သော၊ အလွန်သံယောဇဉ်ကြီးမားသော တစ်ဦးအပေါ်တစ်ဦး နားလည်မှု ရှိသော ဇနီးမောင်နှံနှစ်ဦးအပါး၌ ဖော်မစုံ ကွာဝေးသူတစ်ဦး နေထိုင်ရခြင်းသည် အလွမ်းရာခိုင်နှုန်းကို မြင့်မားစေတတ်လေသည် ထင်ပါသည်။ လူလေးရင်၌ တနုံ့နုံ့ နာကျင်လျက်ရှိသည်။

“လူလေး”

“. . . . .”

ရုတ်တရက် မထူးနိုင်အောင် သူ့ရင်၌ ဆို့နင့်လျက် ရှိသည်။ ထို့ကြောင့် အမေ့အား မျက်လုံးအကြည့်ဖြင့်ပင် တုံ့ပြန်လိုက်ရသည်။

“ကြက်သွန်ဖြူလေးနဲ့စား. . . လေနိုင်တယ်”

“ဟုတ်ကဲ့ အမေ”

လက်ဖက်စားနေသည့်အဖြစ်ကိုတောင် သူ မမှလျော့ကာ



www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ်ဖြစ်နေပါတကား။

"ဆရာ. . . ဆရာဦးလူလေး ရှိပါသလား"

လူလေးသည် အဘကို လှမ်းကြည့်လိုက်သည်။ အဘက နားလည်စွာဖြင့် ထလိုက်သည်။

"ကန်တော့နော် အဘ၊ လူလေး မတွေ့ချင်ဘူး"

လူတွေကို သူ မတွေ့ချင်။ အကြောင်းအရာ ကိစ္စများများ ကိုလည်း သူ့ခေါင်းထဲ မထည့်နိုင်ပါ။

"အေး. . . အေး. . . အဘ သွားတွေ့လိုက်မယ်"

အဘအား လိမ်ညာခိုင်းလိုက်ရခြင်းအတွက် သူ စိတ်မကောင်းဖြစ်သွားသည်။ သို့သော်လည်း သူကိုယ်တိုင်ကမူ မတွေ့ချင်ပေမယ့် ခေါ်သည့်အသံကလည်း မိန်းမအသံ ဖြစ်နေသည်။

အိမ်အထိ ရောက်လာရအောင် အကြောင်းကိစ္စမှ မရှိလေဘဲ၊ ညသို့ပင် ရောက်နေပြီ။

"အဘိုး. . . ဆရာရှိပါသလား"

"မရှိဘူးကွယ့်. . ဘာကိစ္စရှိလို့လဲ"

"ကျွန်မ. . ဆရာမ ဒေါ်သစ်သစ်လွင်ပါ။ ဆရာနဲ့ သူငယ်ချင်းပါ၊ ထိုင်မယ်နော် အဘ"

အဘသည် ဆရာမတစ်ဦးကို ရိုင်းပျစွာ မည်ကဲ့သို့ နှင်ထုတ်နိုင်လေမည်နည်း။ အဘ အခက်တွေ့နေပြီဟု သူ နားလည်လိုက်သည်။

အမေ့ကို သူလှမ်းကြည့်လိုက်သည်။ အမေကလည်း သူ့အား ကြည့်နေသည်။

"အဘိုးနဲ့ လူလေးနဲ့ ဘာတော်ပါသလဲ"





"ကျုပ်မြေး"

အဘက ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

"အဘိုး သေချာရဲ့လား၊ ကျွန်မသူငယ်ချင်းကလဲ ရန်ကုန်မြေက ပျောက်သွားတာ နှစ်လလောက်ပဲ ရှိသေးတာ၊ မှာတ်ပုံကြည့်ပါဦး အဘိုး"

အဘ အခက်တွေ့နေပြီ။ လူလေး ငြိမ်နေ၍မရတော့။ ထွက်ခဲ့လိုက်သည်။ အဘနှင့် ဒေါ်သစ်သစ်လွင်သည် လူလေး ထွက်လာသည်ကို မော့ကြည့်လိုက်သည်၊ ဒေါ်သစ်သစ်လွင်က ပြုံးနေသည်။ သူမအပြုံးက သူမကိုယ်သူမ အထင်ကြီးသောအပြုံး၊ အောင်နိုင်သောအပြုံးဖြစ်လေသည်။

အဘ လက်ထဲမှ သူတို့သမိုင်းဌာနမှ သူငယ်ချင်းများနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်သော သူ့ပုံပါ ပါရှိနေသည်။ အဘက လူလေးအား ကြည့်လိုက်သည်။ လူလေးမျက်နှာသည် နီရဲနေသည်။

"ဒီမှာ ဒေါ်သစ်သစ်လွင်၊ သူတစ်ပါးရဲ့ကိုယ်ရေးကိုယ်တာကို စပ်စုတယ်ဆိုတာ အင်မတန် ရိုင်းစိုင်းတဲ့အလုပ်ဆိုတာ ခင်ဗျား သိရဲ့လား"

"တိမ်မြုပ်နေတဲ့ အကြောင်းအရာတစ်ခု စုံစမ်းမေးမြန်းခြင်းကို စပ်စုတယ်လို့ ယူဆပြီး ရိုင်းတယ်လို့ သတ်မှတ်လို့ ရသလား ကိုမင်းထက်"

"ရတယ်. . . လူတစ်ယောက်က သူ့ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုခုကြောင့် သူ့အသိုင်းအဝိုင်းကို ထွက်ပြေးရှောင်ပြေးလာတယ်၊ ဒီအတွက် သူစိတ်ချမ်းသာတယ်၊ ဒါကို ခင်ဗျားက အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယှက်ပေးနေတယ်၊ ကျုပ်စိတ်ဆင်းရဲတယ်၊ ဒီလို တစ်ဖက်သား စိတ်ဆင်းရဲသွားတဲ့ကိစ္စမျိုး ခင်ဗျားပြုလုပ်ရတာ ပျော်ရွှင်သလား၊ ဒီလိုဆိုရင် ဆက်လုပ်ပေါ့"

ဒေါ်သစ်သစ်လွင်သည်လည်း ကေကေကဲ့သို့ ခပ်ထက်ထက်နှင့် အလွန်စွာ အလွန်ခေါင်းမာသော အမျိုးသမီးဖြစ်သည်။

"တစ်ဖက်သား စိတ်ဆင်းရဲတဲ့ကိစ္စကို ကျွန်မလုပ်တာ မဟုတ်ဘူး ကိုမင်းထက်၊ ရှင်လုပ်နေတာ၊ ရှင့်ကြောင့် ရှင့်မိဘနှစ်ပါးနဲ့ ရှင့်ချစ်သူဟာ ဘယ်လောက် စိတ်ဆင်းရဲနေသလဲဆိုတာ ရှင်တွေးမိရဲ့လား၊ ကေကေ ခန္ဓာကိုယ်ဆိုရင် စိတ်ထောင်းကိုယ်ကျေပြီး ပါးပါးလှပ်လှပ်ပဲ ကျန်တော့တယ်"

"ဒီတော့ ခင်ဗျား ဘာလုပ်ချင်သလဲ၊ ကေကေတို့ကို ကျုပ်ဒီမှာရှိနေကြောင်း သတင်းပို့မှာလား၊ ပို့ရင်လဲ ပို့လေဗျာ"

လူလေး စကားကြောင့် ဒေါ်သစ်သစ်လွင် ပြုံးရွှင်သွားကာ အားတက်သရော မေးလိုက်သည်။

"တကယ်လား"

"ဒါက ခင်ဗျားအခွင့်အရေးပဲ၊ ဒါပေမယ့် ခင်ဗျားခေါင်းထဲ နည်းနည်းထည့်ထားဖို့ကတော့ ရွေးချယ်မှုတစ်ခုကို ပြုလုပ်ရလိမ့်မယ်၊ အဲဒါ ဘာလဲဆိုတော့ ကျုပ်မိဘတွေနဲ့ ကေကေ မင်းတုန်းကို ခြေချတဲ့နေ့ဟာ ကျုပ်ပျောက်သွားတဲ့နေ့ပဲဆိုတာ ခင်ဗျားခေါင်းထဲ ထည့်ထားလိုက်ပါ၊

ဒီလိုဆိုရင် မင်းတုန်းမှာ ရှိတဲ့ ကိုးတန်း ဆယ်တန်း ကျောင်းသားအများစုရဲ့ စိတ်ဆင်းရဲမှုကို ကြုံတွေ့သွားရလိမ့်မယ်၊ ကျောင်းသားအများစုနဲ့ လူနည်းစုအတွက် ခင်ဗျား ဘယ်ဟာကို





ရွေးချယ်မလဲဆိုတာ စဉ်းစားပါ. . . ဒါပါပဲ"

သူ ပြောပြီး အိမ်ပေါ်က ချာကနဲ ဆင်းလိုက်သည်။ ခြေဦးသည့်ရာသို့သာ သူ စွတ်ထွက်ခဲ့သည်။ လူလေး မရှိလျှင် လူလေးအကြောင်းကို အဘနှင့်အမေကို ဖွင့်ပြောကာ သူမ တိုင်ပင်ပေလိမ့်မည်၊

အဘသည် ဒီမြို့သားဖြစ်သည်။ ဒီမြို့၏ကျောင်းသားများအတွက် အကောင်းဆုံးသော အကြံဉာဏ်ကို ပေးပေလိမ့်မည်။

လူလေးသည် မင်းတုန်းချောင်းနံဘေး ထိုင်နေလိုက်သည်။ မင်းတုန်းရေအလျဉ်သည် ကြည်လင်နေသည်။ အညာဒေသ၏ ချောင်းများ မြစ်များသည် များသောအားဖြင့် ကြည်လင်သည်က များသည်။ သဲခံသော မြေအနေအထားကြောင့် ဖြစ်သည်ထင်သည်။

"ဆရာ"

ငါးမျှားနေကြသော လူငယ်များက သူ့အား မြင်လျှင်မြင်ချင်း နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ"

သူ မည်သို့ နှုတ်ဆက်ရမည်နည်း၊ ကျောင်းသားများ ဖြစ်သည်။ သူ၏တပည့်များ ဖြစ်သည်ကိုလည်း သူ မှတ်မိနေသည်။ ည လရောင်ပင် ထွက်နေပြီ။

ထို့ကြောင့် သူ မနေသာ။

"အေး. . . မင်းတို့ ဘာလာလုပ်ကြတာလဲ"

"ရေချိုးရင်း ငါးမျှားတာပါ ဆရာ"

"ဟင်းစား ယူသွားပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ. . . ဆရာ မြင်သားကြားသား မစားဘူး"

လန်းလန်း,လန်းလန်း ဖြစ်နေသော ငါးများကို ကြည့်ပြီး သူပြောလိုက်သည်။ ထို့နောက် သူသည် မြစ်ကြောတစ်လျှောက် လျှောက်ခဲ့လိုက်သည်။ ကလေးများ အိုးတိုးအမ်းတမ်း ကျန်ရစ်ခဲ့လေသည်။ မြင်သားကြားသား၏အဓိပ္ပါယ်ကိုလည်း သိပုံမရချေ။

လူလေးအား အတော်မာနကြီးသောဆရာဟု ထင်ပေလိမ့်မည်။ လူလေးရင်တွင်း၌ မကောင်းချေ။ မကြာခင် ထိုဒေသမှ သူ စွန့်ခွာရလိမ့်မည် ထင်ပါသည်။ မင်းတုန်းချောင်းကလေး ငြိမ့်ညောင်းစွာ စီးဆင်းနေသေးသည်။ လက ပြည့်ဝင်းကာ အားအင်အပြည့်နှင့် ပေါ်ထွက်လာလေသည်။

ထိုအခါ မင်းတုန်းချောင်းရေက လပြည့်ဝန်းကို ဖမ်းစားကာ ကလူကျီစယ်နေသည်။ ချောင်းရေ၏ရယ်မောသံ လပြည့်ဝန်း၏ပြုံးရွှင်မှုက သူ့နှလုံးသားကို လှောင်ပြောင်နေလေသည်။ ပျက်သုဉ်းနေသော သူ့စိတ်အသွင်ကို ပတ်ဝန်းကျင် အလှတရားတို့က အစွမ်းကုန် နှိပ်စက်နေလေသည်။

ယောက်ျားတန်မဲ့ သူ ငိုကြွေးမိသည်။ သို့သော် သူ ရင်တွင်း၌သာ ဖြစ်ချေမည်။

"လူလေး"

နွေးထွေးသော လက်တစ်ဖက် လူလေးပခုံးထက်သို့ ကျရောက်လာသည်။

". . . . ."

အဘအား သူ လှည့်ကြည့်လိုက်သည်။ အဘမျက်ဝန်းရိပ်က သူ့အား အားအင်ပြည့်ဖြိုးစေပြီး အတိတ်ကို ယူပစ်လိုက်သည်။





"အဘ လိုက်ရှာနေတာ"

"ကန်တော့နော် အဘ၊ လူလေးအတွက် အဘ အလုပ်ရှုပ်သွားပြီ ထင်တယ်"

"မရှုပ်ပါဘူးကွာ. . . စိတ်ပူတာ သက်သက်ပဲ၊ လာ. . . လူလေး ပြန်ကြရအောင်၊ မင်းအမေ စိတ်ပူနေတယ်"

လူလေးသည် အဘနှင့်အတူ ပြန်လိုက်ခဲ့သည်။ လူလေး၏ အလွမ်းနှင့် ကြေကွဲမှုတို့ကို မင်းတုန်းချောင်းနံဘေး၌ ထားရစ်ခဲ့လိုက်လေသည်။ သို့မှသာလျှင် သူသည် အဘတို့နှင့် ဆက်လက်နေထိုင်နိုင်မည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့အသက်သည် စစ်တုရင် ကစားရန်အတွက် တိုတောင်းလွန်းလှသည်။

Life is too short to chess.

# အခန်း (၅)

"လူလေး. . . ရော့. . . အရေးပေါ် မီးချောင်းနဲ့ စာဖျက်

"ဟင်"

အဘ ပြည်သို့ ဆင်းသွားရခြင်း၏အကြောင်းရင်းကို

လူလေး သိလိုက်ပြီ။ အဘ စေတနာကြောင့် သူ ရင်ထဲ မချိတင်ကဲ

ခံစားလိုက်ရသည်။ လူသားအချင်းချင်း ထားတတ်သော မေတ္တာ

တရားသည် တစ်ခါတစ်ရံ၌ သွေးသားရယ်မှ မဟုတ်ဘဲ သူစိမ်းများ

အပေါ်၌လည်း ထူးထူးခြားခြား ရှိတတ်သည် ဆိုခြင်းကို ယခု





သူ ကိုယ်တွေ့ဖြင့် ယုံကြည်လာမိသည်။

"အဘရယ်"

လူလေး ဘာပြောရမှန်း မသိအောင် ရင်ထဲ၌ ဝမ်းသာလုံး ဆို့နေလေသည်။

"ဘာမှ အားမနာနဲ့. . . အဘတို့မြို့ရဲ့ ပညာရေးမှာ စေတနာ လုပ်အားပေးနေတဲ့ လူလေးရဲ့ပါရမီကို အဘတို့က ကူညီပြီး ဖြည့်ဆည်းပေးရမှာပေါ့လေကွာ. . . မဟုတ်ဘူးလား"

လူလေး ခေါင်းသာ ညိတ်လိုက်ရသည်။ အဘသည် တစ်သက်လုံး ကျွဲနွားနှင့် ကုန်းရုန်းကာ ရှာဖွေထားသမျှသည် လူလေး ရောက်လာသောအခါမှ ကုန်ဆုံးရသည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရလေပြီ ထင်၏။

လူလေး. . အဘတို့အတွက် ဘာတွေများ ဝယ်ပေးရမည်နည်းဟု စဉ်းစားလိုက်သည်။ လိုလေသေး မရှိ ပြည့်စုံနေသည်။ ဆန်အတွက်လည်း မပူရ၊ ဝမ်းစာအတွက် စပါးကျီ၌ စပါးအပြည့် ရှိနေလေသည်။ အမေက ကိုယ်တိုင်မောင်းထောင်းကာ ဆန်ဖွပ်စားလေသည်။ သို့မှသာ ဆန်၏အဆီအနှစ်တို့နှင့် ပြည့်ဝသည်ဟု ယူဆထားလေသည်။ တစ်ခါတစ်ရံ ခေတ်မီတိုးတက်မှု မရှိတော့သော တောင်သူတောင်သားတို့၏တင်းတိမ်ရောင့်ရဲမှုနှင့် ရိုးသားမှုက ချစ်စရာကောင်းလှသည်။ ခင်တွယ်စရာလည်း ကောင်းလှသည်။

"လူလေးအတွက် မုန့်ပုံးလဲ ဝယ်လာသေးတယ်ကွ၊ လူလေး စားတတ်မယ် ထင်လို့၊ ကော်ဖီတို့ဘာတို့တော့ အဘ မသိလို့၊ ထိုင်ရမယ်ရ နက်စ်တစ်ပုလင်းပဲ ဝယ်ခဲ့တယ်"

"အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



လူလေးသည် အဘကို ချစ်မြတ်နိုးခြင်း များစွာဖြင့် ကြည့်လိုက်သည်။ အဘတို့ ကျေးဇူးတရားတွေသည် သူ့၌ တောင်ပုံရာပုံ ဖြစ်လာလေပြီ။ အဘယ်နည်းနှင့် ဆပ်ရမှန်းမသိ။ အဘတို့ကို ရွှေပေး၍လည်း ရမည်မဟုတ်၊ ငွေပေး၍လည်း ရမည်မဟုတ်။ ထို့ကြောင့် လူလေး စဉ်းစားသည်။ ဘာတွေများ ပေးဆပ်ရမည်နည်းဟု။

"ကဲ. . . ကဲ. . . လူလေး လုပ်စရာရှိတာ ဆက်လုပ်၊ အဘနဲ့မယ်ချော. . ထွေးညိုတို့ တဲဘက် သွားလိုက်ဦးမယ်"

ထွေးညိုတို့မိသားစုသည် ဆင်းရဲသည်။ ထွေးညို အပါအဝင် ထွေးညိုမောင် ဖိုးအေးနှင့်ချက်စုသည် အဘတို့ ယာတော၏ ပင်တိုင်အလုပ်သမားများဖြစ်နေသည်။

"လူလေး. . . ဒီမှာ လက်ဖက်သုပ်၊ လူလေး ကော်ဖီသောက်ချင်ရင် နွားနို့အိုးလေးလဲ ပြာပူနဲ့ တင်ထားတယ်၊ သကြားပုံးလဲ ရှိတယ်. . . ဖျော်သောက်နော်၊ အမေ မဖျော်တတ်လို့"

"လူလေး မသောက်တတ်တော့ဘူး အမေ၊ အမေ့လက်ရာ ကောက်ညှင်းပေါင်းတို့၊ ဆီထမင်းတို့၊ လက်ဖက်သုပ်တို့ပဲ စားတတ်တော့တယ်၊ ဒါကြောင့် မနက်ဖြန်ရောက်ရင် ဘုန်းကြီးကျောင်းကို သွားလှူလိုက်ရအောင်၊ ဆရာတော်လည်း အသက်ကြီးပြီဆိုတော့ လိုအပ်မယ်ထင်တယ်၊ အဘတို့လည်း ကုသိုလ်ရတာပေါ့"

"လူလေးသဘောပဲ"

ပြောပြောဆိုဆို အဘတို့ ဆင်းသွားလေသည်။ လက်နှိပ်ဓာတ်မီးလေးနှင့် တောင်ဝှေးတစ်ချောင်းစီတော့ ယူသွားကြသည်။ လူဆိုးသူခိုး ကင်းရှင်းသော တောရွာလေးကြောင့် ထင်သည်။





တဲအိမ်၌ တံခါးမရှိ မားမရှိ နေထိုင်ကြသော်လည်း ဘာမှမဖြစ်ကြချေ။

ပြောင်းလဲလာသော ဘဝတစ်ဆစ်ချိုး၌ အံ့သြဖွယ်ရာများ ကြုံတွေ့နေရခြင်းကပင်လျှင် လူလေး၏ခံစားချက်ဝေဒနာကို ပျောက်ကင်းစေသည် ထင်ပါသည်။

"ဆရာ. . . ဆရာဦးလူလေး"

"ဆရာ. . ."

ပြဿနာသည် ဖိတ်ခေါ်မထားဘဲ ရောက်လာတတ်သည် ထင်ပါသည်။ ကျက်မိနေသော အသံရှင်က ဒေါ်သစ်သစ်လွင်၏ အသံဖြစ်သည်။ တစ်ဆက်တည်း မိန်းကလေးအဖော်နှစ်ယောက် ပါလာသည်။ တစ်ယောက်သည် ဆရာမဖြစ်ပြီး တစ်ယောက်သည် ကျောင်းသူဖြစ်သည်။

အဘတို့လည်း မရှိသဖြင့်. . .

"ဘာကိစ္စလဲ"

ခပ်တင်းတင်းပင် မေးလိုက်သည်။

တစ်ခါတစ်ရံ လူမှုရေးတွေဘာတွေ သိတတ်နေ၍မဖြစ်။ အလိုက်ကန်းဆိုး မသိသောသူများကို လူလေး ခပ်ရိုင်းရိုင်းပင် ဆက်ဆံလိုက်သည်။

"ကိုမင်းထက်ကလည်း. . . ကိစ္စရှိမှ လာရမှာလား"

ဒေါ်သစ်သစ်လွင်မှအပ ကျန်ဆရာမနှင့်ကျောင်းသူက မျက်နှာပျက်နေလေသည်။

"သူစိမ်းလူပျိုတစ်ယောက် နေတဲ့အိမ်ကို ညကြီးမင်းကြီး အဖွဲ့တွေ လာတယ်ဆိုတာ လူကြားလို့ကောင်းတဲ့သတင်းလား၊



www.burmeseclassic.com

www.burmeseclassic.com



ဆောရီးပဲ ဆရာမ၊ ကျူပ်မှာ ဇွဲသည်လဲ မရှိဘူး၊ မိတ်ဆွေလဲ မရှိဘူး၊ သူငယ်ချင်းလဲ မရှိဘူး၊ ဒါပါပဲ. . . ပြန်တော့"

ဒီတစ်ချီတွင်တော့ ဒေါ်သစ်သစ်လွင် မျက်နှာပျက်သွားသည်။ ကျန်ဆရာမနှင့် ကျောင်းသူကတော့ စက်ဘီးကိုယ်စီ တွန်းပြီး ဖြစ်နေလေသည်။ လူလေးကို ဒေါ်သစ်သစ်လွင်က စူးစမ်းသော အကြည့်ဖြင့် စိုက်ကြည့်သည်။

"ရှင် စိတ်မှ ကောင်းသေးရဲ့လား"

"မကောင်းဘူး. . . သိပ်စိတ်တိုလာရင် လူသတ်ရမှာလဲ ဝန်မလေးဘူးဆိုတာ ခင်ဗျားခေါင်းထဲ မြဲမြဲမှတ်ထားလိုက်"

"ကြောက်စရာကြီးပါလားနော်၊ ဟုတ်ကဲ့. . . မှတ်ထားပါ့ မယ်"

ဒေါ်သစ်သစ်လွင်သည် အကြောက်အလန့် ရှိပုံမရချော့ ပြောင်ချော်ချော် ပြောဆိုကာ ထွက်သွားလေသည်။ မြောက်ပြန် လေညင်းဖြစ်သော ဆောင်းလေပြည်လေညင်းက လူလေးအား ချမ်းတုန်အောင် ကျီစယ်ကာ အလွမ်းချဲ့စေသည်။ လူလေး၏ အလွမ်းအငွေ့အသက်တို့သည် နှလုံးသားကို ရစ်ပတ်နှောင်ဖွဲ့လာ သည်။

ဖွက်ပြီးသွားသော စာအုပ်ပုံကို ခေါင်းအုံးကာ လှဲချလိုက် သည်။ သူသည် လူကြမ်းဘဝသို့ ရောက်ရှိနေလေပြီကော။ ဤသို့ ဖြစ်ရခြင်းကလည်း ကေကေကို မုန်းလို့မဟုတ်သကဲ့သို့ လူတွေကို လည်း မုန်း၍မဟုတ်ပါ။ မုန်းတီးနေသည်က ကံကြမ္မာကိုပင်။

လူမတန်၍ ကံကို အပြစ်တင် ပုံချခြင်း မဟုတ်။ လူလေး သည် ကံကိုသာ ယိုးမယ်ဖွဲ့ရသည့်အဖြစ်နှင့် ကြုံနေခြင်းကြောင့်ဖြစ်





သည်။

လူလေး ကေကေကို တမ်းတမ်းတတ လွမ်းမိလေပြီ။ အညာဆောင်းက အရိုးခိုက်အောင် ချမ်းတုန်စေသော်လည်း အမေ က သွပ်ပြားပေါ်၌ မီးသွေးဖိုလေးနှင့် အချမ်းကို လျှော့ပါးစေရေး အန်တုပေးထားခဲ့လေသည်။ အဘနှင့် အမေ၏နွေးထွေးသော မေတ္တာရိပ်၌ ခိုလှုံနေရခြင်းသည် လူလေး၏သောကအတွက် အကောင်းဆုံးသော ကုစားမှုတစ်မျိုးဖြစ်နေသည်။

လူလေးသည် ဂျာကင်အိတ်ကပ်ထဲမှ ဓာတ်ပုံလေးကို ထုတ်ကြည့်လိုက်သည်။

"မင်းမင်းနော်. . . မင်းမင်း အလိုကို လိုက်လို့သာ ဓာတ်ပုံ ပေးရတာ၊ ကေကေ့သဘောအရဆိုရင် လုံးဝမပေးချင်ဘူး သိလား"

"ဘာဖြစ်လို့လဲ ကေကေရာ၊ မင်းမင်းမဟုတ်တော့ဘူးလေ၊ မောင်ဖြစ်သွားပြီကော"

"မောင်နော်. . . ရုပ်ကိုက ပြောင်ချော်ချော်နဲ့၊ ဟင်း. . . သူငယ်ချင်းဘဝကနေ ပြောင်းလဲလာတာဆိုတော့ နှုတ်ကျိုးနေလို့ပါ မောင်ရယ်၊ ကဲ. . . ဓာတ်ပုံက ဘာဖြစ်လို့ လိုချင်ရတာလဲ၊ နေ့တိုင်း လဲ မြင်တွေ့နေရရက်နဲ့"

"အိပ်ချိန်မှ မတွေ့ရသေးတာ၊ အိပ်ရာဝင်ခါနီး အလွမ်း ပြေ ကြည့်ရအောင်လေ"

"ဒါပဲနော် မင်းမင်း၊ ဓာတ်ပုံကို ကြည့်ရုံပဲ ကြည့်ရမယ်. . . မနမ်းရဘူး"

"ဘာဖြစ်လို့လဲကွ. . . ဓာတ်ပုံကိုတောင် နှမြောရသလား"

"နှမြောတာ မဟုတ်ဘူး မောင်. . သဝန်တိုတာ၊ ကေကေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဟောဒီဝိညာဉ်နဲ့နာမ်နဲ့ ဒီလူကလွဲရင် ကေကေ့ခါတ်ပုံကို ချစ်တာ နမ်းတာတောင် သဝန်တိုလို့ရှင့်. . . သိပြီလား"

"ဒါဖြင့်ရင်လဲ. . ."

"မင်းမင်းနော်"

လူလေးသည် အတွေးလွှင်ပြင်ကို ပြန်ပြောင်းသတိရမိသည်။ ခါတ်ပုံကို နမ်းရန် ရည်ရွယ်ပြီးမှ မနမ်းတော့ဘဲ အိတ်ကပ်ထဲ ပြန်ထည့်လိုက်သည်။

ချစ်သူအလိုကျကို ချစ်သူ့ကွယ်ရာတွင်လည်း လိုက်နာခြင်းသည် ချစ်သူအား သစ္စာထားရာ ပီသပေမည်ဟု သူ လက်ခံယုံကြည်ထားသည်။ သို့သော် သူ၏ချစ်ခြင်းမေတ္တာတရားတို့သည် သဲထဲ ရေသွန်လိုက်သည့်နှယ် ဖြစ်ပွားနေရလေပြီ။

ကေကေက 'မိသစ်' ဟုခေါ်သော ထိုမိန်းမကြောင့် ဘူးလေးရာ ဖရုံဆင့်သည့်နှယ် သူ့သောကဝေဒနာတို့သည် တိုး၍တိုး၍ လာရသည်။

လူသားကမ္ဘာနှင့် အဝေးဆုံးနေရာသို့ ပြေးထွက်ရှောင်ခွာနိုင်ခွင့် ရှိပါလျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။

လူလေး. . . လောကကြီးမှ ထာဝရ ကျောခိုင်းထွက်ခွာချင်နေလေပြီ။





မြန်မြန်ပြေးသူသည် ရှည်ရှည်မပြေးနိုင်

He that runs fast will not run long.

# အခန်း (၉)

လူလေး စက်ဘီးကို ရပ်လိုက်သည်။ ဘဘတို့ တဲကုပ်နန်းတော်နှင့် မလှမ်းမကမ်းတွင် ပတ်ပလေကာ အဖြူရောင်လေးကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။ မိဘများ လိုက်လာပြီ။ မိဘများနှင့်အတူ ကေကေ ပါလာလိမ့်မည်ဟု ထစ်ထစ်ချ သိနေခြင်းကြောင့်ဖြစ်သည်။

စက်ဘီးကို ပြန်ကွေ့လိုက်သည်။ လူလေး တွယ်ရာမဲ့ လွင့်ပါးနေသည်။ စက်ဘီးကို ထွေးညှိုတို့အိမ်ဘက် ဦးတည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေးညိုတို့ မောင်နှမတစ်သိုက် သူ့ဆန္ဒကို ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဟု သူယုံကြည်သည်။ ကျောင်းသားများ၏လေ့ကျင့်ခန်းစာအုပ်များကလည်း ပါနေသေးသည်။

"ထွေးညို. . . ဟဲ့. . . ဘယ်သူရှိသလဲ"

"ဟာ. . . ဆရာလေး၊ မောကြီးပန်းကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲတော်"

နှထွေးညို ရှိနေသဖြင့် တော်သေးသည်။

"စကားကြာရှည်မနေနဲ့. . . အဘတို့ မေးရင် ငါမရောက်လာသေးဘူးလို့ ပြောလိုက်၊ စက်ဘီးကို ဖွက်ထားလိုက်. . . ဒါပဲ"

လူလေးသည် ထွေးညိုကို အမိန့်ပေးပြီး ယာတောထဲမှ ပြောင်းခင်းအတိုင်း ဖြတ်ပြေးခဲ့သည်။ ထိုမှတဆင့် အဘတို့နှင့် သစ်ခုတ်ရာ ရိုးမအတွင်း ဝင်ခဲ့လေသည်။

မောဟိုက်ကာ ရေဆာနေလေပြီ။ အဘနှင့်အတူ သစ်ခုတ်လိုက်စဉ်က နေရာများသို့ မှန်းဆလာလိုက်သည်။ ဗိုက်ကလည်း ဆာလောင်မွတ်သိပ်လာသည်။

'ဒုက္ခပါပဲ' ဟု လူလေး ညည်းတွားလိုက်သည်။ လူသည် မသေခင်စပ်ကြား၌ ခန္ဓာကိုယ်ကြီးကို အာဟာရ ဖြည့်စွက်ပေးနေရဦးမည်။ တောရဂူကြီးပျော် ရသေ့တစ်ပါး အားထုတ်ရာဂူသို့ မှန်းဆလာခဲ့လိုက်သည်။

မှတ်ဉာဏ်ကောင်းသော သူ့အသိတရားတို့ကြောင့် သူသည် ကျောက်ဂူသို့ တန်းတန်းမတ်မတ် ရောက်သွားသည်။ ရသေ့သည် အသာကျိန်းနေသည်။ သို့သော် လူလေးခြေသံကြောင့် မှိတ်ထားသောမျက်လုံးကို ဖွင့်ကာ အသာပင် ထထိုင်လိုက်သည်။





"ဘာတွေများ ဒုက္ခတွေ့လာသလဲ လူလေး"

လူလေး ရုတ်တရက် မဖြေနိုင်ဘဲ အမောဆို့နေသည်။

"ရေသောက်လိုက်ဦး လူလေး. . . အပန်းဖြေပါ၊ သစ်သီးသစ်ဥများလည်း အလိုရှိရာကို စားသုံးနိုင်ပါတယ် လူလေး"

လူလေး ဟန်မဆောင်နိုင်တော့၊ ရသေ့ကို ဦးချပြီး ဝါးကျည်တောက်မှ ရေကို အရင်ငှဲ့သောက်လိုက်သည်။ ရသေ့က သပိတ်အဖုံးနှင့် ထည့်လာပေးသော ငှက်ပျောသီး၊ မာလကာသီး၊ ဩဇာသီး၊ သင်္ဘောသီးတို့အနက် ငှက်ပျောသီးနှစ်လုံးမျှ စားလိုက်သည်။

အလွန်ချိုသော ငှက်ပျောသီးများဖြစ်နေသည်။ ရသေ့က သူ့အား ပြုံးကြည့်နေသည်မှအပ အမေးမထူချေ။ စပ်စုတုန်း စပ်စုသည်။ လုံးဝ မမေးမမြန်းဘဲ နေပြန်တော့လည်း လူလေး အနေအထိုင်ရ ခက်လေသည်။ ထို့ကြောင့် လူ့အလို နတ်မလိုက်နိုင်ဟု ဆိုခြင်းဖြစ်ပေမည်။

လူလေးက ပုဆစ်ဒူးတုတ် ထိုင်နေခြင်းကို. . .

"သက်သာစွာ ထိုင်ပါ လူလေး၊ အိပ်လိုကလည်း အိပ်နိုင်ပါတယ်၊ ကျုပ် စကြံလျှောက်လိုက်ဦးမယ်"

ရသေ့သည် လူလေးအား ထားခဲ့ကာ ထွက်သွားလေသည်။ လူလေးမှာ ထန်းလက်ဖျာကြမ်း ခင်းထားသော ကျောက်ဂူတွင် လဲလျောင်းလိုက်သည်။ ခေါင်းအုံးဟူ၍လည်း မရှိ၊ သစ်တုံးကို ခေါင်းအုံးကာ အိပ်သည်။ ရောင့်ရဲ တင်းတိမ်စွာဖြင့် အေးချမ်းစွာ တရားကျင့်ကြံအားထုတ်သော ရသေ့ကဲ့သို့ လူလေး ကျင့်ကြံအားထုတ်နိုင်မည်ဆိုပါက အဘယ်မျှ ထူးမြတ်လေမလဲ။

လူလေး အိတ်ကပ်ကို စမ်းလိုက်သည်။ ခေါက်ပိုက်ဆံအိတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်စာအုပ်နှင့် မှတ်ပုံတင်၊ ပြီးတော့ ကေကေ့ပုံလေးသည် လူလေးအား နှောင်ဖွဲ့နေခြင်းဖြစ်ပေမည်။ လူလေးသည် တောင်တွေးမြောက်တွေးနှင့် စိတ်ရှုပ်ထွေးမှုကြားမှ အိပ်ပျော်သွားလေသည်။

အိပ်မက်ထဲ၌ ဖေဖေ၊ မေမေနှင့် ကေကေတို့က သူ့အားအတင်းအဓမ္မ ဆွဲခေါ်သည်။ သူက မလိုက်ဘူး အတင်းရုန်းကန်သည်။ အဘနှင့်အမေက ငိုနေလေသည်။ ကျောင်းသူကျောင်းသားများကလည်း သူ့အား ဆွဲထားသည်။

ဤအဖြစ်ကို ဒေါ်သစ်သစ်လွင်က ကျေနပ်စွာဖြင့် တဟားဟား ရယ်မောနေသည်။ သူက ဇောချွေးများ ပြန်လျက် အားလုံးနှင့်ဝေးရာသို့ ပြေးထွက်ခဲ့လေသည်။ ချောက်ကမ်းပါးသို့ ရောက်သောအခါ လူလေး၌ ပြေးစရာမြေ မရှိတော့။

"မလာနဲ့. . . မလာနဲ့. . . သွားကြ"

လူလေး အသားကုန် ဟစ်အော်လိုက်သည်။ ထိုစဉ် သူရပ်နေသော မြေအစွန်းသည် ပွဲကျသွားသည်။

"အား"

အသံနက်ကြီးနှင့် လူလေး ကြုံးအော်လိုက်သည်။ သေခြင်းတရားကို အိပ်မက်ထဲမှာတောင် ကြောက်လန့်တတ်ပါလားဟု လူလေး တုန်လှုပ်ခြင်း ကြီးမားစွာဖြင့် သတိပြုမှုမိလိုက်လေသည်။





www.burmeseclassic.com



[illegible] ချစ်ပါ
[illegible] ကြာရှည်စွာ ချစ်ပါ။

Love me little . Love me long.

# အခန်း (၁၀)

ကေကေ့၌ ငိုစရာမျက်ရည် မရှိတော့ပါ။ ချစ်သူက အစွန့် ပစ်ခံ မိန်းမသားတစ်ယောက်၏ခံစားမှုကို ရသော ယောက်ျားသား တို့သည် ကိုယ်ချင်းစာတတ်လိမ့်မည် မဟုတ်။

မိသစ်ထံမှ စာလာသောအခါ ကေကေ့၌ မျက်ရည်များ ခန်းခြောက်၍ နေလေပြီ။

"ငါ့အထင်တော့ နင့်လူဟာ ရူးများရူးနေပြီလား မသိပါဘူး ဟယ်" ဟူသော မိသစ် စာကြောင့် တွေ့ချင်စိတ်က ပြင်းထန်လာ





သည်။

"နင်နဲ့သူ့မိဘတွေ မင်းတုန်းကို ခြေချတဲ့နေ့ဟာ သူ မင်းတုန်းက ပျောက်သွားမယ့်နေ့ပဲလို့ ငါ့ကို မြိမ်းခြောက်ထားတယ်၊ ဒါကြောင့် ငါ နင့်ဆီကို စာရေးဖို့ စဉ်းစားရသေးတယ်၊ တကယ်လို့ သူဟာ အပြောနဲ့အဟောညီစွာနဲ့ နင်လိုက်လာတာနဲ့ မင်းတုန်းက ပျောက်သွားရင် မင်းတုန်းကျောင်းသူကျောင်းသားတွေ နစ်နာသွား မယ့်အရေးအတွက် ငါလဲ ထည့်စဉ်းစားရသေးတယ်လေ၊ အဲ. . . ဒါပေမယ့် နင့်အတွက်လဲ သူငယ်ချင်းကောင်း မပီသမှာ စိုးရသေး တယ်၊ နင် သူ့အပေါ် ဘယ်လောက်ချစ်ပြီး ဘယ်လောက်ခံစားနေရ တယ်ဆိုတာ ငါက သိနေလေတော့ နင့်ခံစားချက် သက်သာပါစေလို့ ဒီစာကို ရေးလိုက်ရတာ"

"ဒီအချိန်ဆိုရင် သူပြန်ရောက်သင့်ပါပြီဟယ်"

မိသစ်ကလည်း ကေကေအစား ပူပန်ကာ လည်တဆန့်ဆန့်နှင့် ဖြစ်နေသည်။ အန်ကယ်နှင့်အန်တီကလည်း အဘနှင့်အမေ တို့နှင့် စကားပြောရင်း လည်တဆန့်ဆန့် ဖြစ်နေကြသည်။

"အဲ. . . အခုမှ သတိရတယ်၊ အန်ကယ့်ကား မြင်တာနဲ့ အန်ကယ်တို့ ရောက်နေမှန်း သိပြီး ရှောင်ထွက်သွားရင် ဘယ်နှ ယ်မလဲ၊ ကားကို တစ်နေရာမှာ ဖွက်ထားရင် ကောင်းမယ်"

"ကားဖွက်စရာ နေရာရှိလို့လား"

အဘတို့အိမ်အနီး မောင်းနှင်၍မရ၊ ကားလမ်းနံဘေး ရှိ သော ယာခင်း၌ မြေပဲပင်၊ နှမ်းပင်များနှင့် ပြည့်နေလေသည်။

"ရောက်နေကျအချိန်ထက် လွန်နေပြီ ကိုဖိုးထော်၊ လူလေး တို့များ သိသွားလို့ ရှောင်ထွက်သွားသလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



လယ်သူမရိုးရိုး အမေ၏တွေးခေါ်ချက်သည် အလွန်လျော်ကန်သင့်မြတ်သဖြင့် ကေကေစိတ်၌ သောကမီး ဟုန်းဟုန်းတောက်သွားရသည်။ သဲလွန်စလေး ရထားကာ မျှော်လင့်ချက်ကြီးမားစွာဖြင့် လာရသော ကေကေအတွက် ဆောက်တည်ရာ မရအောင် ဖြစ်သွားရသည်။

"ကျောင်းလိုက်မေးမယ်"

စိတ်မြန်လက်မြန်ရှိစွာဖြင့် သူမ ထလိုက်သည်။

"ဒါလဲ ကောင်းတယ်"

"ဒီလိုလုပ်ပါလား. . . ဒီက တူမောင်တို့ကိုလဲ အားနာတယ်၊ ဒီမှာဆိုရင် စောင်မလုံမလောက်နဲ့ အခက်အခဲ တွေ့လိမ့်မယ်၊ ဒီတော့ မြို့က အဘအိမ်မှာပဲ တည်းကြပါ၊ လူလေး ဒီကိုရောက်လာရင် အဘကိုယ်တိုင် လာပို့ပေးပါ့မယ်၊ စိတ်ချလက်ချ နေပါ၊ အဘတို့ကိုယ်ချင်းစာပါတယ်"

"ကျေးဇူးတင်ပါတယ် အဘ၊ ကျွန်တော်ဆို ရုံးက ခွင့်ယူပြီးတော့ကို လိုက်လာခဲ့ရတာ၊ သူ့အမေလဲ ကျောင်းက ခွင့်ယူခဲ့ရတာပဲ အဘရယ်၊ အဘတို့အမေတို့ အဆင်ပြေသလိုသာ စီစဉ်ပေးပါ၊ ကျွန်တော်တို့က သားလေးနဲ့ ပြန်တွေ့ရရင် တော်ပါပြီ၊ သူ ကျန်းမာမာ ရှိရင်ပဲ ကျေနပ်ရမှာပါ၊

သူ့အခက်အခဲကိုလည်း ကျွန်တော်တို့ မသိရတော့ ဘယ်လို ဖြေရှင်းပေးရမှန်း မသိလို့ပါ၊ သားနဲ့ တွေ့ပြီးရင် သူ စိတ်ချမ်းသာဖို့အတွက် သူ့ဆန္ဒကို လိုက်လျောပေးမှာပါ"

အဘက သက်ပြင်းချလေသည်။ လူကြီးပီပီ မိဘချင်းစာနာကာ မိဘများ၏ဆန္ဒကိုလည်း ဖြည့်စွမ်းပေးချင်သည့်ဆန္ဒရှိ





ရသည်။

"အိမ်း. . . အဆင်ပြေစေရမှာပေါ့"

ကေကေ့ကတော့ လူကြီးတွေစကားတွင် ဝင်မပါဘဲ တလေးတစ်ဦးကဲ့သို့ပင် ငေးနေလိုက်သည်။ လူကြီးများဆန္ဒနှင့်သူ၏ဆန္ဒ တူညီချင်မှ တူညီပေမည်။ ကေကေ့ဆန္ဒကတော့ မင်းမင်းနှင့် တွေ့ချင်သည်။ မင်းမင်းသဘောကို သိချင်သည်။ ပြီးတော့ မင်းမင်းနှင့် မခွဲမခွာ နေချင်သည်။ ဤအတွက် မင်းမင်းကို တွေ့ချင်သည်။

တစ်ဖက်သတ် စိမ်းကားခြင်းကို ဘုမသိ ဘမသိနှင့် ခံလိုက်ရသော မိန်းမသားတစ်ဦး၏ခံစားချက်ကို ဥပေက္ခာပြုရက်သော မင်းမင်းဆိုသည့် လူသားကို ထုရိုက်ကာ မေးစမ်းချင်ပါသည်။

"ဒီလိုဆိုရင် ကျုပ်လိုက်သွားရမလား"

"အေး. . . လိုက်သွားလိုက်လေ မယ်ချောရဲ့၊ ကျုပ်လဲ လိုက်ပို့ပေးမယ်၊ လူလေး ပြန်ရောက်လာတာနဲ့ ကျုပ်ခေါ်လာခဲ့ပါ့မယ်၊ ကျုပ်တို့ကိုတော့ စိတ်ချလက်ချသာ နေပါ၊ ကျုပ်တို့ လူလေးကို သက်ခံထားရတဲ့အကြောင်းအရင်းကလည်း လူလေး စိတ်ချမ်းသာစေဖို့ပါ၊ ကျုပ်တို့လက်မခံထားရင် လူလေး တစ်နေရာရာကို ထွက်သွားပါလိမ့်မယ်၊ အဲဒီအခါ မကောင်းတဲ့ပတ်ဝန်းကျင်ကို ရောက်ပြီး လူလေး ပျက်စီးသွားမှာ စိုးရိမ်လို့ပဲ"

"ဟုတ်ကဲ့. . . အဘတို့စေတနာကို သဘောပေါက်ပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်၊ အဘတို့ လက်ခံပြီး သားလေးကို အလုပ်ပေးထားပြီး သားသမီးအရင်းနဲ့မခြား ဂရုစိုက်တာကိုကပဲ ကျွန်တော်တို့မှာ ကျေးဇူးတင်လွန်းလို့ပါ အဘရာ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်သည် တရားသူကြီးပီပီ အပြောကောင်းေ
သည်။ အန်တီကတော့ သားကို တွေ့ချင်ဇောနှင့် စကားပင် နည်းနေ
လေသည်။

"ကိုင်း. . . သွားကြရအောင်"

"အဘ. . . ရှေ့မှာ ထိုင်ပါ၊ လမ်းပြပေးရင်းပေါ့ အဘ
ရယ်"

အန်ကယ်က ကားမောင်းပြီး အဘက ဘေး၌ ထိုင်လိုက်
သည်။ အမေ၊ အန်တီ၊ မိသစ်နှင့် ကေကေသည် နောက်၌ ထိုင်ခဲ့ကြ
သည်။

"ဟဲ့. . . ဘယ်လဲ ထွေးညို"

ကားရပ်သွားပြီး အဘက ဆံတောက်နှင့် မိန်းကလေးကို
မေးလိုက်သည်။ ဆံတောက်ဖားဖား မျက်လုံးမျက်ဆန်နက်နက်နှင့်
ချစ်စရာကောင်းသော တော၏သမီးပျိုကို တွေ့လိုက်ရသည်နှင့်
ရင်ထဲ၌ ပူလောင်သွားသည်။ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော
သဝန်တို ကြောင့်ကြမှု စိုးရိမ်စိတ်ကလေး ဖြစ်သည်။

မင်းမင်းများ ထိုတော၏သမီးပျိုလေးနှင့် အနေများ နီးစ
လေမလား။

"ဟို. . . ဟို. . . ဟို"

"ဘာဖြစ်တာလဲ ဒီကောင်မလေးဟာ၊ ဘာလဲ. . . လူလေး
ကို တွေ့လို့လား။ လူလေး ညည်းတို့ဆီ လာသလား"

အဘက ခပ်ငေါက်ငေါက်ကလေး မေးလိုက်သည့်အခါ
ထိုမျက်လုံးမျက်ဆန်နက်နက်ကလေးသည် ဝိုင်းဝိုင်းလည်သွားပြီး
ကြောက်ရွံ့ဟန်နှင့် ဝေခွဲမရဟန်များ ရောထွေးလာသည်။ အဘ





သည် ကားတံခါးကို ဖွင့်ဆင်းလိုက်သည်။ အဘသည် ထိုလယ်တော
သူမလေးအပေါ်၌ နိုင်စားပုံရသည်။

"ပြောစမ်း ထွေးညို၊ လူလေး ညည်းတို့ဆီ လာတယ် မဟုတ်
သား၊ ငါ့ကို မညာနဲ့နော်"

ထွေးညိုသည် အဘကိုတစ်လှည့်၊ ကေကေတို့ကို တစ်လှည့်
ကြည့်လိုက်သည်။ စိုးရိမ်သောကဖြင့် အချစ်ဝေဒနာကြောင့် ပိန်ပိန်
ပါးပါးလေးသာ ရှိတော့သော ကေကေနှင့် မျက်လုံးချင်း ဆုံမိကြ
သည်။

ကေကေ့နှုတ်မှ 'ပြောပြပါ ညီမလေးရယ်၊ မမချစ်သူ ဘယ်
မှာ ရှိတယ်ဆိုတာ ပြောပြပါကွယ်၊ မမမှာ သူ့စိတ်နဲ့ ဒုက္ခရောက်နေ
ပါတယ်၊ စာနာပါ ညီမလေးရယ်' ဟု ပြောဆိုနေကြောင်း သူမ
အလည်သဘောပေါက်သွားပုံရသည်။

"ဟုတ်ကဲ့"

"အခု ဘယ်မှာလဲ"

"ဒါဖြင့် သား ဘယ်မှာလဲ"

မေးသံများက ပြိုင်တူလို ထွက်လာသည်။ ထွေးညိုက
ခေါင်းလေး ငုံ့ကာ တံထွေးတစ်ချက်ကို ခဲရာခဲဆစ် မျိုချလိုက်ပြီးမှ

"ဟို. . . ဘယ်မှာလဲဆိုတော့ မသိဘူး"

"ဟင်"

"ရှင်းရှင်းပြောစမ်း ထွေးညို၊ လူလေး ညည်းဆီ ရောက်လာ
သလား"

အဘသည် သူ၏လုံမလေးအကြောင်းကို သူ သိပုံရသည်။
အခွန်းထုတ်ခြင်းဖြင့် သိလိုသည်တို့ကို မေးမြန်းယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လာပါတယ်"

"ရောက်လာပြီး ဘာပြောသလဲ"

"စက်ဘီးကို ဝှက်ထားပေးဖို့ ပြောတယ်"

"ပြောပြီး ဘာလုပ်သလဲ"

"ဘာမှ မပြောဘူး၊ အဘမေးရင် ငါရောက်မလာဘူးလို့ ပြော၊ စက်ဘီးကို ဝှက်ထားလို့ ပြောပြီး ယာခင်းကနေ ဖြတ်ပြေးပြီး ရိုးမထဲဘက် ဝင်သွားတယ်"

"ဟာ"

"ဟင်"

"အို"

စိုးရိမ်မှုဖြင့် အာမေဋိတ်သံများ ထွက်လာသည်။

"အဲဒါ ဖိုးအေးကို လိုက်ကြည့်နိုင်းမလို့"

"အေး. . . ဒါကောင်းတယ်"

အဘ၏အဆုံးအဖြတ်ကို ငံ့လင့်သောအားဖြင့် အဘကို သာ အားကိုးတကြီး ကြည့်လိုက်သည်။

"ဒီလိုလုပ်. . . ကျုပ်အိမ်မှာပဲ အေးအေးဆေးဆေး နား နေကြပါ၊ ကျုပ် သွားဖျောင်းဖျပြီး ခေါ်ခဲ့ပေးမယ်၊ ကတိတစ်ခုတော့ ကျုပ်ကို ပေးရလိမ့်မယ်"

"ဟုတ်ကဲ့. . . ပေးပါတယ်၊ သားအတွက် ကောင်းမယ် ကိစ္စဆိုရင် ဘာမဆို လိုက်နာဖို့ အဆင်သင့်ပါ၊ အမိန့်ရှိပါ အဘ"

အန်ကယ်သည် ပညာတတ် ပီသလွန်းလှသည်။ လ သမားကြီး အဘအပေါ် ရှိသေလေးစားမှုက အပြည့်အဝ ရှိသည်

"လူလေးမှာ အင်မတန် စိတ်နှလုံး ပျက်သုဉ်းစရာကောင်း





တဲ့ ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့နေပုံရတယ်၊ အဲဒီအတွက် သူဟာ ဖြေ ဆည်ရာ ရှာဖွေနေတယ်လို့ အဘ သဘောပေါက်ထားတယ်၊ အဲ. . ရှင်းရှင်းပြောရရင် ဘယ်သူမှ မသိနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခု သူ့ မှာ ရှိနေတယ်၊ ဒါကြောင့် သူဟာ ဖြစ်ချင်ရာဖြစ် သေမထူးနေမထူး ဆိုပြီး လေဟုန်စီးနေတဲ့ ရွက်ပါပဲ၊

ဒီတော့ လူလေး လွင့်ပါးမသွားရေးအတွက် အားလုံးက နားလည်ပြီး လူလေးဆန္ဒကို လိုက်လျောပေးပါ၊ အဓမ္မ မလုပ်ကြပါနဲ့ လို့ အဘ တောင်းဆိုချင်တယ်၊ အဲဒီလို တောင်းဆိုလို့လည်း လူလေး ကို လက်လွှတ်သွားရမှာစိုးလို့ ကိုယ့်ဘက် ကိုယ်ယက်တဲ့ တောင်းဆိုမှု မဟုတ်ဘူးဆိုတာ တူမောင်တို့ နားလည်ထားပါ၊ အဘတို့ဟာ လူလေးရောက်မလာလည်း နေတတ်တယ်၊ လူလေး ပြန်သွားလဲ နေတတ်ပါတယ်၊ လူလေးဟာ ဧည့်သည်ပါ၊ အချိန်တန်ရင် အိမ်ပြန် မယ်ဆိုတာ အဘတို့ သဘောပေါက်ပြီးသားပဲ၊ သံယောဇဉ်မီးရဲ့ လောင်မြိုက်မှုကို ငြိမ်းသတ်နိုင်တဲ့ တရားဓမ္မဆေး အဘတို့မှာ ရှိနေ ပါတယ်၊ ဒီတော့ အဘတို့အကျိုးအတွက် မဟုတ်ဘူး၊ လူလေးအကျိုး အတွက် ပြောဆိုနေတယ်ဆိုတာ တူမောင်တို့ နားလည်ရင် အဘ လူလေးကို ရအောင်ခေါ်ခဲ့ပေးမယ်"

"ကျေးဇူးကြီးလှပါတယ် အဘရယ်၊ အဘစကားကို ကျွန် တော်တို့ နားထောင်ပါ့မယ်၊ သားကိုသာ ရအောင်ခေါ်ပေးပါ အဘ ရယ်"

"ကိုင်း. . . ဒါဖြင့် ပြောနေ ကြာတယ်၊ အဘ အခုပဲ တော ထဲကို လိုက်မယ်၊ မယ်ချော. . . ကားရှေ့ လာထိုင်ပြီး လမ်းပြပေး လိုက်ပါ၊ ထွေးညို. . . မယ်ချောနဲ့ လိုက်သွားပြီး ဝိုင်းလုပ်ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . ဟုတ်. . အဘ"

ပြတ်သားသော လယ်သမားကြီး၏အစီအမံ၌ အားလုံး လိုက်နာနေရသည်။ အဘ ပြောသကဲ့သို့ ကေကေ လိုက်နာချင်ပါ သော်လည်း နှလုံးသား၏တောင်းဆိုချက်ကြောင့် ချစ်သူကို တွေ့လို လှပြီဖြစ်ရာ ကားကို ကျောခိုင်းထွက်သွားသော အဘအား. . .

"အဘ"

"ဟေ"

"ကေကေ လိုက်လို့မရဘူးလား"

"လိုက်လို့မရဘူး"

"ဟင်"

"ဟုတ်တယ် လုံမလေး ကေကေ၊ ဘာဖြစ်လို့လဲဆိုတော့ လူလေးဟာ အချစ်ဆုံးသူကို အရှောင်ရှားဆုံး ဖြစ်နေလို့ပဲ"

ကေကေ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ အဘ စကားကို သူ မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ လယ်သမား ဦးကြီးပါးစပ်မှ ထွက်သောစကားမှ ဟုတ်ပါလေစဟုလည်း သူမ အံ့အားသင့်ရသည်။

တစ်ဆက်တည်း ဆိုသလို သူတို့အား ကျောခိုင်းထွက်ခွာ သွားသော အဘကို ငေးကြည့်မိသည်။

"ကိုင်း. . . ကားပေါ်တက် သမီး"

အန်ကယ်က ဆော်ဩလိုက်မှ ကေကေ ကားပေါ် ပြန် တက်လိုက်သည်။ ကားနှင့် အဘသည် ဆန့်ကျင်ဘက်အနေအထား ဖြစ်၍ တဖြည်းဖြည်း ဝေးကွာသွားကြသည်။

"သားဟာ တော်ရုံလူကို ဆည်းကပ်မှာ မဟုတ်ပါဘူး။





အဘလို ရိုးသားဖြောင့်မတ်ပြီး အသိဉာဏ် ဗဟုသုတကြွယ်တဲ့ လူတစ်ယောက်ဖြစ်လို့လဲ အန်တီလဲ ယုံကြည်ထားတဲ့အတွက် သား လိုက်လာလိမ့်မယ်လို့ အန်တီ ယူဆတယ်၊ စိတ်အေးအေးထားပါ သမီး"

ယောက္ခမလောင်းကြီးများကိုလည်း ကေကေ မရှက်နိုင် တော့ပေ။ ချစ်၍လည်း မရှက်နိုင်ခြင်းဖြစ်ကြောင်း နားလည် သဘောပေါက်ကြလိမ့်မည်ဟုလည်း ကေကေ ယုံကြည်ပါသည်။ ပြောသာစရာ စကားတစ်ခွန်းကြောင့် ကေကေ၌ မျှော်လင့်ချက် ရောင်ခြည်လေး သမ်းလာရသည်။ သို့သော် ထိုစကားကြောင့် ကြည်မွေ့ရင်ခုန်ရခြင်းဟူသော ခံစားချက်ကတော့ ဖြစ်မလာပါ ချေ။ အဘယ့်ကြောင့်ဆိုသော် သောက၏ကြောင့်ကြမှုက ရှေ့မှ ဆီးခံနေသောကြောင့်ဖြစ်သည်။

အချစ်ဆုံးသူကို အရှောင်ရှားဆုံးဖြစ်ရအောင် ဘာဒုက္ခ တွေနဲ့များ တွေ့ကြုံရင်ဆိုင်နေရသလဲ မောင်ရယ်. . .

ဟု စိုးထိတ်ရင်းဖြင့်သာ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဆိတ်နေခြင်းသည် အမှားချေး ဖြစ်၏

Silence is a long way between
doing and saying

# အခန်း (၁၁)

"သားငယ်"

ဒေါ်မာလာက သားအား ဆီးကြိုပွေ့ဖက်ကာ မျက်ရည်အရွှဲသားနှင့် သားကို ခြေဆုံးခေါင်းဖျား ကြည့်သည်။ ကေကေ့ရင်၌ ရင်ခုန်ခြင်းနှင့်အတူ မင်းမင်းကို စိုက်ကြည့်မိသည်။ အသားညိုသွားကာ ပို၍ကြံ့ခိုင်လာသော မင်းမင်း၌ ဘာများ စိတ်သောကတွေ ဝင်ရောက်နေရသနည်း။

"ဘာငိုစရာအကြောင်း ရှိသလဲ မေမေ၊ သားဟာ လူဆိုး





ဖြစ်နေလို့လား"

"မ. . မဟုတ်ပါဘူး သားရယ်၊ သား ဘာဖြစ်လို့ အိမ်က ထွက်ပြေးရတာလဲ"

"မနေချင်လို့"

"ဘာဖြစ်လို့ မနေချင်ရတာလဲ သား၊ ဖေဖေတို့ကို ဖွင့်ပြောမှ ဖေဖေတို့က သိမှာပေါ့"

"သိရင် ဖေဖေတို့က ဘာလုပ်ပေးနိုင်သလဲ"

အန်ကယ်ဦးကောင်းထက် အပြုံးမပျက်။

"အနာရှိရင် ဆေးရှိရမှာပေါ့ သား"

"အဲ. . . အဲ့အနာအတွက် ကုရာနတ္ထိ ဆေးမရှိဘူးဆိုရင်ကော ဖေဖေ"

ယခုထက်ထိ ကေကေနှင့်သူ မျက်လုံးချင်း ဆုံခွင့် မရသေးချေ။ ကမ္ဘာပေါ်တွင် ကံအဆိုးဆုံးသော မိန်းမသားတစ်ယောက်၏ ဘဝသို့ ကေကေ ရောက်ရှိနေပါလားဟု ဝမ်းနည်းဖွယ်ရာ တွေးမိကာ ဝရန်တာဘက် ထွက်ခဲ့သည်။

မင်းမင်းတို့ သားအဖများ စကားအနည်းအငယ်တင် ပြောဆိုဆွေးနွေးနေကြသည်။

"သား ဘာဖြစ်လို့ မနေချင်ရတာလဲဆိုတာ ရှင်းပြပါဦး၊ မေမေ့ကို မကျေနပ်လို့လား၊ ဖေဖေ့ကို မကျေနပ်လို့လား၊ ဒါမှမဟုတ် မမလတ်ကို မကျေနပ်လို့လား၊ ဒါမှမဟုတ် မမလတ်တို့မိသားစုကိုလား. . . ကိုကိုကြီးတို့မိသားစုကိုလား"

"ဘယ်သူ့ကိုမှ မဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့ မနေချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ကလည်း တရားသူကြီးပီပီ လှည့်ပတ်မေးမြန်းလျက်ရှိသည်။

"ဖေဖေတို့ဆီမှာတင် မကဘူး၊ သား ဘယ်မှာမှ မနေချင်ဘူး၊ လူ့လောကကြီးရဲ့အဝေးဆုံးနေရာကို ထွက်ပြေးချင်တယ်"

"ဒါဖြင့် သား ဘုန်းကြီးဝတ်မလား"

"ဒီလောက်လည်း သား ပါရမီကံ မရင့်သန်သေးဘူး ဖေဖေ"

"ဒီမှာကျတော့ သား ဘာလို့ နေနိုင်သလဲ"

"သား ဒီမှာ အလကား နေတာမဟုတ်ဘူး ဖေဖေ"

"ဆိုပါဦး"

"သား ကျောင်းသူကျောင်းသားတွေရဲ့လိုအပ်တဲ့ဘာသာကို သင်ပေးခြင်းအားဖြင့် ပညာပါရမီ ဒါနမျိုးစေ့ ချနေတာ ဖေဖေ၊ ပြီးတော့ သားရဲ့စိတ်ကို စိုက်ပျိုးခြင်းဆိုတဲ့အလုပ်နဲ့ တိုင်းပြည်ရဲ့ ရိက္ခာအင်အားလဲ ဖြည့်ဆည်းရင်း စိတ်ကိုလည်း ကုစားနိုင်တဲ့အတွက် သား ဒီမှာ နေနေတာပါ ဖေဖေ၊ လူဖြစ်တဲ့သားဟာ လူကြားထဲမှာ လူသားအကျိုးပြုရင်း နေတာကို မေမေ ဖေဖေတို့က ဝမ်းသာအားရနဲ့တောင် ခွင့်ပြုရဦးမှာပါ။ ဒီတော့ သားကို ဒီမှာပဲ နေခွင့်ပေးပါ ဖေဖေ"

ကေကေ ရင်ထဲ ဒိတ်ကနဲ ဖြစ်သွားသည်။

"သားက အရွယ်ရောက်ပြီပဲ၊ သားလုပ်ငန်းနဲ့ ရည်ရွယ်ချက်တွေဟာလဲ ကောင်းပါတယ်၊ အဘတို့လိုလူမျိုးနဲ့ နေတဲ့အတွက် ဖေဖေ ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် သား ဖေဖေတို့အပေါ်မှာ စွန့်ခွာသွားခြင်းအတွက် ဖေဖေ ဘဝင်မကျနိုင်ဘူး"





"ဒီအတွက် ဘာမှစိုးရိမ်မှုမဖြစ်နဲ့ ဖေဖေ၊ သားဟာ စိတ်ဓာတ်ရေးရာ ချွတ်ယွင်းနေသူတစ်ယောက်လို့ပဲ မှတ်ယူထားလိုက်ပါ"

"ဒီလိုဆို ဖေဖေတို့က သားကို စိတ်ရောဂါအထူးကု ပါရဂူတွေနဲ့ ပြသရမှာပေါ့၊ ခဏတော့ ပြန်လိုက်ခဲ့ပါဦးလား သား"

"ဟား. . . ဟား. . . ဟား. . . ဟား"

ကေကေ တုန်လှုပ်သွားသည်။ မင်းမင်း တကယ်ပဲ ဦးနှောက် မကောင်းဘူးလားဟု သံသယဖြစ်သွားသည်။ သို့သော်. . .

"ဖေဖေတို့က အနာတခြား ဆေးတခြား ဖြစ်နေပြီ၊ သားအခြေအနေ သားပဲ သိတယ်၊ လူ့လောကဆိုတာ တိုတိုလေး ဖေဖေ၊ သား စိတ်ချမ်းသာသလို နေသွားပါရစေ ၊ ဖေဖေတို့လဲ ပြန်တော့၊ သားအတွက် ဘာမှမပူနဲ့၊ သား အများကောင်းကျိုး လုပ်နေတာပဲ၊ ဘာမှ ပူစရာမလိုဘူး၊ ဖေဖေတို့သာ အဲဒီလို သံယောဇဉ် နှောင်ဖွဲ့နေမယ်ဆိုရင် သား ဘယ်နည်းနဲ့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး"

"ဘယ့်နှယ် ပြောတာလဲ သား၊ မိဘရဲ့ မေတ္တာတရားနဲ့ သံယောဇဉ် နှောင်ဖွဲ့ခြင်းဟာ သားအတွက် အနှောင့်အယှက် ဖြစ်ရတယ်လို့၊ စိမ်းကားလိုက်တာ သားရယ်"

"မေမေ"

အန်တီမာလာက ငိုကြီးချက်မနှင့် ပြောလိုက်သည်ကို မင်းမင်းက အေးဆေးစွာ ရင်ဆိုင်လျက်. . .

"လူဆိုတာ မွေးဖွားကတည်းက အဖော်မပါဘူး၊ သေသွားရင်လဲ အဖော်မပါဘူး၊ မေမေ့ သားနဲ့အတူ လိုက်မသေပေးနိုင်ပါဘူးမှား၊ ဟုတ်တယ်မလား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီမာလာ အငိုတိတ်ကာ မင်းမင်းအား ပြုံးတူးကြောင်တောင်နှင့် ကြည့်လေသည်။

"သားသေသွားရင် မေမေ အတတ်နိုင်ဆုံးက ကြေကွဲစွာ ငိုကြွေးခြင်းအလုပ်ပဲ လုပ်နိုင်မယ်မလား၊ အဟင်း. . . ဒါကြောင့် သားသေမှ ငိုဖို့အတွက် မျက်ရည်တွေ ချန်ထားပါဦး မေမေ၊ ကဲပါ. . . မနက်ဖြန် မေမေတို့ ပြန်တော့"

"ကေကေ့ကိုကော"

အန်တီမာလာက သွေးတိုးစမ်းကာ မေးမြန်းလိုက်ခြင်းဖြစ်ကြောင်း ကေကေ နားလည်ပါသည်။

"ခေါ်သွားပါ"

ပြောပြောဆိုဆို ထိုင်ရာမှ ထကာ အိမ်ရှေ့တံခါးမကြီးဆီသို့ ခြေလှမ်းလိုက်သည်။

"ဘယ်လဲ သား"

"လယ်တဲ"

"အို. . . မေမေတို့နဲ့ နေပါဦးလား သားရယ်"

"သား နေတတ်သလို နေပါရစေ"

"အို. . . သားရယ်"

အန်တီမာလာ မျက်ရည်ကျရသည်။ ထိုနည်းတူစွာပင် ကေကေလည်း မျက်ရည်စီးကျရင်း မိန်းမသား၏ဟန်ဆောင်မှု ဟူသော ကန္တြေရှင် အတတ်ပညာကိုပင် မေ့လျော့သွားကာ. . .

'မင်းမင်း' ဟု ခေါ်ရင်း သူ့နောက် ပြေးလိုက်မိသည်။ တစ်ခါတစ်ရံ အချစ်ကြောင့် ကန္တြေသိက္ခာတို့သည် ဘယ်ဆီသို့ ထွက်ပြေးသွားမှန်း မသိတော့ချေ။





သူ့ခြေလှမ်းတို့သည် တုန့်ခနဲ ရပ်ဆိုင်းသွားသည်မှအပ နောက်လှည့်ကြည့်ခြင်း၊ ခွန်းတုံ့ပြန် ပြောခြင်း မရှိပါချေ။

"မင်းမင်း"

သူ့ကို ကျော်ကာ သူနှင့် မျက်နှာချင်းဆိုင်၌ ရပ်လိုက်သည်။ ဤနေရာတွင် ယောက္ခမလောင်းများနှင့် အဘနှင့်အမေတို့သာ မရှိပါက ကေကေသည် မင်းမင်းရင်ခွင်သို့ တိုးဝင်ကာ ရှိုက်ငိုရင်း ရန်တွေ့မိလိမ့်မည် ထင်ပါသည်။

". . . . . . ."

"ကေကေ့မှာ ဘာအပြစ်ရှိသလဲ"

စိမ်းကားခြင်း မရှိသော မျက်ဝန်းတို့သည် ကေကေထံသို့ ရောက်ရှိလာသည်။

"ကေကေဟာ အစွန့်ပစ်ခံရလောက်အောင် ရွံစရာကောင်းနေလို့လား"

"တော်ပါတော့ ကေကေ"

ကေကေ့စကားတို့ကို သူ နားမခံနိုင်အောင် ဖြစ်သည့်အလား အော်ငေါက် တားဆီးလိုက်သည်။

ကေကေ အားတက်သွားသည်။ ထိုအခါကျမှ. . .

"ဒါဖြင့် ကေကေ့ကို ဖြေသာစရာ စကားတစ်ခွန်းတော့ အမှတ်တရ လက်ဆောင်အဖြစ် ပေးခဲ့ပါလား မင်းမင်း"

သူ့မျက်ဝန်းသည် ရှောင်ရှားသွားသည်။ တုန်လှုပ်မှုနှင့်အတူ သူသည် ကျောခိုင်းလိုက်သည်။ သူ့ရင်၌ ပြောစရာစကားတွေ အများကြီး ရှိနေလိမ့်မည်ဟု ကေကေ သိနေပါသည်။ ထိုစကားများကို ကေကေ မျှဝေယူလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မင်းမင်း"

"ကေကေ့မှာ ဘာအပြစ်မှ မရှိပါဘူး၊ ရှိတာက မင်းမင်းပါ၊ ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်သာလို့ ရှောင်ပြေးနေတဲ့ သစ္စာမဲ့သူ လူတစ်ယောက်အနေနဲ့သာ မှတ်ယူလိုက်ရင် ကေကေ နာကြည်းစွာနဲ့ မြေသာပါလိမ့်မယ်"

စကားလည်း အဆုံး သူသည် ထွက်သွားဟန် ပြင်လိုက်၏။

"မင်းမင်း"

"....."

သူ ခြေလှမ်းမရပ်သကဲ့သို့ တုံ့ပြန်လည်း မပြောဘဲ ခံစားချက် ကင်းမဲ့နေသော စက်ရုပ်ပမာ ထွက်သွားလေရာ. . .

"မင်းမင်း. . . ကေကေ မယုံဘူး၊ မင်းမင်း သစ္စာတရားမဲ့သူ မဟုတ်ဘူးဆိုတာ ကေကေ ယုံကြည်နေသရွေ့ ကေကေ မြေသာမှာ မဟုတ်ဘူး"

ကေကေနှင့်သူ ထပ်ချပ်မကွာ လိုက်ပါရင်း သူ့အား ပြောလိုက်သည်။ မိန်းမသားတစ်ဦး၏ချစ်သူအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာ ပမာဏ အတိုင်းအတာကို လျှော့လျှော့ပေါ့ပေါ့ တွက်ဆရက်သော မင်းမင်းသည် ရပ်လိုက်ပြန်သည်။

"ကေကေ"

"အို"

ကေကေ တုန်လှုပ်သွားသည်။ မင်းမင်းမျက်လုံးအိမ်၌ မျက်ရည်များ ပြည့်လျှံနေပါလား။ စိတ်ဓာတ်ကြံ့ခိုင်သောယောကျ်ား တစ်ဦး၏မျက်လုံးအိမ်၌ မျက်ရည်စများ တွေ့ရှိရခြင်းသည် တော်ရုံတန်ရုံ ခံစားချက်ကြောင့် မဖြစ်နိုင်။ မင်းမင်း၌ ကြိတ်မှိတ်ခံစားနေရ





သော ဝေဒနာဆိုးတစ်ရပ် ရှိပေမည်။ ရင်နှင့် မဆန့်အောင် သောက ည့်လျှံလာသော ခံစားမှုကြောင့် ကေကေ့မျက်ဝန်း၌ သောကပွင့် ့ ဝေဆာကုန်သည်။

"လောကကြီးမှာ လူတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးပဲ ိုတာ ကေကေ မှတ်ယူလိုက်ပါ၊ မင်းမင်း သွားမယ်"

ကေကေ ထပ်မံ မကြိုးစားရဲတော့ပါ။ ကေကေ့ကြိုးစားမှု ကြောင့် မင်းမင်းမှာ ကြေကွဲမှု အစိုင်အခဲအဖြစ် တည်ရှိနေမှာ ွံ့သောကြောင့်ဖြစ်ပါသည်။ တစ်ခါတစ်ရံ ချစ်ခြင်းမေတ္တာတရား ရယူပိုင်ဆိုင်လိုမှုထက် နားလည်ပေးဆပ်ခြင်းတို့လည်း ရှိရသည့် ခါမျိုး ရှိတတ်လေသည်။

မျက်ရည်ကြောင့် မှုန်ရီဝေဝါးနေသော အမြင်၌ မင်းမင်း စက်ဘီး ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။ မင်း င်း စိတ်ချမ်းသာစေချင်ပါသည်။

ကေကေ့ကြောင့် ထပ်ဆင့်၍ ဝေဒနာ မတိုးပွားစေလို ာ့ပါ။

"သမီး"

"....."

မတော်နိုင်တော့သည့် ယောက္ခမလောင်းကြီးကို ကြည့် ိုက်မိသည်။

"အန်တီတို့ မနက်ဖြန် သားကို ထပ်တွေ့ပြီး ပြန်ဖို့ ဆုံးဖြတ် ိုက်ပြီ"

"သူ့ကို မခေါ်တော့ဘူးပေါ့နော်"

"ကလေးလို ရိုက်ပုတ်ခေါ် ရမယ့်အရွယ်မှ မဟုတ်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်၊ သူ စိတ်ချမ်းသာသလို ပျော်ရာအရပ်မှာ နေပါစေတော့ ကွယ်"

ကေကေ့၌ ပြောစရာစကား မရှိတော့သည့်နှယ် အားအင် ကုန်ခန်းသွားလေသည်။

"သမီး စိတ်မကောင်းဖြစ်နေသလား"

ခေါင်းညိတ်ရုံသာ ညိတ်ပြနိုင်သည်။ ရင်တွင်း မချိမဆန့် အောင် ခံစားနေရခြင်းကို ကေကေ နှုတ်မှ ဖွင့်ဟ၍ မတတ်အောင် ဖြစ်နေရသည်။

"ကဲ. . ကဲ. . နားလိုက်ပါ သမီး၊ ခရီးပန်းလာတယ်မလား မနက်ဖြန်လဲ ပြန်ရဦးမယ်ဆိုတော့ ဒီနေ့ည အိပ်ရေးဝအောင်သာ အိပ်လိုက်"

ကေကေ ခေါင်းခါလိုက်သည်။ အန်တီမာလာက တအံ့ တဩ ဖြစ်သွားပုံရသည်။

"ဟင်. . . ဘာဖြစ်လို့လဲ သမီး"

"ကေကေ ပြန်မလိုက်ဘူး အန်တီ"

"မဟုတ်တာ သမီးရယ်၊ သမီး မိဘတွေ စိတ်ပူနေမှာပေါ့"

"ကေကေ ဒီမှာ နေခဲ့ချင်သေးတယ်၊ မင်းမင်းဆီက ဘာ ကြောင့် စွန့်ခွာထွက်ပြေးရတယ်ဆိုတာ မသိရမချင်း သမီးပြန်မလာ ဘူးလို့ ဆုံးဖြတ်လိုက်ပြီ အန်တီ"

"အဆုံးအဖြတ် မြန်လှချည်လား သမီးရယ်၊ အိမ်ကို ပြန် လိုက်ခဲ့ပြီး မိဘတွေကို အကျိုးအကြောင်း ရှင်းပြပြီးမှ ပြန်လာပေါ့ သမီး၊ ခု သမီး ပြန်မလိုက်ခဲ့ရင် အန်တီတို့က မြင့်တို့ကို ရှင်းပြရ ခက်နေမှာပေါ့"





"ကေကေ စာနဲ့ပဲ အကျိုးအကြောင်း ရှင်းပြပြီး တောင်းပန် လိုက်ပါ့မယ် အန်တီ"

ကေကေ မြတ်လေးရှဲ့ တင်ထားသော ပန်းရုံနံဘေးမှ ခုံတန်းလျားလေးတွင် ထိုင်ချလိုက်သည်။ အန်တီမာလာက လက် လျှော့သွားဟန်ဖြင့် အိမ်ထဲ ပြန်ဝင်သွားလေသည်။ အန်ကယ် ကောင်းထက်၊ အဘနှင့်အမေတို့ကို ကေကေကပါ ခေါင်းမာနေ ကြောင်း ဖွင့်ဟ တိုင်ပင်ပေဦးတော့မည်။ ထိုအခါ အဘနှင့်အမေ သည် ဘာပြောမည်နည်း။ သူတို့အား ဒုက္ခပေးမည့် နောက်ထပ် လူမလေးတစ်ဦး ရောက်လာပြန်ပြီလားဟုများ ထင်နေမည်လား။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသည့် အတိုးအမြတ်များအတွက် ကြီးမားသည့် စွန့်စားမှုများ ပြုလုပ်ရသည်။

Great pro... risks

# အခန်း (၁၂)

"ဟင်"

မင်းမင်း မျက်လုံးများ၌ အံ့အားသင့်ခြင်း အရိပ်အယောင်များနှင့်အတူ ထိတ်လန့်တုန်လှုပ်သွားဟန်တူသည်။

ကေကေ. . သူ၏မျက်ဝန်းကို စူးစမ်းမိသည်။ သူ့မျက်ဝန်း၌ ကရုဏာဒေါသော အရောင်များ တောက်ပလာခြင်းကို ကျေနပ်စွာ တွေ့မြင်လိုက်ရသည်။ လက်ပေါက်ခံ၍ မြေပဲနုတ်ရကျိုး နပ်သွားလေပြီ။





"ထစမ်း ကေကေ၊ ဒါ ဘာလုပ်နေတာလဲ"

ချစ်သူ၏မူလဟန်ပန်လေးများကို ပြန်လည်ရရှိလိုက်ခြင်းအတွက်,ကေကေရင်၌ ဖော်မပြနိုင်သော ဝမ်းသာမှုမျိုး ဖြစ်ပေါ်လာရသည်။ သို့သော် ထိုဝမ်းသာမှုကို ရင်ဝယ်၌ပင် သိမ်းဆည်းထားကာ. . .

"မမြင်ဘူးလား"

"မြင်တယ်. . . မြင်တယ်၊ မြင်လို့ ပြောနေတာ၊ ဒါ မင်းလုပ်ရမယ့်အလုပ်လား. . . ပြောစမ်း"

"အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့ ဦးလူလေး၊ ကျွန်မက ရှင်တို့လိုအပ်တဲ့ ဘာသာရပ်ကို သင်နိုင်တဲ့သူ မဟုတ်တော့ မြေပဲနုတ်နေ,ရတာပေ့ါလေ"

"ကေကေ. . . မင်း ပြန်မလိုက်သွားဘူးလား"

"အသည်းနှလုံး မပါဘဲ ပြန်သွားလို့ ရနိုင်ပါသလား ဦးလူလေး"

"တော်ကွာ. . . တော်တော့၊ မင်းပြန်တော့ မြကေလာ"

"ဝမ်းနည်းပါတယ် ဦးလူလေး၊ အလုပ်ရှိခြင်းဟာ သောကတို့ ဖြေဆည်ရာ နည်းတစ်နည်းဖြစ်လို့ ကျွန်မ အလုပ်လုပ်နေရပါတယ် အလုပ်ရှင် ဦးလူလေး"

"မင်း မလုပ်ရဘူး၊ မင်းကို ဘယ်သူလုပ်ခိုင်းလို့လဲ မြကေလာ၊ မင်း ငါ့ကို အရွဲ့မတိုက်နဲ့၊ မင်း ရန်ကုန်ပြန်တော့"

"အလုပ်ရှင်. . . အဲ. . . ယာရှင်က သူ့ရဲ့သူရင်းငှားယာသူမတစ်ဦးကို အလုပ်ထုတ်ပစ်တဲ့သဘောလား ဦးလူလေး"

"ထင်ချင်သလို ထင်တော့ မြကေလာ၊ မင်ကို ငါ ဆက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



နေရဦးမယ်ဆိုရင် ငါပဲ ဒီက ထွက်သွားတော့မယ်"

"ခြိမ်းခြောက်တယ်ဆိုတာ အားနည်းသူတွေကို ကိုယ်အနိုင်ရယူလိုမှုအတွက် ပြောဆိုခြင်းပဲ ဦးလူလေး၊ ကောင်းပြီလေ. . . ရှင့်ယာတောက ကျွန်မထွက်သွားပြီး ဒီပြင် ယာတောမှာ အနေထိုင်ရကောင်းမွန်ရေးနဲ့ ဝမ်းစာအတွက်တော့ ကျွန်မ အလုပ်လုပ်ရဦးမှာပဲ"

ကေကေ မြေပဲပင်များကို ပစ်ချပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။ မာနဖြင့် လှည့်အထွက်၌ နှလုံးသား၏ကြေကွဲမှုကြောင့် မျက်ရည်တို့ စွန်းထေးခဲ့ရသည်။

"မြကေလာ"

နောက်မှ ခေါ်သံပေါ်လာသည်။ ချာခနဲ လှည့်ကြည့်ရမည်လား။ မိန်းမသားတစ်ဦး၏ဣန္ဒြေသိက္ခာကိုပဲ ထိန်းသိမ်းရမည်လား။ ဝေခွဲမရစိတ်ဖြင့် တွေဝေကာ ရပ်နေမိစဉ်. . .

"မင်းကို မင်းတုန်းက အပြီးပြန်ခိုင်းတာ၊ ဒီယာခင်း တစ်နေရာတည်းက ထွက်သွားခိုင်းတာ မဟုတ်ဘူး"

"ထိုက်တန်တဲ့ လုပ်အားခကို ယူပြီး လုပ်အားဖြည့်ဆည်းပေးနေတဲ့ လယ်သူမတစ်ဦးရဲ့လုပ်ပိုင်ခွင့်ကိုတောင် ရှင်က ပိတ်ပင်ပိုင်ခွင့် ရှိနေပါသလား ဦးလူလေး"

သူ့မျက်နှာသည် ညိုရာမှ မည်းမှောင်သွားသည်။ မျက်ရည်အပြည့်နှင့် မျက်ဝန်းရှင် ကေကေ၏နှုတ်မှ မာနစကားများသည် သူ့ရင်အား ထိရှစေမည်ဟု မိမိယုံကြည်ပါသည်။

"မြကေလာ"

သူသည် မိမိထက်ပို၍မာနကြီးသည်။ ခေါ်နေကျ ကေကေ





ဟူသော အခေါ်အဝေါ်ကို ယောင်၍မျှပင် မခေါ်တော့ပါတကား။ ထို့ကြောင့် ရင်နာခြင်းအပေါ်၌ နာကြည်းခြင်းဟူသော မြားပင်စိုက်ဝင်လာသည်။

"ကျွန်မ ရှင့်ကို အနှောင့်အယှက်ပေးနေလို့လား ဦးလူလေး၊ ရှင့်ရှေ့မှာ ခေါက်ပြန်သံပေးပြီး မာယာလက်နက်တွေ ထုတ်သုံးပြီး မြူဆွယ်နေလို့လား. . . ပြောပါဦး"

"တော်တော့ မြကေလာ"

မြေပဲနုတ်နေသူတို့သည် မိမိတို့နှစ်ဦးအား မသိမသာ အကဲခတ်နေသည်။ ထွေးညိုကတော့ သိသိသာသာပင် လှည့်ကြည့်နေသည်။ မြို့ပေါ်ရှိ အဘတို့အိမ်၌ တည်းခိုနေထိုင်သော ကေကေအား ထွေးညိုသည် ညီမသဖွယ် လာရောက်၍ ညအိပ် စောင့်ရှောက်ပေးတတ်သည်။ ထို့ကြောင့် မင်းမင်းနှင့် ကေကေအကြောင်းတို့ ထွေးညိုက အစအဆုံး သိနေလေပြီ။

"ကျွန်မလဲ ပျော်ရာမှာ မနေဘဲ တော်ရာမှာ နေထိုင်နေတာပါ ဦးလူလေး၊ ရှင့်ကို အနှောင့်အယှက် မပေးရင် ပြီးရောမလား၊ ရှင့်ယာမှာ ကျွန်မ အလုပ်မလုပ်တော့ပါဘူးဆိုရင်ပဲ ရှင်ကျေနပ်သင့်ပါတယ်၊ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကိုတော့ နိုင်ကွက်တစ်ခုနဲ့ ရှင်ခြိမ်းခြောက်ဖို့ မသင့်ဘူး ထင်ပါတယ်"

"မင်းစကားတတ်တိုင်း လှည့်ပတ်မပြောနဲ့ မြကေလာ၊ မင်း ဒီအလုပ်ကို လုပ်နိုင်လို့လား၊ မင်း လုပ်ဖူးသလား၊ မင်း ငါ့ကို အရွဲ့တိုက်ပြီး ထင်ရာစိုင်းမနေနဲ့၊ ဒီဒေသဟာ မင်းအတွက် ပျော်စရာမဟုတ်ဘူးဆိုတာ ငါသိတယ်"

"ဘာဖြစ်လို့ ရှင်က အဲဒီလို ပြောနိုင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြကေလာ"

"ကျွန်မ မေးတာသာ ဖြေပါ"

"ရွှံ့ဗွက်ကိုတောင် ရွံတတ်တဲ့၊ တီကောင်မြင်ရင်တောင် ခေါင်းမူးပါတယ်ဆိုတဲ့ မင်းဟာ မြေကြီးနဲ့ ပယ်ပယ်နယ်နယ် လုပ်ရ တဲ့အလုပ်ကို ပျော်နိုင်ပါ့မလား"

"ရှင် မှားနေပြီ. . . ရွှံ့၊ ဗွက်၊ တီကောင်၊ ကျွတ်၊ မျှော့ စသည်တို့ကို ကြောက်ရွံ့ခဲ့တာ မှန်တယ်၊ ဒါပေမယ့် အဲဒီအရာတွေ ဟာ ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲလောက် ကြောက် စရာမကောင်းတော့ဘူးဆိုတာ ကိုယ်တွေ့ခံစားချက်နဲ့ နားလည် သွားလို့ပါ"

စိတ်ထိန်းပြီး ပြောသည့်ကြားက မျက်ရည်တို့သည် ပိုးပိုး ပေါက်ပေါက် ကျလာသည်။ ချစ်သူအား သနားစေခြင်းဟူသော မျက်ရည်လက်နက်အားဖြင့် သွေးဆောင်ခြင်း မပြုလုပ်လိုသဖြင့် မျက်ရည်များကို ခပ်ကြမ်းကြမ်းပင် သုတ်လိုက်သည်။ ထိုအခါ မြေပဲ နုတ်စဉ်က သဲမြေများ ပေကျံနေမှုကြောင့် မျက်လုံးထဲ ဖုန်ဝင်သွား ကာ စပ်သွားသည်။

"ထွေးညို. . . ရေပူး လွယ်ရင် ယူခဲ့စမ်း"

သူ့အသံက ဟိန်းထွက်လာသည်။

"ရေနဲ့ လက်ဆေးပြီး မျက်လုံးပါ ဆေးလိုက်၊ မြကေလာကို ကိုယ် တစ်ခုပဲ တောင်းပန်ပါရစေ"

". . . . "

ထွေးညို ရောက်လာသည်။ သို့သော် သူက ဂရုမစိုက်ဘဲ

"ကိုယ့်ကို ငဲ့ညှာသနားသောအားဖြင့် ရန်ကုန်ပဲ ပြန်ပြီး





အေးအေးဆေးဆေး နေပါ၊ အချစ်သစ် ရှာချင်ရင်လဲ. . . "

"တော်. . . မင်းမင်း၊ ကိုယ့်စိတ်နဲ့ မနှိုင်းနဲ့"

ဖုန်တို့သည် မည်ကဲ့သို့ လွင့်စဉ်ပျောက်ကွယ်သွားသည် မသိလိုက်ရ။ မကျေမချမ်း အော်လိုက်မိသည်။ တရင်းတနှီး လက် ပွန်းတတီး နေခဲ့သော ချစ်သူနှင့် ယခုလို စိမ်းစိမ်းကားကား နေရ ခြင်းတို့ပင် ရင်တွင်း မခံမရပ်နိုင်အောင် ဝေဒနာ ဖြစ်ထွန်းလာ သည်။

"ဒါဖြင့်ရင်လဲ အေးချမ်းတဲ့ မိဘအရိပ်မှာပဲ အေးအေးချမ်း ချမ်း ပြန်နေပါလား မြကေလာရယ်၊ ကိုယ့်အပေါ် ထားရှိတဲ့ သံယော ဇဉ်ကြိုးကိုလဲ ဖြတ်တောက်လိုက်ပါတော့လို့ ကိုယ်တောင်းပန်ပါ တယ်"

"သံယောဇဉ်ကြိုးဆိုတာ အစရှိသလို အဆုံးကော ရှိပါ သလား ဦးလူလေး၊ ချည်နှောင်ရစ်ပတ်ပြီးသား သံယောဇဉ်ကို ဘယ်ကဲ့သို့သော ဓားနဲ့ ဖြတ်ရင် ပြတ်နိုင်ပါသလဲလို့ ကျွန်မ မသိလို့ ရှင်းပြပါဦး"

"နာကြည်းမုန်းတီးခြင်းဆိုတဲ့ ဓားနဲ့ ဖြတ်လိုက်ပါ"

"အဲဒီဓားမျိုး ကျွန်မ ရနိုင်မယ် မထင်ဘူး ဦးလူလေး"

"ကဲ. . . ငိုမနေနဲ့၊ မင်းသဘောပဲ ကေကေ၊ မင်း ဒီမှာ နေချင်နေ၊ အဲ. . ဒီမှာဆိုတာ ဒီမြို့မှာနော်၊ ဒါပေမယ့် အလုပ်ကြမ်း တွေ လျှောက်မလုပ်ရဘူး၊ ကိုယ်နဲ့ လာမပတ်သက်ရဘူး၊ အဘအိမ် မှာ လိုလေသေး မရှိအောင် စားသောက်စရာ အပြည့်အစုံနဲ့ ဖန်တီး ပေးထားမယ်၊ ဒီလိုနေလို့ မင်းပျော်နိုင်မယ် ထင်ရင် မင်း နေနိုင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ချစ်သူရဲ့စွန့်ပစ်ခြင်း ခံရလောက်အောင် မိုက်မဲတဲ့ မြကေလာဟာ ပေးတဲ့အပြစ်ဒဏ်ကို ခံယူရမှာပေါ့"

"တော်တော့ မြကေလာ၊ မင်းနဲ့ငါ ဒါ နောက်ဆုံးတွေ့ခြင်း ပဲလို့ မှတ်လိုက်ပါ. . . ငါသွားမယ်"

"နေပါဦး မင်းမင်း"

သူ့မျက်နှာသည် တင်းမာနေသော်လည်း မျက်ဝန်း၌ ပျော့ပျောင်းနေသည်။ သို့သော် မျက်ရည်စတို့သည် ရစ်ဝဲနေသည်။ သနားစိတ်ဖြင့်ပင် မိမိက အလျှော့ပေးလိုက်သည်။ ထို့ကြောင့်. . .

"မြကေလာ. . မင်းမင်း သတ်မှတ်ပေးသလို နေထိုင်ရင် မင်းမင်း ကျေနပ်မှာလား"

သူ ခေါင်းခါသည်။

"ဘာဖြစ်လို့လဲ"

"ကိုယ် သတ်မှတ်ပေးထားတာက မင်းရန်ကုန်ပြန်ဖို့ပါ။ မင်းက မပြန်ချင်ဘူးဆိုလို့သာ"

"ထားပါတော့လေ. . . မင်းမင်းစိတ်ထဲ အနှောင့်အယှက် မဖြစ်ရအောင် မြကေလာ နေပေးပါ့မယ်၊ ဒါပေမယ့် အဲဒီလို နေထိုင်ပေးခြင်းဟာ မြကေလာရဲ့ဆန္ဒ မဟုတ်ဘဲ မင်းမင်းစိတ်သဘောကို လိုက်လျောခြင်းဆိုတာတော့ နားလည်ပေးထားပါ"

ထိုစကားဆုံးသည်နှင့် သူ ချာခနဲ လှည့်ထွက်သွားသည်။ ကေကေ ရင်တွင်းဆန္ဒကို တစ်စွန်းတစ်စ တွေ့မြင်သွားမည်ဆိုပါက ကေကေ အပင်ပန်းခံ လုပ်ဆောင်နေထိုင်ရကျိုးနပ်သွားပြီဟု ကေကေ ရှာကြံ၍ ကျေနပ်လိုက်ရတော့သည်။

"မမကေ"





"ရေ. . . ဆို"

"သြော်. . . အေး. . . ပေး"

ရေဘူးကို ယူသောက်လိုက်သည်။ သို့တိုင်အောင် ရင်တွင်းမီးပုံကို ငြိမ်းသွားအောင် စွမ်းဆောင်နိုင်စွမ်း မရှိပါချေ။

"တို့ ပြန်တော့မယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ထွေးညို ကြားတဲ့အတိုင်းပဲလေ၊ တို့မျက်နှာကို မြင်တွေ့နေခြင်းဟာ သူ့အတွက်စိတ်ဆင်းရဲစရာ ဖြစ်နေပုံရတယ်"

"ဟုတ်မယ် မထင်ပါဘူး၊ မမကေ ပင်ပင်ပန်းပန်း အလုပ်လုပ်တာကို မကြည့်ရက်လို့ဖြစ်မှာပါ၊ ဒီလောက် မမကေကို ချစ်တာ"

"ပုံပြင်ပြောနေတာလား ထွေးညို"

"ရှင်"

ကေကေ့စကားကို ရိုးစင်းသော ထွေးညိုက သိပုံ မပေါ်သဖြင့်. . .

"သြော်. . . ထွေးညိုပြောတာက မယုံနိုင်စရာဖြစ်နေလို့ပါ၊ သို့ကို သိပ်ချစ်တဲ့ လူတစ်ယောက်က တို့ကို အဝေးဆုံးကို ထွက်သွားခိုင်းရသလား"

"ဒါကတော့ အကြောင်းရှိလို့ ဖြစ်မှာပါ မမကေ၊ ဆရာလေးက မမကေကို ချစ်တာတော့ ထွေးညိုတို့ သိတာပဲ"

ကေကေ ပြုံးလိုက်သည်။ ထိုအပြုံးသည် မဲ့ပြုံးသာ ဖြစ်လိမ့်မည်။ စောစောက ကြွင်းကျန်နေသော မျက်ရည်များကို အကျီလက်ဖြင့် အသာသုတ်လိုက်သည်။

"ဆရာလေး ဖျားတုန်းကဆို. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သူ ဖျားသေးတယ်"

စိုးရိမ်ခြင်းက ကေကေ ရင်တွင်း ဖြစ်ထွန်းသွားသည်။ ထွေးညိုများ ပြုစုလေသလားဟူသော ဝန်တိုကြောင့်ကြစိတ်ကလည်း ဖြစ်ထွန်းလျက်ရှိသည်။

"ဟုတ်တယ်. . . ဆရာလေး ဖျားတုန်းကဆိုရင် ကေကေ ကေကေနဲ့ ယောင်တာတဲ့၊ ပြီးတော့ မမကေ ဓာတ်ပုံလေးဟာ သူ့ အင်္ကျီအိတ်ကပ်ထဲမှာ အမြဲရှိနေတာတဲ့"

ပုံပြင်မဟုတ်ပါစေနဲ့ဟု ဆုတောင်းရမလို ဖြစ်နေသည်။ မိမိအား ချစ်နေပါသည်ဟု ဆိုသောသူက မိမိအား သူနှင့် အဝေးဆုံးနေရာသို့ ရောက်အောင် အဘယ်ကြောင့်များ တွန်းပို့နေရသနည်းဆိုသည်ကို စဉ်းစား၍မရအောင် ဖြစ်နေလေသည်။



လူ့ဘဝသည် နှင်းဆီမွေ့ရာ မဟုတ်ပေ။

Life is not a bed of roses.

# အခန်း (၁၃)

ပျင်းရိငြီးငွေ့ခြင်းကို သိုးမွေးထိုးခြင်းဟူသော အဖော်ကောင်းနှင့် ဖြေဖျောက်ယူရသည်။ သို့သော် မျှော်လင့်ခြင်းဟူသော အခါးဝဋ်၌ ထိုင်နေရသူ မိမိအတွက်တော့ အချိန်တို့သည် ရှည်ကြာလွန်းလှသည်။

သူ၏ကျောင်းသွားကျောင်းပြန်ကို ချောင်းမြောင်း ကြည့်ရသည်။ မိသစ်ဆီမှ တောင်းယူထားသော သူ၏ကိုယ်ပိုင် အချိန်ဇယားလေးကြောင့် ကေကေ့မှာ အသက်ရှူခွင့်များစွာရရှိ နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကေကေ. . . သမီး ထမင်းစားပြီးပြီလား"

"ဟော. . . အမေ"

အမေသည် တောင်းတစ်လုံး ရွက်၍ရောက်လာသည်။ ကေကေ အပြေးအလွှား အမေ့ကို ကြိုလိုက်သည်။

"နေ. . နေ. . သမီး မနိုင်ဘူး"

"ဘာတွေလဲ အမေရဲ့"

"ခြံထွက်သီးနှံတွေလေ"

"ဩော်. . . ဒုက္ခရှာလို့ အမေရယ်"

"သမီး သတ်သတ်လွတ် စားနေတုန်းဆိုတော့ အဆင်ပြေအောင်လို့လေ"

အမေနှင့်အတူ တောင်းကို ဝိုင်းချပေးရင်း မျက်လုံးတို့သည် နာရီတစ်လှည့်၊ လမ်းမပေါ် တစ်လှည့် ရောက်သွားသည်။

"လူလေးကို မျှော်နေတာလား"

"အမေကလည်း. . . သိသားနဲ့"

ကေကေက ရှက်စနိုးနှင့် အမေကို နွဲ့လိုက်သည်။ မနွဲ့လို့လည်း မရ။ ဒီအမေနှင့် ဒီအဘသာလျှင် မိဘလုပ်နေရသည်။ ရန်ကုန်မှ မိဘများက မိမိအား "ယောကျ်ားလေး ဒီလောက်ရှားသလား မိကေရဲ့၊ ကိုယ့်ကို မချစ်လို့ ပစ်သွားတဲ့ ရည်းစားနောက်ကိုမှ အောက်ကျနောက်ကျခံ လိုက်နေရတယ်လို့၊ ပြန်လာရင် လာခဲ့၊ မလာရင် သမီးအဖြစ်က အမွေပြတ် စွန့်လွှတ်လိုက်မယ်" ဟု စာရေးကာ ရာဇသံ ပေးခဲ့သည့်အတွက် ကေကေ့၌ အားကိုးစရာဟူ၍ အဘရယ် အမေရယ်သာ ရှိတော့သည်။





"ဘာဖြစ်လို့လဲ အမေ. . . ပြောပါဦး"

"မနေ့က လူလေးခြေထောက် ဖြောင့်စူးသွားတာ ယောင်တိုင်းနေလို့"

"ဟင်. . . ဆေးရုံမသွားဘူးလား"

"မသွားဘူးတဲ့"

"ဟာ. . . ဒီလို ဘယ်ဖြစ်မလဲ အမေရယ်၊ မေးခိုင်ပိုးတွေ ဘာတွေ ဝင်သွားရင် သေလိမ့်မယ်၊ အမေတို့ မပြောကြဘူးလား"

"ပြောကြပါတယ်. . . ပြောမရတာနဲ့ အဘက အမေ့ကို လွှတ်လိုက်တာ၊ ဆရာဝန် ပင့်ခဲ့ပါတဲ့လေ"

ဟင်းခနဲ သက်ပြင်းမောဖြင့် ပူလောင်မှုကို ဖြေရှင်းလိုက်ရသည်။

"အမေ ဘာနဲ့ လာသလဲ"

"ဖိုးအေး လှည်းနဲ့ပေါ့"

"ကေကေ လိုက်ချင်လိုက်တာ အမေရယ်၊ သူ့အတွက် ဆွယ်တာလေးလဲ ပြီးတော့မယ်၊ ပြီးရင် အဘနဲ့အမေအတွက် ထိုးရမယ်"

"အညောင်းမိတော့မှာဖဲ သမီးရယ်. . . မလုပ်ပါနဲ့"

"ရပါတယ် အမေရဲ့၊ ထိုင်လို့ညောင်းရင် လမ်းလျှောက်ပြီး ထိုးလို့ရတာပဲဟာ"

ကေကေသည် အမေ ယူလာသော အသီးအနှံများကို တောထဲ ထည့်ရင်းမှ. . .

"အမေ"

"ဘာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ကေကေ လိုက်ချင်တယ် အမေ"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . သူ ထနိုင်တာမှ မဟုတ်ဘဲ၊ သမီး ချောင်းကြည့်ရုံပဲ ချောင်းကြည့်မှာပါ"

"အင်း. . . ကလေးမလဲ ဝဋ်တယ်ကြီးတာကိုးကွယ်"

"ဒါကတော့ ချစ်တာကိုး အမေရယ်၊ ပေတစ်သီး ကျီးတစ်သားလို တစ်မိုးအောက်မှာ တစ်ယောက်တည်းကိုသာ ချစ်တတ်တဲ့ လူစားထဲ သမီးပါနေတာကိုး အမေရယ်၊ အမေကော အဘအပြင် ရည်းစားတွေ ရှိခဲ့သေးလို့လား"

"တောက်တီးတောက်တဲ့. . . ကျုပ်လဲ ညည်းအဘ တစ်ယောက်တည်းပါတော်"

ကေကေ အမေ့ကို သဘောကျစွာ ရယ်မောလိုက်သည်။

"ကေကေ လိုက်မယ်နော် အမေ"

"သဘောပဲ. . . လူလေးဆူရင် ဘယ်နဲ့ လုပ်မလဲ"

"အမေ့လူလေး မသိအောင် နေမှာပါဆို"

"အေးတော်. . . သမီးသဘောပဲ၊ လူလေး ညက ကျုပ်ကိုတောင် မေးသေးတယ်"

"ဘာတဲ့လဲ"

"ကေကေ မပြန်သေးဘူးလားတဲ့"

"ဘယ်တော့မှ မပြန်ဘူးလို့ ပြောလိုက်ပါလား အမေ"

"အမေကတော့ ရှိနေတယ်လို့ ပြောလိုက်တယ်၊ အဲဒီတော့ လူလေးက သက်ပြင်းချပြီး ဘာပြောတယ်မှတ်လဲ"

"ကေကေ ဘယ်သိမှာလဲလို့"





"လူလေး ကျောင်းသွားကျောင်းပြန် ချောင်းမကြည့်စေချင်ဘူး အမေရယ်တဲ့လေ"

ကေကေရင်ထဲ လှိုက်ဖိုသွားသည်။ မေတ္တာ၏ဆွဲငင်အားကို ကေကေ ယုံကြည်သည်။ သူ လုံးဝမမြင်သာသော အပေါ်ထပ်တံခါးအကွယ်က ချောင်းကြည့်သည်ကို အိမ်ဘက်ကို မျက်စိမရောက်သောသူက သိနေသည်ဆိုတော့. . .

"ကေကေ ချောင်းကြည့်တယ်လို့ သူ့ကို ဘယ်သူက ပြောသလဲ. . . တွေးညှိလား၊ တွေးညှိလဲ ညရောက်မှ လာတာ၊ သိမယ်မထင်ပါဘူး"

"သူ တွေ့လို့ နေမှာပေါ့"

ကေကေ သက်ပြင်းချလိုက်သည်။ ပြီးတော့မှ. . .

"အမေ သူ ဖျားနေသလား"

"အင်း. . . အနာအရှိန်နဲ့ ကိုယ်နွေးနေလို့ မောရိယ မန်းဆေးတော့ တိုက်ထားတယ်"

"ဆရာဝန်က ပင့်လို့ရပါ့မလား"

"ရမယ် ထင်တာပဲ၊ အားရင်တော့ ဆရာက လိုက်တယ်၊ သူနာများရင်တော့ နောက်ကျတတ်တယ်"

ရန်ကုန်မြို့ကြီးနှင့် ကွာခြားသော တောမြို့ကလေး၌ ရှည်သည့်စိတ်ကူးနှင့် လာနေမှန်းမသိသည့် မင်းမင်းကို ကေကေ အံ့ဩရသည်။

"ဖိုးအေး လာပြီ သမီးရေ၊ အိမ်တံခါးတွေ လိုက်ပိတ်လိုက်ဦး"

"ဟုတ်ကဲ့ အမေ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမျက်နှာကို အနီးကပ် မြင်တွေ့ရမည့်အရေးအတွက် ရင်ခုန်ချင်လာသည်။ သို့သော် ထိုရင်ခုန်ခြင်းတွင် စိုးရိမ် ကြောင့်ကြမှုတို့က တထိတ်ထိတ်နှင့် ကပ်ငြိပါနေသည်။

"ဟဲ့ . . . ဖိုးအေး၊ ဆရာဝန် ပင့်လို့ ရခဲ့သလား"

"သူ့မှာ လူနာ လေးငါးယောက် ကျန်နေသေးလို့တဲ့၊ ပြီးရင် သူ့စက်ဘီးနဲ့ လာခဲ့မယ်တဲ့ အရီးလေး"

"အေး . . အေး . . ဒါဖြင့်လဲ ပြီးတာပဲ၊ သွားနှင့်ရအောင် သမီးကော . . ."

"ဒီမှာ အမေ"

အမေ စိတ်ပြောင်းသွားမှာစိုးသဖြင့် ရှေ့သို့ ရောက်နှင့်နေသော ကေကေက လှမ်း၍အသံပြုလိုက်ရသည်။

"အဟေး . . . သမီးက ကျန်ခဲ့မှာစိုးပုံရတယ်"

"အမေ စိတ်ပြောင်းသွားမှာစိုးလို့"

"အမေ စိတ်မပြောင်းပါဘူး သမီးရယ်၊ ဖြစ်နိုင်ရင်ေ အမေက လူလေးနဲ့ သမီးတို့အမေတို့ မျက်စိရှေ့မှာပဲ အတူတ ထားချင်တာ"

"အမေ့လူလေးက ရူးများရူးနေသလား မသိပါဘူး"

"လူလေးမှာ တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားနေ သောကတစ်ခု ရှိနေလိမ့်မယ် ထင်တယ်၊ အဲဒီဝေဒနာကို သူချစ် သူတွေကို မျှဝေမပေးချင်တဲ့ စိတ်ကြောင့် ခံစားနေရရှာတာ သနားပါတယ် သမီးရယ်"

အမေတို့ သနားခြင်းထက် ပို၍ မိမိမှာ ခံစားနေရကြော နှင့် ကရုဏာဒေါသော ဖြစ်နေရကြောင်းကိုတော့ ကေကေ ဘယ်





ဖွင့်မပြောတော့တာပဲ ကောင်းလိမ့်မည် ထင်ပါသည်။

ဘဝတစ်ခုလုံးကို ပြောင်းလွှဲပစ်ကာ ချစ်သူမျက်နှာကို စ်ရှာမှတ်ထင် လိုက်နေရခြင်းကိုမှာ မငဲ့ညာ ချစ်သူက ကျောခိုင်း ာ နေရက်လေသည်။ သူ့မျက်ဝန်း၌ အချစ်ငွေ့များ ယှက်သန်းနေ င်းကပင်လျှင် မိမိအတွက် အားတက်စရာ မျှော်လင့်ချက် ရရှိနေ င်းဖြစ်သည်။

"ဟဲ့ . . . ဖိုးအေး ဖြည်းဖြည်းမောင်းပါဟဲ့၊ သမီး ခါးနာနေ ဦးမယ်"

"ရပါတယ် အမေ၊ ခါးမကျိုးရင် တော်ပါပြီ"

လောကကြီး၌ အသက်ရှင်နေသမျှ ကာလပတ်လုံး လူ များနှင့် လိုက်လျောညီထွေ နေတတ်ခြင်းသည် လူ့သဘာဝ ဖြစ် သည် ထင်ပါသည်။ လူသည် လူနှင့် ကင်းကွာ၍မှ မရလေဘဲ။

ဤသည်ကို မင်းမင်းက ဘာဖြစ်၍များ လူများနှင့် ကင်း ၍ နေချင်ရသနည်း။

"လူလေးက အပြုံးအရယ် နည်းတယ်နော် သမီး၊ အဲဒီလိုပဲ တတ်သလား"

"အဲဒါ အံ့ဩစရာအကောင်းဆုံးပဲ အမေ၊ မင်းမင်းဟာ တို့ ပျော်တတ် နောက်တတ်တဲ့သူ အမေရဲ့၊ ရယ်မောခြင်းဟာ သက်ရှည်ဆေးတစ်မျိုးပဲလို့ ခံယူထားတဲ့သူပါ အမေ"

မင်းမင်းနှင့် ပတ်သက်ခဲ့သမျှတို့သည် ကေကေ့ရင်၌ တော်သဖွယ် ထင်ဟပ်လာသည်။ အချစ်ကို မကိုးကွယ်ဖူး ာ မိမိကို ချစ်တတ်လာအောင် ဖန်တီးပေးပြီးနောက်မှ သောက မ်းအဆွေးတို့ကိုပါ ဆက်လက်၍ ဖန်တီးပေးနေလေရော

www.burmeseclassic.com

www.burmeseclassic.com



သလားဟုတောင် ကေကေ ထင်မှတ်မှားရလေသည်။

မင်းမင်းသည် ယခင်က ဤသို့မဟုတ်ပါချေ။



www.burmeseclassic.com



အနီးကပ်ဆုံးသည် အချစ်ဆုံး ဖြစ်သည်။

Nearest is dearest.

## အခန်း (၁၄)

"ကေကေ"

"ဘာတုန်း"

"ငါ ညက အိပ်မက်;မက်တယ်"

"အင်း. . . အဲဒါ ဘာဖြစ်သလဲ၊ ငါက အိပ်မက်နိမိ

မကောက်တတ်ဘူး"

"နင့်ကိုလဲ ငါ နိမိတ်ကောက်ခိုင်းတာ မဟုတ်ပါဘူး၊ ငါ

သိပ်နစ်နာနေတဲ့အကြောင်း ပြောပြမလို့"





မြကေလာသည် သိုးမွေးထိုးနေရာမှ မင်းထက်မျက်နှာကို မျက်လွှာပင့်ကြည့်လိုက်သည်။ မျက်နှာက ဘယ်သောအခါမှ အပိုးမကျိုး။ သို့သော် ချောသော သူက ပြုံးရွှင်နေခြင်းသည် ပြည့်ဝသော လမင်း၏ ကျက်သရေရှိခြင်းနှင့် တူညီနေတတ်သည်။

"ကိုင်း. . . မိကျောင်းသား၊ ဘာလဲ ပြော"

"မိကျောင်းသား မဟုတ်ပါဘူး. . . ဦးကောင်းထက် သားပါ"

"ဂျပန်ဝက်အူရယ်. . . ရှည်တော်မူလိုက်တာ၊ မပြောချင်လည်း နေတော့. . . နားငြီးတယ်"

မြကေလာနှင့် မင်းထက်သည် အိမ်နီးချင်းဖြစ်ရုံမက ကျောင်းနေဘက် သူငယ်ချင်းလည်း ဖြစ်သည်။ တက္ကသိုလ်ရောက်မှ ဘာသာရပ်ချင်း မတူညီ၍ အလှမ်းဝေးသွားသယောင် ရှိသော်လည်း မဝေးကွာခဲ့ချေ။ တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သားတို့၏ လွတ်လပ်ခြင်းဟူသော အခွင့်အရေးကြောင့် မင်းထက်သည် မြကေလာထံသို့ အမြဲရောက်လာတတ်သည်။

အိမ်ရောက်ပြန်တော့လည်း မင်းထက်သည် မြကေလာ အိမ်၌သာ အနေများသည်။ မင်းထက်သည် မြကေလာ ထိုင်နေသော ဒန်းကို အသာအယာ လွှဲပေးလိုက်ရာ. . .

"မင်းမင်း မလွှဲနဲ့ဟာ၊ ဒီမှာ ငါ သိုးမွေးထိုးနေတယ်မလား"

"သိုးမွေးက ဘယ်သူ့အတွက်လဲ"

"ငါ့အတွက်ပေါ့ဟ"

"ငါ့အတွက်ကော မထိုးပေးဘူးလား"

"နင့်အတွက် ထိုးပေးရအောင် နင်က ငါ့ရည်းစားမို့လို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဟာ. . . မလွဲနဲ့တော့"

မြကေလာလည်း ခပ်စွာစွာ ဖြစ်သည်။ သူတို့နှစ်ဦးကို လူကြီးများက ခွေးနှင့်မျောက်ဟု အမည်ပေးထားရာ မျောက်နေရာကိုလည်း အမြဲလုကြရသည်မှာ အမော။

"ဘာလဲ ကေကေ၊ နင်က ငါ့ကို ရည်းစားတော်ချင်ပြီလား အဟဲ"

"ကြည့်စမ်း. . . ကြည့်စမ်း၊ ကောင်စုတ် ကောင်နာ. . . ကောင်နာကောင်ပဲ့. . . ငါနော်"

မြကေလာသည် ဒန်းပေါ်မှ ခုန်ဆင်းပြီး ထိုးလက်စ သိုးမွေးပစ္စည်းများကို ဒန်းပေါ်သို့ ပစ်ချပြီး မင်းထက်အား ထုရိုက်ရန် ကြံရွယ်လိုက်သည်။

ငယ်ပေါင်းသူငယ်ချင်းဖြစ်သော မင်းထက်ကလည်း မြကေလာ သဘော နေသာကျအောင် သိသူဖြစ်၍ ထွက်ပြေးလေသည်။

ပြေးသည်ကလည်း နောက်ပြန်။

"အနာပေါ် တုတ်ကျသွားသလား ကေကေ၊ အားမနာပါနဲ့ အားနာရမယ့်သူတွေ မဟုတ်ဘူးလေ၊ နင့်စိတ်ထဲမှာ ရှိတာကို မိန်းကလေးပီပီ အရင်ဖွင့်ပြောလိုက်ပါလား"

"ပြောလေ ကဲလေပါလား. . . နင်တော့လား"

မြကေလာ ခဲရှာသည်။ ခက်သည်က ဂျပန်မြက်ခင်းစွဲစွဲပေါ်၌ ခဲမပြောနှင့်၊ မြက်ခြောက်ပင်လျှင် မတွေ့အောင် ရှင်းသန့်ကာ စိမ်းစိုနေသည်။

"မရှက်ပါနဲ့ဟာ. . . မိန်းကလေးပဲဟာ၊ အရင်ဖွင့်ပြောရ





မှာပေါ့"

"မင်းမင်း. . . တိတ်၊ နင်နော်. . . ငါစိတ်တိုလာပြီ"

မြကေလာ သူ့အား လိုက်၍မမီမှန်း ရိပ်စားမိသဖြင့် ဆက်မလိုက်တော့ဘဲ မြက်ခင်းပေါ်၌ပင် ခြေဆောင့်ကာ ရပ်လိုက်သည်။

"ဟ. . . ဟ. . . ငိုတော့မလား၊ မငိုနဲ့နော်. . . ပြီတ္တာတို့ မျက်ရည် မြေဝယ် မကျကောင်းဘူး၊ ဆန်ရေစပါး ပေါများတတ်တယ်တဲ့"

"ရှားပါးတတ်တယ်ပါ ကောင်စုတ်ရယ်၊ နင် အမိခံမလား ခံဘူးလားဆိုတာ ပြော"

မြကေလာ သူ့အား အတော်အသည်းယားနေလေပြီ။ သူ၏ကျောပြင်ကြီးကို ဖြောင်းတင်လိုက်ချင်သည်။ ဖြောမတင်ရသေးသရွေ့ သူမ ကျေနပ်နိုင်လိမ့်မည် မဟုတ်ပါ။ ဤသည်ကို မင်းထက်က. . .

"ဘယ်ဖြစ်မလဲ. . . ငါ အမိခံလိုက်ရင် နင့်လက်ထဲမှာ ငါ့ရဲ့ လူပျိုစင်လေးရဲ့ အသားအရည်တွေ ပျက်စီးသွားရင် ဘယ်နဲ့ သုပ်မလဲ. . . အလျော်ပေးမလား"

"ခွေးမင်း. . . နင်နော်. . . ငါ. . . ငါ"

မြကေလာ စိတ်ထဲ မကျေမချမ်းနှင့်အတူ ခြေဆောင့်ကာ မြက်ခင်းပေါ်၌ ထိုင်ချလိုက်သည်။ သူမ၏မကျေချမ်းမှုသည် မင်းခင်းကို ထုရိုက်လိုက်မှ ပြေပျောက်ရာ ရှိသည်။ ထို့ကြောင့် မျက်ရည်တလည်း သူမ၏အလိုဒေါသကို အားပေးအားမြှောက်ပြုလေသည်။

"မင်းမင်း. . . နင် လာခဲ့နော်၊ မလာဘူးလား လာမလား

www.burmeseclassic.com



ဆိုတာပြော”

မင်းထက်ကလည်း အလျှော့မပေး။ မလှမ်းမကမ်းမှနေ၍ ဒူးထောက်ထိုင်ကာ ဆလံပေးလိုက်ရင်း. . .

“ကြောက်လွန်းလို့ပါ. . . နင့်အနား မလာပါရစေနဲ့၊ လာလိုက်လို့ရှိရင် အိပ်မက်ထဲကလို ဖြစ်သွားနိုင်တယ်”

အနိုင်ယူလိုမှုအတွက် ပိုပြနေသော မျက်ရည်စက်တို့သည် ရပ်တန့်သွားသည်။

“ဘာ”

“ငါ့အိပ်မက်ထဲကလိုသာဆိုရင် ငါ အရမ်းနစ်နာသွားမှာပေါ့ဟ၊ ဒါကြောင့် ငါ နင့်နား မလာရဲတာ”

“ပြောစမ်း. . . နင့်အိပ်မက်က ဘာမို့လဲ”

“ဟင်း. . . ပြောရမှာ ကြက်သီးမွေးညင်းတောင် ထတယ်”

“ရစ်လိုက်တာ ဂျပန်မူလီရယ်၊ ပြောစမ်းပါဆို. . . ငါ စိတ်မရှည်တော့ဘူးနော်”

“စိတ်မရှည်ရင် အိပ်မက်ထဲလို လုပ်လိုက်ပါလား”

“ဘာလဲ. . . နင့်ကို မစင်တွင်းထဲ တွန်းချလိုက်တာမို့လား၊ ကောင်စုတ် ကောင်နာ၊ အခုတောင် အဲဒီ ကျောက်ကျော ခွေးသေပန်းရုပ်ကြီးကို တွန်းချချင်လာပြီ. . . ဟင်း”

“အဟင်း. . ဟင်း. . အိပ်မက်ထဲမှာက အဲဒီလိုမဟုတ်ဘူး ကိုယ်ကြိုက်ရာ ကိုယ်ပြောတဲ့ ကောင်မလေးရဲ့၊ ဒီလို. . . ဒီလို. . ”

မင်းထက်သည် ထိုင်ရာမှ ထကာ တာလွတ်အပြေးသမားပုံစံ လုပ်လျှက်ရှိရာ မြကေလာလည်း ထလိုက်ပြီး. . .





“သေနာကောင်. . . နင်သာ မစင်ကြိုက်၊ သွား. . . နင်နဲ့လုံးဝ မခေါ်တော့ဘူး”

“ခေါ်ပါဟယ်. . . နင်မှ ငါ့ကို မခေါ်ရင် ငါ သေဆုံးသွားနိုင်တယ်”

“သေပါစေ. . . ဒါမှ မြေပေါ်သွားမယ်၊ ရပ်ဆို ရပ်နော်၊ နင်မှ မရပ်ရင် နောက် ငါ့အိမ် ဘယ်တော့မှ မလာနဲ့”

မြကေလာကလည်း မောမောနှင့် ပြေးလိုက်၊ နှုတ်မှ ပွစိပွစိ မနားတမ်း ပြောလေသည်။

“နင် ငါ့ကို ငါ့အိပ်မက်ထဲကလို မလုပ်ဘူးလို့ ကတိပေးရင် ငါ အမိခံမယ်”

“နင့်အိပ်မက်က ဘာမို့လို့လဲ. . . အရင်ပြော”

မြကေလာ မင်းထက်အိပ်မက်ကို သိချင်နေပြီ။ အဘယ်ကြောင့်များ ခဏခဏ အိပ်မက်ကို ပြောဆိုနေရသနည်းဟု သိချင်စိတ်က ရင်ထဲ၌ ထိန်းမနိုင် သိမ်းမရ ဖြစ်လာသည်။

မောလည်း မောဟိုက်နေပြီဖြစ်၍ ရပ်လိုက်သည်။ ထိုအခါလည်း သူမနည်းတူ မင်းထက်ကလည်း ရပ်လိုက်သည်။

“ပြောရမှာတော့ ရှက်သား၊ နင် အရမ်းသိချင်နေတယ်ဆိုလို့သာ ပြောရမှာနော်”

မြကေလာက မျက်စောင်းထိုးလိုက်သည်။ ဤမျှ အမြင်ကတ်စရာကောင်းအောင် စကားများသောသူကိုမှ ဘာဖြစ်၍များ သူငယ်ချင်းတော်နေမိသည် မသိ။

“ဒီလိုဟာ. . . အိပ်မက်ထဲမှာ နင်က ငါ့ကို အသည်းယားလာပြီးတော့ ငါ့ကို အတင်းဖက်ပြီး တအားကို နမ်းတယ်လို့ မက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ"

"ဟင်. . . သေနာကောင်၊ ရော့. . . အဲဒါပဲ ရမယ်"

မြကေလာ မျက်နှာတပြင်လုံး ထူပူသွားရာမှ စိတ်တိုလာကာ မြက်ပင်များကို တအားဆွဲနုတ်ပါသော်လည်း ပါမလာချေ။

မျက်ရည်ကလည်း ကျလာသေးသည်။ မခံချိ မခံသာအောင် စမိသော မင်းထက်ကတော့ စပ်ဖြီးဖြီးဖြင့် ပြောင်နေသည်။

"ဟင့်. . . မခေါ်ဘူး၊ နင့်ကို အန်တီတို့နဲ့ တိုင်ပြောမယ်. . ဟင့်. . ."

"နားဖောက်ပြီးသား ဖြစ်သွားမှာပေါ့၊ ကောင်းတယ်. . . တိုင်"

"မင်းထက်. . . ဟီး"

အသံထွက်အောင် ငိုချလိုက်သည့် မြကေလာကို ကြည့်ပြီးသူ အစလွန်သွားပြီဟု သိလိုက်ရပြီး မြကေလာအနား ချဉ်းကပ်ကာ ဒူးထောက်လိုက်သည်။

"တိတ်. . . တိတ်. . . မငိုနဲ့၊ ငါပဲ အနစ်နာခံပါ့မယ်၊ အိပ်မက်ထဲကလို လုပ်နိုင်ပါတယ်၊ သာတယ်နာတယ်လို့ သဘောမထားပါဘူးဟာ"

"ဟင့်. . သွား. . . ခွေးသူတောင်းစား၊ နင့်ကို တစ်သက်မခေါ်တော့ဘူး၊ ငါ့နားက ထွက်သွား"

မြကေလာက အော်လိုက်သည်ကို မင်းထက်သည် အပြုံးမပျက်ဘဲ လက်ဟန်ခြေဟန်ဖြင့်. . .

"ဟဲ့. . . ရှူး. . ရှူး. . သွား"

"ဘာလုပ်တာလဲ"





"ခွေးသူတောင်းစားဆိုလို့ ဝိုင်းနှင်ပေးတာ"

"ဟင့်. . . သေနာကောင်၊ နင့်ကို ပြောတာဟဲ့၊ နင် ငါ့ကို အနိုင်ကျင့်တယ်. . . သွား"

မြကေလာမှာ ငိုနေရာမှ ရယ်ချင်လာသဖြင့် စိတ်ဆိုး၍ မရနိုင်သော မင်းထက်ကို လက်သီးနှင့် ထုရိုက်လိုက်သည်။

သို့သော် နာကျင်လိမ့်မည်မဟုတ်။

"အမလေး. . . သေပါပြီဗျာ၊ အမေရေ. . . အမေ့သားကို အမေ့ချွေးမ နှိပ်စက်နေတာ ကြည့်ရက်သလား"

"သေ. . သေ. . သေခါနီးအထိ အရှက်ရှိမယ့်ကောင် မဟုတ်ဘူး"

မြကေလာ ထုရိုက်သမျှကို လက်နောက်ပစ်ကာ အပြုံးမပျက် ခံယူနေသော မင်းထက်မျက်ဝန်းကို မြကေလာ အမှတ်မထင် တွေ့မြင်မိသောအခါ မြကေလာ တုန်လှုပ်သွားသည်။

"ဟင်. . ."

မင်းထက်မျက်လုံးများသည် သူမ တစ်ခါမှ မမြင်ဖူးသော အရောင်များ ထွက်ပေါ် လျက်ရှိသည်။ ထိုအရောင်သည် အချစ်ရောင်ခြည်ဖြစ်သည်ဟု မြကေလာသည် မည်သူမှ သင်ကြားပေးမှု မပါဘဲ အလိုအလျောက် သိရှိနေလေရာ ရင်ခုန်သံရိုင်းတို့ ခုန်ပေါက်လာသည်။

ထုရိုက်နေသော သူ့လက်များကို ဆုပ်ကိုင်ဖမ်းဆီးမှု မရှိသော မင်းထက်ကိုပင် မကျေမချမ်းစိတ် ဝင်လာသည်။

ဤမျှ သားပြော မယားပြော မခံချိမခံသာ မြဲအောင် ပြောသော မင်းထက်ကို ဘာဖြစ်၍များ မနာကျင်အောင် ထုရိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသနည်း။ စိတ်ဆိုးစွာဖြင့် ပါးရိုက်ပစ်လိုက်ဖို့ ကောင်းနေလေပြီ။

သို့သော် မြကေလာ လက်တို့သည် နွေးကွေးလာကာ အားအင် ကုန်ခမ်းသူနှယ်ဖြစ်လာသည်။ မင်းထက်၏အကြည့်ရှိန်းကို ရင်ဆိုင်ရဲသော အားအင်များ ဆုတ်ယုတ်ကာ မျက်လွှာချလိုက်သည်။ ရင်ခုန်မှုကြောင့် သူ့ရှေ့မှာ ထိုင်နေရမှာပင် ကြောက်ရွံ့လာသည်။ ထို့ကြောင့် သူ ချာခနဲ သူ့ရှေ့မှ ဖြတ်ပြေးထွက်ခဲ့လေသည်။

သူလိုက်လာမည်ဟု ထင်ထားသော်လည်း သူ မလိုက်လာပါချေ။

"မင်းမင်း မကောင်းဘူး"

ဟူသောအတွေးနှင့် ရင်တွင်း၌ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေဆဲပါလား။





အနာတိုင်းအတွက် ဆေးရှိသည်။

There is a salve for every sore.

## အခန်း (၁၅)

မင်းထက်နှင့် မတွေ့ရသည်မှာ နှစ်ရက်ရှိလေပြီ။ အစအနောက်သန်သော မင်းထက် ရောက်မလာခြင်းကို ပထမတော့ 'ကောင်းတယ်. . . နားအေးတယ်' ဟု ယူဆခဲ့သော်လည်း ခဏသာ ဖြစ်သည်။

တစ်ရက်ပင် မပြည့်တတ်သေးသောကာလ၌ မြီးကောလာ ပျင်းလာသည်။ သူ၏အစအနောက် အကျိုးစားသန်မှုကို သတိရလာ

www.burmeseclassic.com



သည်။ သို့သော် သူမအနေနှင့်တော့ စမခေါ်နိုင်။ ရောင့်တက်သွား မှာစိုးသည်။ ထို့ကြောင့် နေသာသလိုသာ နေကြည့်လိုက်သော်လည်း နေ၍ထိုင်၍မရချေ။ ဂနာမငြိမ်ချင်။

"သမီးရေ. . . ကေကေ"

"ရှင်"

"မင်းမင်းတစ်ယောက် ပေါ်မလာတာ ကြာပြီကော၊ ဘာ များ ဖြစ်သလဲ မသိဘူး၊ ကျောင်းမှာကော တွေ့မိသေးလား"

"မတွေ့မိဘူး မေမေ"

မြကေလာတစ်ယောက်တည်း သတိပြုမိသည်မဟုတ်။ သူမ၏အိမ်သားများကပါ သတိထားမိကြလေသည်။

"နေများ မကောင်းဘူးလား မသိဘူး၊ ဖုန်းလေးဘာလေး ဆက်လိုက်ပါဦး"

"မဆက်ချင်ပါဘူး"

"ဘာဖြစ်ပြန်ပြီလဲ. . . ရန်ဖြစ်ထားကြသလား"

". . . . . . . . . ."

"နင်တို့နှစ်ယောက်ကလေ ခွေးနဲ့မျောက်ပဲ"

". . . . . . . . ."

ယခင်ကလို 'သမီးက မျောက်ပါ' ဟု ပြန်ပြောဖို့ကိုပင် မပြောချင်တော့။ မြကေလာစိတ်သည် သူ့ထံသို့ ရောက်ရှိသွား သည်။ မိခင်ပြောသကဲ့သို့များ မင်းထက် နေမကောင်းဖြစ်နေ သလားဟု။ သို့သော် စိုးရိမ်စိတ်ကို ရင်ထဲ၌သာ ထားလိုက်သည်။ ယခင်တုန်းက အနေအထားနှင့် မတူတော့၊ ယခင်ကဆိုလျှင် သူ မလာလျှင် ကိုယ်က သွားလိုက်သည်။





ယခုတော့ သွားမည် ကြံရွယ်လိုက်တိုင်း ဖုန်းဆက်မည်ဟု တယ်လီဖုန်းကို လက်လှမ်းလိုက်တိုင်း ဟိုတစ်နေ့က မင်းထက်၏ မျက်လုံးကို ပြန်လည်မြင်ယောင်ကာ ရင်ခုန်လာသဖြင့် သည် အတိုင်းသာ နေလိုက်သည်။

"ကလင်. . . ကလင်. . . ကလင်"

"ဟဲလို. . . အမိန့်ရှိပါရှင်"

"ကေကေ. . . ငါပါ"

မြကေလာ ရင်ထဲ လှိုက်ဖိုလာသည်။

"အင်း. . . ဘာကိစ္စလဲပြော"

"ငါဖျားတာ သုံးရက်ရှိပြီ"

"ဟင်"

မြကေလာ စိုးရိမ်သွားသည်။

"ငါမသိဘူး"

"တိုက်ဖွိုက်ဆန်ဆန် တုပ်ကွေးလို့ ပြောတယ်၊ အဖတ် ကောင် မစားရသေးဘူး"

"ဟုတ်လား"

"ဟုတ်တယ်. . . ဖုန်းတောင် မဆက်နိုင်ဘူး၊ အိပ်ရာထဲမှာ သတိလစ်နေတာ၊ အခုမှ ခေါင်းထူနိုင်ရုံပဲ ရှိသေးတယ်၊ နင့်ကို တွေ့ချင်လာတာနဲ့ ဖုန်းဆက်လိုက်တာ၊ နင် လူနာသတင်း လာမမေး တော့ဘူးလား"

လူနာ အမဲခြောက် တောင်းသကဲ့သို့သော လေသံမျိုးနှင့် ပြောဆိုနေသော မင်းထက်ကို တွေ့ချင်စိတ်က ပြင်းထန်လာသဖြင့်

"အင်း. . . ငါ အခုပဲ လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို တယ်လီဖုန်း ချလိုက်ပြီး အိပ်ခန်းထဲ ပြေး ဝင်ခဲ့သည်။ ယခင်ကဆိုလျှင်တော့ မြကေလာ ဒီအတိုင်းပင် ပြေး ထွက်သွားသည်။ ယခုတော့ မှန်တင်ခုံရှေ့ ရပ်ကာ ဘီးဖြင့် ရှင်းနေ သော ဆံပင်ကို ထပ်ဖြီးမိသည်။ သနပ်ခါးရေကျဲ လူးထားသော မျက်နှာပြင်ကို ပေါင်ဒါထပ်ဖို့မိလိုက်သည်။ လုံချည်အကျီများ ကြေ များ ကြေနေသလားဟု မှန်ကို ရှေ့နောက် လှည့်ပတ်ကြည့်လိုက်မိ သည်။

ယခင်က မတွေ့သော ပြောင်းလဲမှုသည် အဘယ့်ကြောင့်ပါ လိမ့်ဟု မြကေလာ တွေးမိတော့ မှန်ထဲ၌ ပေါ်လာသော မြကေလာ သည် မှန်ထဲမှ မြကေလာကို လျှာထုတ်ပြောင်ပြပြီး အိပ်ခန်းထဲမှ ပြေးထွက်ခဲ့သည်။

"ဟဲ့. . . သောက်ပလုတ်တုတ်"

"ကန်တော့. . . ကန်တော့ မေမေ"

"မိန်းကလေးက ပြာလောင်ကို ခပ်နေတာပဲ"

"မေမေကလည်း. . . လိုက်ကာကြီး ခံနေတော့ မြင်မှ မမြင်ဘဲ ဟာကို"

"မေမေ့ဘော်လီ သမီးအထပ်ထဲ ရောက်နေသလားလို့ ရှာပေးစမ်း"

"ဟင်. . . မေမေ့ဘာသာ ရှာတော့၊ သမီး ဟိုဘက်အိမ် သွားလိုက်ဦးမယ်၊ မင်းမင်း နေမကောင်းဘူးတဲ့"

"ဟုတ်လား. . . ဒါဖြင့်လဲ သွားသွား၊ ဒါကြောင့် ဒီကောင် လေး မလာတာကိုး"

မြကေလာလည်း မိခင်၏ခွင့်ပြုချက် ရရချင်း ပြေးထွက်





လိုက်သည်။ နှစ်အိမ့်တစ်အိမ်လို ဖြစ်နေသောကြောင့် ခြံနှစ်ခုကြား ည်းရိုးတွင် လူကူးတံခါးကို အသာဖွင့်ကာ ကူးခဲ့လိုက်သည်။

"ဟော. . . သမီး၊ ပေါ်မလာတာ အတော်ကြာပါပြီကော"

ဦးကောင်းထက်နှင့် တိုးနေသည်။

"ဟုတ်ကဲ့. . . သမီး မအားလို့ပါ အန်ကယ်"

"အေး. . အေး. . သွား၊ မင်းမင်းရှိတယ်"

မြကေလာ မျက်နှာအနည်းငယ် ထူပူသွားသလို ရှိသည်။ ည့်အိမ်သို့ လာလျှင် မင်းမင်းဆီသို့ လာတတ်ကြောင်း လူကြီးများက သိနေပုံရသည်။ ဘာမှ ပြောမနေတော့ဘဲ အိမ်ဆီသို့သာ ခပ်သွက် သွက် လှမ်းခဲ့သည်။

"အန်တီ"

"ကေကေပါလား. . . လာ"

ဒီတစ်ချီတွင်တော့ သူမ လာရသည့်အကြောင်းရင်းကို ရင်ပြောလိုက်သည်။

"ဟင်"

"ဟုတ်တယ်. . . ဟုတ်တယ်၊ အဖျားဒီဂရီ တစ်ရာ့ရှစ် ဘာက် ရှိတယ်"

ဒေါ်မာလာ အံ့အားသင့်နေစဉ် အိမ်ပေါ်မှ ပြေးဆင်းလာ သာ မင်းထက်က အော်ပြောလိုက်သည်။ မြကေလာ ရိပ်စားမိ က်ပြီ၊ မင်းထက် သူမအား ညာခေါ်ခြင်းဖြစ်သည်ဟု၊ ထို့ကြောင့်

"သေနာကောင်. . . နင် ငါ့ကို လိမ်ခေါ်နေတယ်၊ တစ်ခါ သေလိုက်ဖို့ကောင်းတယ်"

စောစောက ရင်ခုန်သံစဉ်လေးများ ပျောက်ကွယ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။

"ဖြစ်ပြန်ပြီ. . . ဒီခွေးနဲ့မျောက်ဟာ"

"သား မျောက် မေမေ"

"နင်က ခွေးလိမ်၊ ခွေးညာ၊ ခွေးကောက်"

"နားညည်းတယ်ဟယ်. . . ဒီနှစ်ကောင်ဟာ မတွေ့ဘဲလည်း မနေနိုင်၊ တွေ့လိုက်ပြန်တော့လည်း တကျက်ကျက်နဲ့လာ. . . သမီး၊ ကြာရိုးဟင်းခါးနဲ့ မုန့်လာဥပိုးတီသနပ်လေး စားသွားဦး"

"မစားတော့ပါဘူး အန်တီ၊ သမီး စားခဲ့ပြီးပြီ"

"ဒါဖြင့် လက်ဖက်သုပ် စားမလား၊ အန်တီ သုပ်လိုက်မယ် မောင်နှမနှစ်ယောက် ဆက်ရန်ဖြစ်နေကြဦးပေါ့"

ဒေါ်မာလာ ရှောင်ထွက်သွားသည်။ အစက ချက်ချင်းထပြန်ရန် စိတ်ကူးလိုက်သော်လည်း ဒေါ်မာလာ၏လက်ဖက်သုပ်သည် သူမ၏အကြိုက် ဖြစ်သောကြောင့် မပြန်ဖြစ်သေး။

"ငါသေသွားမှာ နင် စိုးရိမ်တယ်ပေါ့ ဟုတ်လား၊ ချက်ချင်းထလာတယ်"

"ဝတ္တရား ရှိလို့ပေါ့ဟဲ့၊ သေသွားရင် ပိုကောင်းသေးတယ် ရန်ဖြစ်ရ သက်သာတယ်"

"ငါသေသွားရင် နင်ပျင်းသွားမှာပေါ့ဟာ၊ ပြီးတော့ အရမ်းလွမ်းလာပြီး တမြေ့မြေ့ ခံစားနေရမှာ ကျိန်းသေတယ်"

"အံမယ်. . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟ. . . ဘာဖြစ်လို့လဲဆိုတော့ မကြာခင် နင်နဲ့ငါဟာ ချစ်သူဖြစ်တော့မှာမို့လို့ပဲ"



"ဘာ. . ."

"နင် နားမလေးပါဘူး၊ ထပ်ကြားချင်လို့ လေးချင်ဟန်ဆောင်တာလား၊ ဒီလိုဆို ထပ်ပြောမယ်၊ မကြာခင် နင်နဲ့ငါ. . ."

"တော်တော့. . . နင့်လို ကျောက်ကျောခွေးသေးပန်း ရုပ်မျိုး ငါ ဘယ်တော့မှ ချစ်သူအဖြစ် မစဉ်းစားဘူးမှတ်"

"ဝမ်းနည်းစရာပဲ. . . နင်က မစဉ်းစားပေမယ့် ငါက စဉ်းစားပြီး ဖြစ်နေတယ်၊ နင့်ကို ငါလက်ထပ်ဖို့အထိ ငါရည်ရွယ်ထားပြီး ဖြစ်နေတယ်၊ အဲဒါ ဘယ်နဲ့လုပ်မလဲ"

"သေလိုက်တော့. . . အဲဒါ အကောင်းဆုံးပဲ"

မြကေလာသည် ပြောပြောဆိုဆို ထမင်းစားခန်းထဲ ပြေးဝင်ခဲ့သည်။ သူငယ်ချင်းဘဝမှ ချစ်သူဘဝ ကူးပြောင်းခြင်းအတွက်သည် လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်ပေ။ လောလောဆယ် မင်းထက်၏စကားကို အတည်ယူ၍ ရနိုင်ပါ့မလား။ အမြဲတစေ ချွတ်နောက်နောက် ပြောနေသော သူ့ပါးစပ်မှ ရည်းစားစကားကို အတည်ယူလိုက်မိကာမှ. . . မဟုတ်ပါဘူး၊ နောက်တာပါဟုဆိုလျှင် မည်သို့ဖြစ်မည်နည်း။

"ဒါက ဘယ်လဲ"

"လက်ဖက်သုပ် သွားစားမလို့"

"ညည့်ခန်းမှာ ညည့်သည်လို ကြွနေရရ နေပါလား. . . ယူလာမှာပေါ့၊ ငတ်ကြီးကလဲ ကျလိုက်တာ"

"ငါက ညည့်သည်လားဟဲ့ ကောင်စုတ်ရဲ့"

"သြော်. . . ဟုတ်သားပဲ၊ မေ့လို့. . . မေ့လို့၊ အမေ့ချွေးမ အလိမ္မာ အိမ်ပါ အိမ်ရှင်မလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သေနာကောင်. . . နင်လေ. . သေတာတောင် ယမမင်းကို သွားနောက်မယ့်ကောင်"

မြကေလာသည် သူ့ကို အသည်းယားလာသဖြင့် အံကြိတ်ရပေါင်းလည်း များလေပြီ။ ဆွဲလိမ်ဆွဲဆိတ်ရပေါင်းလည်း များပြီ။ သို့သော် မင်းထက်အတွက်ကတော့ ပန်းနှင့် ပေါက်သလောက်ဝင်နာအံ့ မထင်ပါ။

"အန်တီ. . ."

"အန်တီ့သားလည်း ကြည့်ပြောပါဦး"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"အရမ်းကို စတာပဲ"

"ဘာစပြန်ပြီလဲ သား"

"သားက စတာ မဟုတ်ဘူး မေမေ၊ အတည်ပြောတာကို သူက စတယ် ထင်နေတာ"

မြကေလာ မျက်လုံးပြူးကျယ်သွားလေပြီ။ ကိုယ့်ရှူးကိုယ်ပြန်ပတ်တော့မည် ထင်ပါသည်။

"ဘာအတည်ပြောတာလဲ"

"ကေကေ အရမ်းလှလာလို့ သားသူငယ်ချင်းတွေက ဝိုင်းကြိုက်ကြတဲ့အကြောင်း အမှန်အတိုင်း ပြောတာကို စတယ်ပဲ ထင်နေတယ်"

"ဩော်. . . ဒါလား၊ ဟုတ်တာပဲ. . . ကေကေကလဲ တစ်နှစ်,တစ်ခြား လှလာတာကိုး. . . ကြိုက်ကြမှာပေါ့၊ ဒီအထဲမှာ မင်းထက်ကော မပါဘူးလား မင်းမင်း"

"ရှေ့ဆုံးကပဲပေါ့ မေမေရာ"





"သေဟဲ့ မိကေကေ" ဟုသာ ရေရွတ်ရင်း ကိုယ့်နဖူးကိုယ်ပြန်ရိုက်လိုက်ချင်သည်။ သားနှင့်အမေက အတိုင်အဖောက်နှင့်ချီပြီး စကားဆိုနေလေသည်။

"ဒါဖြင့်ရင် မေမေတို့ သွားပြီး နားဖောက်ရတော့မယ်ထင်တယ်"

မြကေလာ မျက်နှာ ဘယ်နား ထားရမှန်း မသိခင်၌. . .

"ကဲ. . . စားကြတော့၊ အန်တီတို့ ဟိုဘက်ခြံ ကူးလိုက်ဦးမယ်"

"နားပါ တစ်ခါတည်း ဖောက်ခဲ့နော် မေမေ"

"အလကား. . မဟုတ်ဘူးနော် အန်တီ၊ မင်းမင်း လျှောက်နောက်နေတာ"

"တကယ် အတည်ပြောတာပါ မေမေ"

"မဟုတ်ဘူး. . . သူ လိုက်စနေတာ အန်တီ"

"မသိတော့ပါဘူးဟယ်၊ ဒီနှစ်ယောက်နား နေရတာ ခေါင်းနောက်လာပြီ၊ မြန်မြန်သွားတော့မှပဲ၊ သား. . . ရေနွေးဘူး ယူပေး"

"ဟုတ်"

"အန်တီ. . သမီးတို့အိမ်ဘက် ကူးလိုက်ဦးမယ်၊ မေမေရှိတယ်မှတ်လား"

"ဟုတ်ကဲ့"

ဒေါ်မာလာကို နှုတ်မှ ဖြေရင်း မင်းထက်ကို မျက်စောင်းသုမ်းထိုးလိုက်သည်။ ထိုအခါ မင်းထက်က မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

မြကေလာ မဲ့ပြုပြီး လက်ဖက်သုပ်ကို ငရုတ်သီး ကိုက်၍



www.burmeseclassic.com

www.burmeseclassic.com



တစ်ဇွန်းခပ်စားလိုက်သည်။

"နှင့်နော်. . . ရှူးသလိုလို ပေါသလို လုပ်မနေနဲ့၊ ငါစိတ်တို လာရင် မလွယ်ဘူး"

"ဘာဖြစ်လို့လဲ. . . ငါက နှင့်ကို ဘွဲ့ရပြီး ကိုယ်ပိုင်ဝင်ငွေ များများရှာနိုင်တာနဲ့ လက်ထပ်မှာပဲ"

မြကေလာ မင်းထက်မျက်ဝန်းကို စူးစမ်းလိုက်ပြီ။

"ဟင်"

တည်ငြိမ်မှုအပြည့်ရှိသည့်မျက်နှာကို မမြင်စဖူး မြင်လိုက် ရသဖြင့် မြကေလာ ကြောင်သွားသည်။ စနေပြန်ပြီလားဟုပင် သံသယ ဝင်မိပြန်သည်။

"တကယ်ပြောနေတာ ကေကေ၊ နှင့်ကို ငါချစ်တယ် သူငယ်ချင်းအချစ်ထက် ပိုလာတဲ့အချစ်မျိုးနဲ့ ငါချစ်လာပြီ၊ ဘုရားဖူး ငါအတည်ပြောနေတာနော်"

မြကေလာ သူ့အား မကြည့်တော့ဘဲ လက်ဖက်သုပ်သာ ခပ်စားလိုက်၊ ရေနွေးသောက်လိုက်နှင့် အလုပ်ရှုပ်နေလိုက်သည်။

"နှင်ကကော ငါ့ကို ချစ်တယ်မှတ်လား"

"နိုး. . ."

တော်သေးသည်။ ဟိုတစ်နေ့ကလို ရင်ခုန်မှုမျိုး တုန်လှုပ်မှု မျိုး မရှိတော့။

"ဘာနိုးလဲ"

"နှင့်ကို ငါမချစ်၊ ယူလဲ မယူနိုင်ဘူး၊ နှင့်ကို ငါ သူငယ်ချင်း လိုပဲ သံယောဇဉ်ရှိတယ်. . . ဒါပဲ၊ ဒီထက် လုံးဝမပိုဘူး"

"သေချာရဲ့လား. . . ကိုယ့်ကိုယ်ကို ပြန်စဉ်းစားဦး၊ ငါ





နှင့်ကို ငယ်သူငယ်ချင်းဖြစ်လို့ ဦးစားပေးပြီး ပရိုပို့စ် လုပ်တာနော်၊ နှင်ငြင်းရင် ငါ တခြားကောင်မလေးတွေကို ပရိုပို့စ်လုပ်ရဦးမယ်၊ သေသေချာချာ ထပ်စဉ်းစား၊ လွန်သွားပြီးမှ ငါ့ကို ချစ်ပါတယ်ဆိုလို့ ရှိရင် နှင်ဟာ ငါ့ရဲ့လူပျိုစင်လေးရဲ့ချစ်ဦးသူ ဖြစ်လာတော့မှာ မဟုတ်ဘူး"

"သေလိုက်ပါလား. . . စဉ်းစားစရာအကြောင်းလည်း မရှိ ဘူး၊ နှင့်ဘာသာနင် တစ်ယောက်မကဘူး၊ အယောက်တစ်ရာကို ကြိုက်ကြိုက် ငါနဲ့ မဆိုင်ဘူး"

"သေချာရဲ့လား ကေကေရယ်၊ တော်ကြာ လွန်သွားမှ ငိုမနေနဲ့နော်၊ ငါက ဟင်ဆိုရင် လှည့်ကြည့်မှာ မဟုတ်ဘူး"

"စိန်လိုက်လေ"

ရည်းစားစကား ပြောခြင်းသည် ရင်ခုန်လှိုက်မောဖွယ်ရာ မရှိပါလားဟု မြကေလာ ထင်လိုက်မိသည်။ သို့သော်. . .

"ကေကေ"

အတန်ကြာ တိတ်ဆိတ်နေရာမှ ခေါ်လိုက်သော မင်းထက် အသံက တိုးတိတ်ညင်သာမှု ရှိသဖြင့် မြကေလာ တုန်ရီသွားသည်။

"ဘာလဲ"

မင်းထက်အား မျက်ဝန်းနက်ကြီးဖြင့် ဝေ့ဝဲကြည့်လိုက် သည်။ မင်းထက်၏မျက်ဝန်းတောက်တောက်ကို သူမ ရင်ဆိုင်လိုက် ရသည်။

"ဒီကိစ္စမျိုးဟာ နောက်စရာမဟုတ်ဘူးဆိုတာ နင်သိပါ တယ်နော်"

"မသိဘူး. . . ငါ့မှာ အတွေ့အကြုံ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံရှိခြင်းကြောင့် မြကေလာ တုန်လှုပ်စ ပြုနေလေပြီ။ ရင်တွင်း၌ အေးစက်သွားလိုက် နွေးထွေးလာလိုက်နှင့် ခံစားမှုအမျိုးမျိုး ဖြစ်ထွန်းလျက်ရှိသည်။

သို့သော် ငယ်သူငယ်ချင်းဖြစ်နေခြင်းက ကြောက်စိတ်ကို အနိုင်ယူစေနိုင်သဖြင့် တုန်လှုပ်ခြင်း မဖြစ်မိတော့ချေ။

"ရည်းစားထားခြင်း အတွေ့အကြုံဆိုတာ လုံးဝသင်ယူစရာ မလိုပါဘူး၊ အရွယ်ရောက်လာသူတိုင်း အလိုအလျောက် တတ်ကြပါတယ်၊ ကိုယ့်နှလုံးသားဆန္ဒကိုလည်း ကိုယ့်ဘာသာကို နားလည်တတ်ကြပါတယ် တေကော၊ နင် မညာနဲ့နော်၊ ပြီးမှ နင် နောင်တမရနေနဲ့"

ချစ်စကားပြောနေတာတောင် အစအနောက်က မလွတ်ချင်သေး။

"ဘယ်တော့မှ မရဘူး၊ ငါ လက်ဖက် အေးအေးဆေးဆေးစားမယ်၊ သခွတ်ပင်က မီးတကျီကျီ လာလုပ်မနေနဲ့. . . နားငြီးတယ်"

မင်းထက်က စကားတစ်ခွန်းမှ မပြောတော့ဘဲ စားပွဲပေါ် မေးထောက်လျက် မြကေလာကို ငေးကြည့်နေသည်မှ မျက်တောင်ပင် မခတ်။

"သေတော့မှာပဲ. . . ဘာဖြစ်ရပြန်ပြီလဲ"

ခေါင်းခါလိုက်ပြီး လက်ဟန်ခြေဟန်ဖြင့် ဆွံ့အ နားမကြားသူသဖွယ် လုပ်ပြလေသည်။

"နင်က စကားမပြောနဲ့ဆိုလို့ ငါက မပြောဘူး" ဆိုသည့်သဘောမျိုး လုပ်ပြခြင်းဖြစ်သည်။





"စိတ်ပျက်ဖို့ကောင်းလိုက်တာ မင်းမင်းရာ. . . ပြန်တော့မယ်"

"အ. . . အ"

လုပ်ပြန်ပြီ၊ လက်ဖက်ကို ကုန်အောင်စား ဟူသည့်သဘောမျိုး လုပ်ပြပြန်သည်။ မြကေလာ အသည်းယားလာသည်။

"မင်းမင်း"

"အ"

မေးဆတ်ပြီး ထူးလိုက်သည်။

"နင်နော်. . . ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကို စကားမပြောဘူးလား ပြောမလားဆိုတာ ပြောစမ်း"

"နင်ခွင့်ပြုရင် ပြောရမှာပေါ့၊ ဒါပေမယ့် နင့်ကို ငါပြောမယ့်စကားက နင့်ကို ချစ်တဲ့အကြောင်းနဲ့ နင့်ဆီက အချစ်ကို ရယူလိုမှုကလွဲရင် ဘာမှ အရေးတကြီး ပြောဖို့ရှိတော့မှာ မဟုတ်ဘူး"

"ကောင်းကွာ. . . ပြန်အ,နေလိုက်တော့၊ အဲဒီစကားကလွဲရင် ကျန်တာပြော"

"မရှိဘူး"

မြကေလာ ရင်ထဲ ကြည်နူးလိုက်ဖိုလာသည်။ မင်းထက်၏ ရွှင်မြူးနေသော သူ့အပြုအမူလေးတွေကပင်လျှင် သူမအား ပြုံးပျော် ရွှင်လန်းအောင် ပြုမူဖန်တီးသကဲ့သို့ ရှိလေသည်။

"နင် ဟိုရက်တွေက ဘာလို့ မလာတာလဲ"

"အ. . . အ"

လက်ဟန်ခြေဟန် လုပ်ပြန်သည်။

မြကေလာက မျက်စောင်းထိုးကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"နောက်မနေနဲ့. . . ငါမေးတာ ဖြေစမ်းပါ မင်းမင်းရာ၊ ငါ့စိတ်ညစ်လာပြီနော်"

"ငါ မျက်နှာပူလို့"

"ဘာ"

"ဟုတ်တယ်. . . နင့်ကို ငါ ချစ်နေတယ်ဆိုတာ ငါကိုယ်တိုင် သိလိုက်ရပြီး မျက်နှာပူသွားလို့ မလာတာ၊ ဘာဖြစ်လို့ မေးတာလဲ၊ ငါမလာတော့ နင် အရမ်းလွမ်းနေလို့လား"

"လွမ်းပါလိမ့်မယ် အားကြီးကြီး၊ နား မျက်စိ အေးချမ်းပြီး ပျော်လို့"

"ဟုတ်ရဲ့လား. . . ငါ့ကို တမျှော်မျှော်နဲ့ ခြံထဲမှာ ညနေတိုင်း လမ်းသလားဖြစ်နေတာ ဘယ်ကောင်မလေးလဲ"

မြကေလာ မျက်နှာရဲသွားသည်။ သူ့ကို မျှော်ရင်း လမ်းသလားမိသည့်အဖြစ်သည်လည်း ဧကန်မုချ ဖြစ်နေခြင်းကြောင့်ပင်။ သို့သော် ချက်ချင်းပင် မိန်းမသားမာနဖြင့်. . .

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး၊ ငါ့ဘာသာငါ လမ်းလျှောက်နေတာများ"

"ဟုတ်ရဲ့လား. . . လမ်းလျှောက်ရမှာ ပျင်းလွန်းလို့ ခန္ဓာကိုယ်က နည်းနည်း ဖက်ဖြစ်လာလို့ လမ်းလျှောက်ပါလို့ ငါပြောတုန်းကတော့ နင်မလျှောက်ဘဲနဲ့"

"အေး. . . အဲဒီတုန်းက ငါမလျှောက်ချင်လို့ မလျှောက်တာ၊ အခု လျှောက်ချင်လို့ လျှောက်တယ်၊ အဲဒါ ဘာဖြစ်လဲ"

"မသိပါဘူး. . . ငါက ငါ့ကိုများ လျှောက်ပြန်သံယောင်ခြေအေးဝမ်းယောင် လုပ်နေသလားလို့၊ အပေါ်ထပ်ကနေ ချောင်း





ကြည့်ရင်း နင့်ကို သနားနေတာ၊ ဒါနဲ့ နင် အလာကောင်းအောင် ငါကပဲ ဉာဏ်ဆင်ပြီး ဖုန်းဆက်ပေးလိုက်တာ၊ ဒါမှ နင့်ဆန္ဒပြည့်ဝသွားတာပေါ့"

"မင်းမင်းနော်. . . သွား"

မြကေလာက စိတ်မဆိုးသော်လည်း စိတ်တိုလာသဖြင့် လက်သုတ်ပုဝါခေါက်နှင့် မျက်နှာကို ပေါက်လိုက်ပြီး ထမင်းစားခန်းမှ ထွက်ခဲ့လေသည်။

မင်းထက်က ထပ်ချပ်မကွာ လိုက်လာပြီး. . .

"ကေကေ. . . စိတ်မဆိုးနဲ့နော်၊ ငါက ချစ်လို့စတာ၊ မေမေတို့ကိုတောင် ဖွင့်ပြောလိုက်ပြီ"

"ဟင်"

မြကေလာ ကိုယ့်နားကိုယ်မယုံချင်တော့။ အမြဲတစေ အပြောင်အပျက် ပြောတတ်သော သူထံမှ အတည်စကားလား၊ အပြောင်စကားလားကို မနည်းခွဲခြား စဉ်းစားနေရသည်။

"မငြင်းနဲ့တော့ဟာ"

"ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ပဲ. . . ငြင်းပိုင်ခွင့် ရှိတယ်"

"ပါးစပ်က ငါ့ကို အနိုင်လိုတိုင်း လျှောက်ပြောမနေပါနဲ့တော့ ကေကေရာ၊ ခုဆိုရင် တတိယနှစ်ပဲ ရောက်နေပြီ နောက်တစ်နှစ် တက်ပြီးရင် ကျောင်းကပြီးနေပြီ၊ ဒီတော့ တက္ကသိုလ်မှာ အတွဲလေးနဲ့အတူ ခြေချရတဲ့အရသာကို နင် မခံစားလိုက်ရဘဲ နေမယ်၊ ငါက စေတနာနဲ့ပါဟာ၊ နင့်ကို အချစ်ရဲ့အဓိပ္ပါယ် ပြည့်စုံခြင်းနဲ့ပါ တက္ကသိုလ်မှာ တစ်နှစ်လောက်တော့ ခံစားသွားစေချင်လို့ပါ"

"လိပ်ကြီးမင်းမင်းရဲ့စေတနာကို ကျွန်မ မကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် အေးအေးဆေးဆေးပဲ နေပါရစေနော်"

"အင်း. . . တယ်ခက်ပါလား၊ ဘယ်လိုမှလည်း သွေးဆောင်လို့ မရပါလား"

"သူငယ်နှပ်စားလေးတွေမှ မဟုတ်တာ၊ ကလေးနဲ့ခွေးကို သွားပြော"

"သေလိုက်တော့ မင်းထက်ရယ်၊ လောကကြီးမှာ မင်း မနေနဲ့တော့၊ မင်းအချစ်ဆုံးသူကမှ မင်းစကားကို မယုံကြည်တာ၊ မင်း လူ့လောကမှာ နေဖို့မကောင်းတော့ဘူး"

"ဟုတ်တယ်. . . ဟုတ်တယ်၊ မြေလေးတယ်. . . မြန်မြန် ကြံစည်တော့"

မင်းထက်သည် မြကေလာနောက် ထပ်ချပ်မကွာ လိုက်ခဲ့ရာမှ ရပ်ကျန်ခဲ့သည်။

"စိတ်မကောင်းစရာလေးတွေတော့ ဖြစ်ကုန်ပြီ ထင်တယ်၊ ကေကေ. . . မင်းမင်း ကေကေ့ကို ပရိုပို့စ် လုပ်နေတာတော့ သေချာပါတယ်၊ နောက်တာ စတာ ပြောင်တာ ကျီစယ်တာ မဟုတ်ဘူးဆိုတာတော့ လုံးဝမှတ်ယူသွားလိုက်ပါ"

"ခွေးစကား ကျားယုံ၊ တို့ကတော့ မယုံ"

မြကေလာသည် လှည့်အော်ပြောပြီး ခြံစည်းရိုးတံခါးလေးကို ဖွင့်ကာ ငုံ့လျှိုးပြီး ကူးခဲ့လေသည်။ သူမခြံသို့ ရောက်ပြီးမှ မင်းထက်ကို လှည့်ကြည့်တော့ ကျောက်ရုပ်သဖွယ် ငြိမ်သက်စွာ ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ကောင်းတယ် ဖိုးသောကြာ၊ ဒါမှ မှတ်လောက် သားလောက် ရှိသွားမှာ" ဟုပင် နှုတ်မှ ပြောပြီး သူ့အား လှမ်းပြောင်မြှ





လိုက်သည်။

ဒီတစ်ခါတော့ မင်းထက် ငိုင်နေလေပြီ။ တုန့်ပြန်၍ပင် မပြုံးနိုင်တော့၊ ဘာတွေများ အကြံယူနေသည်ကို မပြောနိုင်တော့ချေ။ ဒီတစ်ခါပဲ တွေဝေသည်ကို မြင်ရသည်။ သို့ဆိုပြန်တော့လည်း မြကေလာရင်ထဲ၌ တစ်မျိုးခံစားလိုက်ရသည်။

သနားသလို ဘာလိုလိုနှင့် သူ၏ဆန္ဒကိုပဲ လိုက်လျောချင်လာသည်လိုလို ဘာလိုလို ခံစားလိုက်ရသည်။ သို့သော် မြကေလာသည် မြန်မာမိန်းကလေးဖြစ်နေသည်။ မြန်မာအမျိုးသမီး ဣန္ဒြေသိက္ခာကို ဆန္ဒထက် ထိန်းချုပ်နိုင်စွမ်း ပိုသောစိတ်ဓာတ် ရှိတတ်ကြလေသည်။ ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



[illegible]

Love, cough, and gall cannot be hid.

# အခန်း (၁၆)

"မြတ်စွာဘုရား"

ဒီတစ်ချီတွင်တော့ မြကေလာ ခြေဖျားလက်ဖျားများ အေး
စက်လာသည်။ တကယ်ကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရတော့မည့်
ကိစ္စပါလား။

"သမီးကေကေ. . . လာပါဦး၊ တင့်တို့ကလည်း သားသမီး
တွေရဲ့ဆန္ဒ မပါဘဲ ဘာကိုမှ မလုပ်ချင်ဘူး၊ ကိုယ်တို့တွေက 'ပေါင်
ဖက်ရမယ့်သူတွေ မဟုတ်ဘူးလား၊ ဒီတော့ အိမ်ထောင်တစ်ခုမှာ





ဘာယက်ရှင်နှစ်ဦးရဲ့မေတ္တာတရားသာ အဓိက မဟုတ်လား
ဘလာရယ်"

မြကေလာ၏မိခင် ဒေါ်ခင်တင့်နှင့် မင်းထက်မိခင် ဒေါ်
ဘလာကလည်း ညီအစ်မရင်းတမျှ ချစ်ခင်ကြလေသည်။ ထို့ကြောင့်
ပွင့်လင်းစွာပင် ပြောဆိုဆက်ဆံကြသည်။

"ဒီကောင် အသည်းအသန်ကို စေ့စပ်ခိုင်းနေတော့တာပဲ"

မြကေလာသည် ရင်ခုန်ခြင်းကို ဖုံးကွယ်ကာ မျက်နှာသေ
လေးနှင့် မိခင်၏ဘေး၌ ဝင်ထိုင်လိုက်သည်။ ထိုအချိန်အထိ
မင်းထက်ထံသို့ မျက်နှာမရောက်မိစေရန် ဂရုစိုက်၍နေရသည်။

"ကဲ. . . သမီးကေကေ၊ သား မင်းမင်းက သမီးနဲ့ လာ
စေ့စပ်ခိုင်းနေတယ်၊ သမီးသဘောက ဘယ်လိုရှိသလဲ"

မြကေလာက မျက်လွှာလေး ချထားရာမှ မင်းထက်ထံ
မျက်လွှာပင့်ကြည့်လိုက်သည်။ တဒင်္ဂအတွင်း အကြည့်ချင်း ဆုံမိကြ
သည်။ မင်းထက်မျက်ဝန်း၌ တောင်းပန်တိုးလျှိုးခြင်းက အပြည့်ရှိနေ
လေသည်။

"မငြင်းပယ်လိုက်ပါနဲ့ ကေကေရယ်"

ဟု ပြောကြားနေသယောင်ယောင်။ မြကေလာက ခပ်
ညည်တည်လေး လုပ်လိုက်သည်နှင့် သူ၏မျက်နှာညှိုးကျသွားသည်။

"ကဲ. . . ပြောပါဦး သမီး"

မျက်နှာပူသလို ရှိသော်လည်း မပြောမပြီး မတီးမမြည်
သောကိစ္စ ဖြစ်နေသည်။ ဖခင်ဖြစ်သူ ယောကျ်ားသားကြီးနှစ်ဦးက
တော့ မြက်ခင်းပြင် စားပွဲဝိုင်း၌ ထမင်းစားကောင်းအောင်အာ
လျှာတ်ဆေး မှိုဝဲရင်း စကားကောင်းနေကြသည်။ တော်သေးသည်. .



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်အန်ကယ် မရှိခြင်းက မျက်နှာအပူ အနည်းငယ် သက်သာသွားစေသည်။

"ကေကေ. . မင်းမင်းကို ငြင်းစရာ မရှိပါဘူး၊ မေမေတို့ အန်တီတို့ သဘောပါပဲ"

"ဟေ"

မင်းထက်သည် အရှက်နည်းစွာ ထအော်လိုက်သေးရာ မြကေလာ မျက်စောင်းထိုးလိုက်ပြီး. . .

"ကောင်းကောင်းနေနော်. . . မေတ္တာပျက်အောင် မလုပ်နဲ့"

"ဒီနှစ်ယောက်ဟာလေ. . . ခုထက်ထိ တကျက်ကျက်နဲ့"

"သားတွေ သမီးတွေ ရတဲ့အထိ ဒီအတိုင်းပဲ ဖြစ်နေဦးမှာပဲ ထင်တယ်"

ထိုစကားကြောင့် မြကေလာ မင်းထက်မျက်နှာ မကြည့်ရဲတော့ချေ။ ဘယ်လောက်ပဲ ရဲတင်းသော မိန်းကလေးဖြစ်ပါစေ၊ ယခုလို အချစ်ရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်လာပါက အရှက်အကြောက်ကလေးများ အလိုလို ဖြစ်ပေါ်လာတတ်သည်။

"ဒီလိုဆို စေ့စပ်ဖို့ ရက်ရွေးရအောင်"

မြကေလာ နေရာမှ အသာထကာ အိမ်ခန်းထဲ ပြန်ဝင်ခဲ့လိုက်သည်။ မင်းထက်ရှေ့မှာ ထိုင်ရမည်ကို အလိုလို ရှုံ့ကာ သေးကြုံ့လာသောကြောင့်ဖြစ်သည်။ ယခင်နှင့် မတူတော့။

မင်းထက်နှင့် မျက်လုံးချင်း ဆိုင်ရမည်ကိုပင် စိုးရွံ့လာသည်။ သူငယ်ချင်းအချစ်မှနေ၍ ပြောင်းလဲလာခြင်းအပေါ်၌ သူမ စိတ်ရှုပ်ထွေးနေသည်။ ထို့အတူပင် မင်းထက်လည်း မျက်နှာပူဟန်





ဖြင့် ထပြန်သွားလေပြီ။ လူငယ်နှစ်ယောက် တစ်ဦးအပေါ် တစ်ဦး ရှိန်နေခြင်းကို အမေနှစ်ယောက်က သဘောကျစွာ မေးငေါ့ပြီး အတင်းတုတ်လေသည်။

"ကောင်းတယ်. . . ဒါမှ နားငြီး နည်းနည်းသက်သာသွားတယ်"

"ဘယ်လောက်ကြာကြာ ခံမှာမို့လို့လဲ၊ နားငြီးသက်သာပြီး မျက်စိနောက်လာလိမ့်မယ် ထင်တယ်"

"ဒီတော့လည်း မြန်မြန်ပေးစားလိုက်တော့ မြေးတွေနဲ့ နှစ်အိမ်စလုံး စိုပြေသွားမှာပေါ့ကွယ်၊ မဟုတ်ဘူးလား သူငယ်ချင်း"

"ဟုတ်ပါ. . . ဟုတ်ပါ"

မြကေလာ အိပ်ခန်းထဲမှနေ၍. . .

'ဘာတွေ လျှောက်ပြောနေလဲ မသိဘူး' ဟု ပြောကာ ခုတင်ပေါ် ပစ်လှဲချလိုက်သည်။ အချစ်ဆိုတာ ရင်ခုန်ခြင်းဟု သတ်မှတ်၍ မရနိုင်သော်လည်း ရင်ခုန်ခြင်းသည် အချစ်၏တစ်စိတ်တစ်ဒေသတွင်တော့ ပါဝင်နိုင်သည်ဟု မြကေလာ ထင်သည်။

အဘယ့်ကြောင့်ဆိုသော် မြကေလာ၏ရင်ခုန်သံကို မြကေလာ ကြားနေရသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် ပြန်လမ်းမရှိသော မြစ်အတွင်းမှ ခရီးသည် တစ်ဦးဖြစ်သည်။

A love is a traveller on the river of no return.

# အခန်း (၁၅)

"ကေ့. . ."

". . . . . ."

ချစ်သူဘဝ ရောက်လာပြီးကာမှ မင်းထက်သည် ပြောင်းလဲချင်လာသည်။ အခြားတော့ မဟုတ်၊ အခေါ်အဝေါ်ကို ပြောင်းလဲခိုင်းလာသကဲ့သို့ တွေ့ချိန်ကိုလည်း ယခင်ထက် ပိုများများ တောင်းဆိုချင်လာသည်။

"တေ. . ဆို"





"ကေကေ့နာမည်က ကေ မဟုတ်ဘူး. . . ကေကေ"

"မဟုတ်တာ. . . ကေ တစ်လုံးတည်း မူလအစ ကနဦး ပထမက ရှိတာပေါ့၊ ဒီတော့ ကိုယ်က မူလအစ ကနဦး ပထမက ရှိရင်းစွဲ ကေဆိုတဲ့အမည်လေးကို ခေါ်တာ"

"မင်းမင်းနော်. . . ပေါသလို ကြောင်သလို လုပ်မနေနဲ့၊ ကေကေဟာ ကေကေပဲပေါ့၊ ဘာတွေ အဆန်းထွင်ပြီး ကေနေရတာလဲ"

"ကေကေ မကြိုက်ဘူးလား၊ ငါက မသိပါဘူး၊ ချစ်သူဆိုတော့ သူများနဲ့ မတူညီတဲ့ အခေါ်အဝေါ် တစ်ခုကို ပြောင်းလဲခေါ်သင့်တယ် ထင်လို့ ခက်ရာခက်ဆစ် စဉ်းစားပြီး ခေါ်ကြည့်တာ၊ တစ်ခါတည်းကို ဩဘာအပေးခံရတော့တာပဲ"

"သူများထက် ထူးချင်တာကိုး၊ လောကမှာ အခေါ်အဝေါ်က အဓိကလား၊ ရင်တွင်း ချစ်တဲ့ ချစ်ခြင်းမေတ္တာက အဓိကလား ဆိုတာလည်း တွေးကြည့်မိရဲ့လား ကိုယ်တော်"

ထိုအခါ မင်းထက်သည် ရှေ့နောက်ဝဲယာသို့ကြည့်ကာ. .

"ဘယ်မှာလဲ ကိုယ်တော်၊ ဘုန်းကြီးတစ်ပါးမှလဲ မမြင်ပါလား"

"နင့်ကို ပြောတာဟဲ့ ကောင်စုတ်ရဲ့"

မြကေလာ စိတ်မရှည်သဖြင့် မင်းထက်အား ထုရိုက်လိုက်သည်။ မင်းထက် မနာကျင်ပါသော်လည်း. . .

"အလားလား. . . သေပါပြီ အမေရဲ့၊ အမေ့သားကို အမေ့ချွေးမ နှိပ်စက်နေတယ်ဗျ၊ လုပ်ကြပါဦး အရပ်ကတို့. . . ကယ်ပါ"

"ဟဲ့. . . ဟဲ့. . . သေတော့မှာပဲ မင်းမင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်ပါးစပ်ကို မြကေလာ အတင်းပိတ်လိုက်ရသည်။ လူကြီးတွေ ကြားသွားမှာကို မြကေလာ ရှက်ရသည်။ မျက်နှာလည်း ပူရသည်။ ခက်သည်က မင်းထက်။ အရှက်ဟူသည် ချိုနှင့်လားဟု မေးယူရမည်ကဲ့သို့ ဖြစ်နေလေသည်။

"ရှက်သလား"

"တော်စမ်း. . . လူဆိုတာ အရှက်နဲ့ လူလုပ်တာဟဲ့၊ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး"

"အလကား. . . အပိုတွေ၊ အသက်မရှိမှ သေတာ၊ အရှက်မရှိရင် သေတာမှ မဟုတ်ဘဲ၊ ငါ့ကို ကြည့်ပါလား"

"တော်ပါတော့ စကားတောင်စားရယ်၊ မြန်တော်မူပါတော့ နေဝင်နေပြီ"

"နေဝင်ရင် လထွက်လာမှာပေါ့၊ အဲဒါ ဘာဖြစ်သလဲ"

"ပြန်တော့လို့ ပြောနေတာ"

"နေပါဦး"

မြကေလာက ပြောပြောဆိုဆို ဒန်းပေါ်မှာ ထိုင်လိုက်သည်။ ထိုအခါ မင်းထက် သူမလက်ကို ဆွဲကာ တားဆီးလိုက်သည်။ မြကေလာက ဟန်ချက်မညီ ယိမ်းယိုင်သွားပြီး ဒန်းပေါ်သို့ ပြန်ထိုင်ကျသွားသည်။

"အို. . . ရမ်းလှချည်လား"

မြကေလာတ အိမ်ဆီသို့ မလုံမလဲ ကြည့်လိုက်သည်။ တော်သေးသည်။ မိဘ၊ ညီအစ်ကို၊ မောင်နှမများကလည်း ခေတ်မီစွာ သဘောပေါက်မှု ရှိ၍ သူတို့နှစ်ဦးကို စောင့်ကြည့်ခြင်း၊ ချုပ်ချယ်ခြင်း မရှိကြပါချေ။





"မရမ်းပါဘူး. . . ချစ်သူကို ပျောက်ကွယ်သွားမှာစိုးလို့ လှမ်းဆွဲခေါ်ခြင်းဆိုတာ အင်မတန်မှ နူးညံ့သိမ်မွေ့ ယဉ်ကျေးတဲ့ အချစ်ရဲ့သရုပ်သဏ္ဍာန်လေးတွေပါ ကေကေ၊ ဒါကို ရမ်းကားတယ်လို့ မခေါ်ဘူး"

"လျှာရှည်တော်မူလိုက်တဲ့ မိကျောင်းသားရယ်၊ ပြောစရာရှိရင်လည်း မြန်မြန်ပြောပြီး ပြန်တော်မူပါ၊ မိဘတွေက မဆူမပြောပေမယ့် ကိုယ်က လူကြီးတွေရဲ့အမြင် တင့်တယ်စေဖို့အတွက် အနေအထိုင် ဆင်ခြင်ရမယ်"

"ဘယ်သူက ဘာလုပ်နေလို့လဲ၊ ကေကေ့ကို ဘယ်နှစ်ခါ နမ်းဖူးလို့လဲဆိုတာ ပြောပါဦး"

"နမ်းရဲ နမ်းကြည့်ပါလား၊ ဒီကကော ခံမယ်များ ထင်နေသလား"

"စိန်ခေါ်တာလား"

မင်းထက်၏စူးရှသောမျက်လုံးကို မြကေလာ ရင်ဆိုင်ရန် မဝံ့တော့သဖြင့်. . .

'မင်းမင်းနော်' ဟု ဆိုကာ မင်းထက် လက်ဖျံကို ဆိတ်လိုက်သည်နှင့် မင်းထက်အကြည့်သည် ရှင်းသန့်ကာ. . .

'အား' ဟု နာကျင်ဟန်ဆောင်ကာ အော်လေတော့သည်။

"ပြောစရာရှိရင် မြန်မြန်ပြောပြီး ပြန်တော့"

"ပြောစရာတွေက ကေကေနဲ့ မတွေ့ခင်မှာ ရင်နှင့် မဆန့်အောင် များလွန်းအားကြီးတယ်၊ ကေကေနဲ့လည်း တွေ့ကော ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကော၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဘယ်သိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမင်းအထင်တော့ ချစ်သူနဲ့ တွေ့တဲ့အခါ ပျော်ရွှင်ကြည်နူးခြင်းဆိုတဲ့ ရင်ခုန်သံအောက်မှာ ပြောစရာစကားတွေဟာ ငုပ်လျှိုးကုန်တယ် ထင်တယ်"

"ဆိုပါဦး အချစ်သမ္မာရင့်ကြီးရဲ့"

"မခနဲ့ပါနဲ့. . . စကားကို အတည်ပေါက် ပြောနေတာပါ။ နားမလည်ရင် သေသေချာချာ နားထောင်ပြီး နည်းနာနိဿယတို့ကို ခံယူမှပေါ့"

မြကေလာ အသည်းယားစွာဖြင့် ဆွဲဆိတ်လိုက်ပြန်သည်။

"လူတော့ မေးခိုင်ကာကွယ်ဆေးလေးဘာလေး ထိုးထားဦးမှပဲ"

"ဘာဖြစ်လို့လဲ"

"ကြောင်မလေးက ကုတ်ခြစ်နေလို့လေ"

"သေလိုက်ပါလား"

"မိန်းမ မရသေးလို့ပါ"

"မင်းမင်းနော်. . . ဒီတစ်ခါ ပြောပြီးရင် ပြီးပါပြီ၊ သေသေချာချာ နားထောင်"

". . . . ."

"မင်းမင်းနဲ့ကေကေဆိုတာ သူငယ်ချင်းဘဝက အခေါ်အဝေါ်တွေ၊ အခု ချစ်သူဘဝ၊ တစ်နည်းအားဖြင့် စေ့စပ်ပြီးသား သတို့သားလောင်း သတို့သမီး အလောင်းအလျာတွေအနေနဲ့တော့ ဒီအခေါ်အဝေါ်မျိုး မခေါ်သင့်တော့ဘူး ထင်တယ်. . . ပြောင်းလွဲပေးရမယ်၊ ဒါမှ သူငယ်ချင်းဘဝမှာ တစ်မျိုး၊ စေ့စပ်ပြီးတစ်မျိုး၊ ယူပြီးတစ်မျိုး ဖြစ်မှာပေါ့. . . မဟုတ်ဘူးလား၊ ခံစားမှုအမျိုးမျိုးနဲ့





နားအရသာ အမျိုးမျိုးလဲ ခံရတာပေါ့"

"သေလိုက်. . . ငါတော့ နင့်ကို လက်ထပ်ဖို့ လက်ခံမိတာ မှားပြီထင်တယ်၊ နားရောဂါတော့ အရင်ဆုံး ရမလား မသိဘူး ကိုရွှေမင်းမင်း၊ ဒီတော့ နင့်ဘာသာနင် ခေါ်ချင်သလိုခေါ်၊ ကျွန်မကတော့ မင်းမင်းလို့ပဲ ခေါ်မယ်"

"တော်တော် ဒုံးဝေးတဲ့မိန်းမပါလား၊ ဟင်း. . . ဒီတိုင်းသာဆိုရင် ယူပြီးရင်တော့ နင့်ကို ငါ မိန်းမလို့ပဲ ခေါ်ဖြစ်တော့မယ် ထင်တယ် မိန်းမရာ"

"ဘာမိန်းမလဲ စီးစီးပိုးပိုး၊ ဟွန်း. . . နေရစ်တော့ ဖိုးရွှေသောကြာ"

"မနေရစ်ပါဘူး. . . ငါလဲ ပြန်မှာပဲဟာ၊ ဧည့်သည်က ဒီလောက်တောင် နှင်နေမှတော့ ငါလဲ နည်းနည်းတော့ ရှက်တက်တက် ဖြစ်လာပြီလေ"

"တော်သေးတာပေါ့. . . အရှက်နည်းနည်း ရှိသေးလို့"

"အများကြီး ရှိပါတယ်ဟာ၊ လုံလုံခြုံခြုံ ဝတ်ထားတာ ကြည့်ပါလား"

မင်းထက်အား မျက်စောင်းထိုးကာ အိမ်ထဲသို့ ပြေးဝင်ခဲ့လိုက်သည်။ မင်းထက်က လေချွန်ကာ နှစ်အိမ့်တစ်အိမ် မလွယ်ပေါက်ဆီသို့ လျှောက်သွားလေသည်။ ထိုအခါကျမှ မြကေလာ လွတ်လွတ်လပ်လပ် ရယ်မောကာ သူ၏စကားများကို တစိမ့်စိမ့် ခံစား စားမြုံ့ပြန်ရလေသည်။

ချစ်သူရှိသူ မိန်းကလေးတို့သည် ချစ်သူအကြောင်း ပြန်လည် တွေးတောရခြင်းသည်က အရသာတစ်မျိုး ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားရသည်မှာ တစိမ့်စိမ့်နှင့် တသိမ့်သိမ့် ရင်မှာ ဖြာစေသည်။





[illegible]

Prevention is better then cure.

# အခန်း (၁၈)

"အချို့ခေတ်မီစုံတွဲတွေဆိုရင် လက်မထပ်ခင်မှာ ကျန်းမာရေးအတွက် လိုအပ်မယ်ထင်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်တတ်ကြတယ် ကောကော"

"အဲဒါ ဘာဖြစ်လဲ"

"မောင်တို့လည်း လုပ်ဖို့ လိုအပ်တာပေါ့"

"ခစ် . . . သူ့ကိုယ်သူ မောင်တဲ့"

"မလျှောင်နဲ့ကွ . . အတည်ပြောနေတာ၊ မောင့်ကို လျှောင်



www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုဘူး၊ မောင် လေးလေးနက်နက် ပြောနေတာ"

မြကေလာသည် မျက်နှာထား တင်းနေသော မင်းထက်ကို ကြည့်ကာ ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ပြီး. . .

"ဟုတ်ကဲ့ပါ မောင်ကြီး. . . နားစွင့်လျက်ပါ"

"ဘယ့်နှဲ့ မောင်ကြီးရတာလဲ လုံမနွေးရဲ့"

"ပိုပြီးလေးနက်သွားအောင် မောင်ကို ကြီးတပ်ပေးလိုက်တာလေ"

"ခွေးမလေး"

မင်းထက် ရယ်မောလိုက်သည်။ လာမည့် ဒီဇင်ဘာလ၌ သူတို့ လက်ထပ်ကြတော့မည်။

ချစ်သက်တမ်းက ကြာလာသည်နှင့်အမျှ သူတို့နှစ်ဦး၏ ခိုင်မြဲမှု ချစ်သစ္စာတရားကလည်း မြဲမြဲမြံမြံ ခိုင်ခံ့လျက်ရှိသည်။

"ဟုတ်တယ်လေ မောင်ကြီးရဲ့"

"တော်ပါတော့ လုံမကြီးရယ်၊ မောင် ပြောမယ့်စကား တောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

"ဟိုရောက်သွားပြီလေ"

"ဟုတ်တယ်. . . ဟိုရောက်အောင်သွားမယ်၊ ပြီးရင် ဆေးစစ်ကြရမယ်"

"ကေကေ့ကို မယုံဘူးပေါ့"

"ဒါကြောင့် မဟုတ်ပါဘူး၊ သားသမီးတွေ နောင်ရေး အတွက်ပါ၊ ဆစ်ဖလစ်တို့ ဘာတို့ညာတို့ ရောဂါပိုးတွေ ပါလာမယ် ဆိုရင် သားသမီးတွေရဲ့ဘဝကို နစ်ရာ,ရောက်သွားမှာစိုးလို့"

"အံမယ်. . . ကေကေ့ဖေဖေက လူပွေမဟုတ်ပါဘူးနော်"





"ပြောနိုင်လို့လား. . . သားသမီးတွေ ရလာလို့ ခြေငြိမ် သွားတာ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ မောင့်အဖေလဲ ရှပ်က ဖြောင့် ဖြောင့်ဆိုတော့ နည်းနည်းရှုပ်ခဲ့တယ်လို့ မေမေ ပြောဖူးတယ်"

"သြော်. . . ဒါကြောင့်လား၊ ဒီလိုဆိုရင် မင်းမင်းမှာ ဘာလသား ရောဂါပိုးသာ ပါလာရင်တော့ ဆောရီးပဲနော်"

"ကေကေ့မှာ ပါလာရင်လည်း ဆောရီးနော်၊ အနာရှိရင် ဆေးရှိရမယ်၊ ဆေးကုသမှု ခံယူပြီး ရောဂါပျောက်သွားရင်တော့ လက်ထပ်ကြတာပေါ့"

ရွှတ်ရွှတ်နောက်နောက် နေတတ်သော မင်းထက်၏ နှုတ် များမှ ရှေ့နောက်စဉ်းစားဆင်ခြင်သော စကားမျိုး ကြားလိုက်ရခြင်း အတွက် မြကေလာ ကျေနပ်သွားသည်။

မင်းထက်စကားသည် လက်ခံသင့်သောစကား ဖြစ်သဖြင့်

"ဒါဖြင့်လည်း သွားလေ"

"အိုကေ. . . ဖဝါးခြေရာထပ် လိုက်မယ်ပေါ့"

"ဟုတ်ကဲ့ပါ မောင်ကြီး"

"ဟာ. . . မလုပ်ပါနဲ့၊ နှုတ်ကျိုးသွားပါ့မယ်"

"နှုတ်ကျိုးသွားတော့ရော ဘာဖြစ်သလဲ၊ မြန်မာ့ယဉ်ကျေးမှု တို့ ထိန်းသိမ်းရာရောက်တဲ့ အခေါ်အဝေါ်ပဲမို့ မောင်ကြီး မြတ်နိုး သင့်ပါတယ်"

"ကောင်းပြီလေ. . . ဒီလိုဆို ဘက်ညီသွားအောင် မောင် တာလဲ နှမကို လုံမလို့ ခေါ်ရမှာပေါ့နော် လုံမ"

မြကေလာက မင်းထက် လက်မောင်းကို ဆွဲဆိတ်လိုက် သည်။ မင်းထက်သည် အရှက်ရှိသည် မဟုတ်၊ တကယ်ခေါ် ချင်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မည့်ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် မြကေလာကပင် အလျှော့ပေးလိုက်ရသည်။

"ဒါဖြင့် ဆေးရုံသွားမှာလားဟင် မောင်"

"မဟုတ်ဘူး. . . အပြင်ဆေးခန်းတစ်ခုခုမှာပဲ စစ်လိုက်ကြရအောင်"

"မောင့်သဘောပါပဲ"

"မောင့်သဘောဆိုရင် ဆေးခန်းမသွားခင် အရင် ထီဆိုင်သွားမယ်"

"ဘာသွားလုပ်မလို့လဲ"

"ထီဆိုင်သွားပါတယ်ဆိုမှ ထီသွားထိုးမလို့ပေါ့ ကေကေရယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင် အခေါ်ခံချင်နေတဲ့ မောင်အခေါ်ခံလိုက်ရပြီမို့လို့လေ"

"ဩော်. . . မောင်ရယ်"

မြကေလာ မင်းထက်ပခုံးထက်သို့ ခေါင်းကို မှီခွဲ့တင်လိုက်သည်။

"ချစ်သူရဲ့အလိုဆန္ဒ မှန်သမျှကို ဖြည့်ဆည်းပေးချင်တတ်တာ မိန်းမသားတွေရဲ့ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ဆန္ဒတစ်ရပ်ပါ မောင်ရယ်"

"အား. . . နားဝင်ပီယံ ရှိလိုက်တာ ကေကေရာ၊ မောင့်ကိုနောက်ကိုလည်း အဲဒီလို ပီယဝါစာ ချစ်ဖွယ်သောစကားလေးတွေကိုပြောဆိုပေးပါနော်"

"ကြည့်. . . ပြောရင်းက ပွဲဖောက်လာပြန်ပြီ၊ စေတနာဖျက်အောင် မလုပ်နဲ့နော် မင်းမင်း"





"မောင်က ဘာပြောလို့လဲကွာ"

"မောင် စတာပါ ကေကေရာ၊ ကေကေ့ကို အမြဲတမ်းပြုံးပျော်နေတာကို မြင်ချင်တဲ့ကောင်ပါ၊ ကေကေ့ကို စတာက ချစ်လို့၊ နောက်တတ်တာက ပျော်လို့၊ ဝသီပါနေလို့ပါကွာ၊ ကေကေတို့မိန်းမသားတွေကမှ မဟုတ်ပါဘူး၊ မောင်တို့ ယောကျ်ားတွေကလည်း ချစ်သူရဲ့လိုအင်ဆန္ဒမှန်သမျှတို့ကို တဝေမဆိုင်းပဲ ချက်ချင်းဖြည့်စွမ်းပေးချင်တဲ့ဆန္ဒ ရှိကြပါတယ်ဆိုတာ မောင့်စိတ်နဲ့ နှိုင်းပြီး ပြောတာနော်"

မြကေလာ ယုံကြည်လိုက်ပါသည်။ မိန်းမသားများသည် ချစ်သူ၏ချစ်စကားမှန်သမျှတို့ကို မျက်စိမှိတ် ဖွတ်ယုံလွယ်တတ်ကြသည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်တွင် ရယ်ခဲ့သောသူသည် ညနေတွင် ငိုရသည်။

He who laught in the morning,
weeps in the evening.

# အခန်း (၁၉)

"ဟဲလို"

"သမီးလား. . . အန်တီပါ"

"အန်တီ. . . မင်းမင်းသတင်း ဘာကြားပြီလဲ"

"အဲဒါ ပြောမလို့ သမီးရဲ့"

"ဟုတ်ကဲ့. . . မြန်မြန်ပြောပါ အန်တီ"

မြကေလာ စကားပြော လောသွားသည်။ မင်းထက်နှင့် ပတ်သက်လာလျှင် သူမရင်၌ အပူမီးကြီး တောက်လောင်နေပြီ။





မျက်လုံးဖွင့်လိုက်၊ သတိလည်လာလိုက်၊ ပြီးလျှင် မျက်လုံး ပြန်မှိတ်ပြီး သတိလစ်သွားသည့်အခါ ကယောင်ကတမ်း ဖြစ်သည်။ ဤသည်ကို အဘနှင့်ဆရာမလေးက ဆေးထိုးဆေးတိုက် လုပ်ပေးသည်။

"အဘရေ. . . သူ့ ရေတောင်းရင် ရေကျက်အေးသာ များများတိုက်ပေး၊ အဖျားချက်ချင်းကျသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာမ"

အဘသည် လူလေးအနားကို ဆေးထည့်ပေးရာတွင်တောင် ကူညီသည်။

လူလေးသည် အဖျားဝေဒနာကို အလူးအလဲ ခံစားနေရသည့်ကြားက အဘ၏စိုးရိမ်ရသောမျက်နှာကို မြင်လိုက်ရသည်နှင့် တပြိုင်နက် သူ့ရင်၌ အဖျားဝေဒနာတို့ လွင့်စင်သွားသည့်နှယ် ခံစားရသည်။ မေတ္တာတရားဟူသည် သွေးသားအရင်းကိုမှ ထားတတ်သည် မဟုတ်ဘဲ။ လူသားအချင်းချင်း မေတ္တာတရား ထားတတ်ခြင်းသည် အလွန်ရှားပါးသောအရာတစ်ခုကို တွေ့ရှိလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

ထူးကဲသော ခံစားမှုအဟုန်ကြောင့် ငိုချင်သလိုလို ရယ်ချင်သလိုလိုနှင့် မျက်ရည်စတို့ပင် ရစ်ဝဲလာသည်။ မိဘများသည် သားသမီးများအပေါ်၌ ချစ်ခြင်းမေတ္တာတရား ထားခြင်းသည် သဘာဝ ကျသည်။ သူ့သွေးသူ့သားပေကိုး။

သွေးမတော် သားမစပ်သူအပေါ် မေတ္တာတရား ထားနိုင်ခြင်းသည် သာမန်လူတို့ မထားနိုင်သော မေတ္တာတရားပင်ဖြစ်သည်။

အမေက လူလေးကို ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်နေလေ လူလေး"

လူလေး မျက်လုံးအမြင်သည် မကြည်လင်ပေ။ ဝေဝါးလာသဖြင့် မျက်လုံးကို မှိတ်ထားလိုက်သည်။

"နေသာရဲ့လား"

"........"

လူလေး ရင်၌ ခံစားမှုအစုစုတို့သည် ရောဂါဝေဒနာ နှိပ်စက်မှုကို ဖုံးလွှမ်းသွားသည်။

"ကေကေ"

မျက်ဝန်းထဲတွင် ကေကေကို လူလေး မြင်ယောင်လာသည်။ ကေကေအား တွေ့ချင်စိတ်က ထိန်းမရအောင် ဖြစ်လာသည်။ ကေကေ တစ်ယောက်တည်း သူစိမ်းများအလယ် မည်သို့နေရှာမည်နည်း။

သူ ကျောင်းသွားကျောင်းပြန် အံပေါ် ထပ်မှ ပြတင်းပေါက်အကွယ်လေးမှ ဖွေးဥသန့်စင်နေသော မျက်နှာလေးကို အဝေးမှနေ၍ မြင်နေကျဖြစ်သည်။ ထိုအိမ်ရှေ့ရောက်တိုင်း စက်ဘီးရပ်ပြီး အိမ်ထဲ မဝင်မိအောင် စိတ်ကို မနည်းချုပ်တီးရသော စိတ်တို့သည် သူ့ရင်ကို ဝေဒနာ ရအောင် အမြဲဖန်တီးလျက်ရှိသည်။

"ဆေးအရှိန်နဲ့ သူအိပ်ပျော်သွားလိမ့်မယ်၊ ဘာမှ မစိုးရိမ်နဲ့ ဆေးမှန်မှန်သာ တိုက်ပေးနော် အဘ၊ မနက်ဖြန် ကျွန်မ အားတဲ့အချိန် လာခဲ့ဦးမယ်"

"ဟုတ်ကဲ့ ဆရာမ"

"ကျွန်မ ပြန်မယ်နော်"

"မယ်ချောရေ. . ဆရာမကို ဆေးဖိုးပေးလိုက်ပါ၊ ပြီးတော့





ဦးထွက်ယာထွက်ပစ္စည်းတွေကော ပေးလိုက်ပါဦး"

"ဒုက္ခမရှာပါနဲ့ အဘ"

"စက်ဘီးပေါ် တင်ပြီးပြီတော့ ကိုဖိုးထော်"

"အေး. . . အေး"

အဘသည် လူလေးအိပ်ရာဘေးက မခွာနိုင်ဘဲ နှုတ်ဖြင့်သာ အမိန့်ပေးနေသည်။ လူလေး အိပ်ပျော်သွားသည်။ အိပ်မက်ထဲ၌ ကေ့ကေ ရောက်လာသည်။

"လာ. . . လုံမလေး"

အဘနေရာ၌ ကေကေ ထိုင်လိုက်သည်။ နဖူးမှ ထွက်လာသော ချွေးများကို အဘ သုတ်ပေးရင်း သူ့နဖူးသို့ နွေးထွေးစိုစွတ်သော သောကပွင့်တို့ ခုန်ဆင်း ထိမှန်လာသည်။

ကေကေ ငိုနေသည်။

"ငိုနေသလား ကေကေ၊ မငိုနဲ့. . . မင်း မငိုနဲ့၊ ဘယ်သောအခါမှ ငါ့အတွက် မငိုနဲ့ ကေကေ၊ ငါ့အတွက်သာ ငိုနေရမယ်ဆိုရင် နင် တစ်သက်လုံး ငိုကြွေးလို့ မဆုံးနိုင်တော့မှာ မဟုတ်ဘူး၊ မငိုနဲ့. . မငိုနဲ့၊ နင့်မျက်ရည်စက်တွေကို ငါ ကြောက်လန့်လို့ နင်နဲ့ အဝေးဆုံးနေရာကို ငါ ပြေးထွက်ခဲ့တာ၊ နင်မငိုနဲ့ ကေကေ၊ နင်မငိုနဲ့"

လူလေး စိတ်တိုတိုနှင့် တအားကြုံးအော်ပစ်လိုက်သည်။ ထိုအခါ ကေကေ့မျက်ဝန်းသည် ပြုံးစက်ဝိုင်းသွားကာ ကြောက်လန့်သော မျက်ဝန်းအိမ်သည် အပြစ်ကင်းစင်လွန်းလှသည်။ လူလေးတို့ ရှိုးမတောင်ရိပ်၌ သစ်ခုတ်သွားစဉ် တစ်ခါတစ်ရံ တွေ့မြင်ရသော သမင်မငယ်၏မျက်လုံးနှင့် တူသွားသည်။

ကရုဏာသက်စရာ ကောင်းလွန်းလှသည့် မျက်လုံးလေး

www.burmeseclassic.com



တွေ့ပါလား။

ဒီမျက်လုံးမျိုး လူလေး မတွေ့မြင်ချင်ပါ။ လူလေး တွေ့မြင်လိုသည်က အမြဲတက်ကြွပျော်ရွှင်လန်းဆန်းနေတတ်သော အကြည်ရောင် မျက်လုံးများသာဖြစ်သည်။

"ကေကေ မငိုနဲ့. . သွား. . သွား၊ နင့်မျက်ရည်တွေကို ငါ ကြောက်တယ်၊ သွားစမ်း ကေကေ၊ မင်း ငါ့ဘဝထဲက အပြီးတိုင် ထွက်သွားပါ ကေကေ"

"မောင်"

ကေကေက နှင်ထုတ်၍လည်း မရပါချေ။

သူ့နဖူးပြင်တဝိုက် အေးခနဲဖြစ်သွားသည်။ ရေအေးစွတ်ထားသော အဝတ်ရေစိုဖတ်ကလေးဖြင့် သူ့ထံမှ အဖျားများကို စုပ်ယူရန် ကြိုးစားအားထုတ်နေသည် ထင်ပါသည်။

"ကေကေ သွားကွာ. . . သွား. . . သွား"

"မသွားဘူး မောင်၊ ဘယ်တော့မှ မသွားဘူး၊ မောင့်အပါးမှာပဲ ကေကေ ထာဝရ နေမယ်၊ မောင့်အပါးမှာပဲ သေတော့မယ်"

'ဟင်း' ခနဲ လူလေး သက်ပြင်းချလိုက်မိသည်။

အိပ်မက်ထဲက ကေကေသည် အပြင်က ကေကေကဲ့သို့ပင် ခေါင်းမာသည်။ ဇွတ်ပေကပ်နေသည်။

"နေကွာ. . . နေနေ၊ ငါသေရင်လည်း နင် လိုက်သေမှာလား"

"အင်းပေါ့. . . အဲ. . မဟုတ်ပါဘူး၊ မောင်က ဘာကိစ္စ သေရမှာလဲ. . . မသေပါဘူး"

"ကေကေ သွားတော့. . . သွား"





လူလေး အော်သည်။ နှင်ထုတ်သည်။ သို့သော် ကေကေက ငိုရှိုက်မှတပါး လုံးဝထွက်မသွားဘဲ သူ့အား ရေအဝတ်တို့နှင့် သုတ်ပေးနေသည်။ အပူချိန်တို့သည် လွင်တီးခေါင်ပြင် သဲကန္တာရတို့ ဖြတ်ကျော်ရာမှ အိုအေစစ်ရေကို သောက်သုံးချင်လာသော ကန္တာရခရီးသည်၏ရေငတ်ခြင်းမျိုးနှယ် ရေငတ်လာသည်။ အာခေါင်တွေ ခြောက်သွေ့လာသည်။

"ရေ. . ရေ. . ရေ"

စိတ်အတွင်း အာသီသကို နှုတ်မှ ဖွင့်ဟတောင်းဆိုလိုက်သည်။

"ရမယ်. . . ရမယ်၊ အဘ. . ရေကျက်အေးကော"

"ခေါင်းရင်းမှာ"

"ဩော်. . . ဟုတ်ကဲ့၊ တွေ့ပြီ"

သူ အသံတွေ ကြားနေရသည်။ ဤအသံများသည်ကော အိပ်မက်ထဲက အသံပေလား၊ သူ ဝေခွဲမရ။ နူးထွေးညှံ့သက်သော နွှာကိုယ်လေးက သူ့ကို တွဲထူကာ သူငတ်မွတ်နေသော ရေကြည်ရေအေးလေးများသည် လည်းချောင်းပြွန်မှတဆင့် ရင်တွင်းသို့ အေးငြိမ်းစွာ စီးဝင်လာသောအခါ အပူတို့သည် ငြိမ်းအေးသွားလေသည်။

မျက်ခွံတခါးတို့ လေးလံကာ ပြန်လည်အိပ်ပျော်သွားတော့သည် ထင်ပါသည်။ လူလေး မအိပ်ချင်သေးပါဘူး၊ ကေကေနှင့် အိပ်မက်ထဲ၌ စကားပြောချင်သေးသည်။

"ကေကေ ပြန်တော့၊ ဒီမှာ မနေနဲ့"

"မောင် နေရာအရပ်မှာ နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် မရှိရင် ခက်သွားမယ်ကွ. . . ပြန်ကွာ"

"ဟင့်အင်း"

"မောင် အိပ်ချင်ပြီ. . . ပြန်တော့ကွာ"

"အိပ်ချင်အိပ်ပေါ့. . . ကေကေ မောင့်အနားမှာပဲ စော
နေမယ်"

"မစောင့်နဲ့. . . မစောင့်နဲ့၊ လူဆိုတာ အိပ်ရမယ်၊ အ
ထာဝရ အိပ်ရတော့မှာ၊ ပြန်. . ပြန်တော့၊ ကေကေ့ကို မောင်လေ

လူလေးနှုတ်ခမ်းတို့သည် ဖွင့်ဟ၍မရအောင် လေးလံကာ
အိပ်မောကျခြင်းတရားက သူ့အား ဆွဲခေါ်သွားလေသည်။





ဘဝဟူသည် ငိုခြင်းနှင့် ရယ်ခြင်းကြားတွင် တည်ရှိသည်။

Life lies between tears and laughter.

# အခန်း ( ၂၃ )

လူငယ်နှစ်ဦး၏ ချစ်ခြင်းမေတ္တာတရား၏ နက်ရှိုင်းမှုကို အဘနှင့်အမေက စိတ်မကောင်းစွာ သတိပြုမိသည်။

"အခြေအနေကောင်းသွားရင် ကျုပ် ယာဘက် သွားလိုက်ဦးမယ် မယ်ချော"

"နေပါဦး ကိုဖိုးထော်၊ တော်ကြာ လုံမလေးကို ပြန်ပို့ရဦးမယ်"

"ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်"

"လူလေး စိတ်ဆိုးသွားမှာစိုးတယ်"

"မဆိုးပါဘူး. . . လုံမလေးလဲ သနားစရာကောင်းပါတယ်၊ သူတို့စိတ်ဆန္ဒအတိုင်း ဆုံးဖြတ်ကြပါစေ၊ မယ်ချော လုံးဝ ဝင်မပါနဲ့၊ လုံမလေး ပြန်ချင်တယ်ဆိုလဲ လိုက်ပို့လိုက်၊ မပြန်ချင်ရင်လဲ ညည်းနဲ့ အတူ အိပ်ပါစေ"

"အေးတော်. . . လူလေးက ယောကျ်ားတန်မဲ့များ ဘာကြောင့် ခါးသီးသီးဖြစ်နေရပါလိမ့်"

စိတ်ထဲမှ ဘာကိုမှ မျှိုသိပ်ထားတတ်ဟန် မတူသော အမေ၏ဖွင့်ဟသံကို ကြားရသောအခါ မြကေလာ၏ရင်တွင်းသောကတို့သည် မငြိမ်းချမ်းနိုင်အောင် ဖြစ်သွားရသည်။ ရင်နှင့်မမျှအောင် မချိမဆန့် လောင်မြိုက်နေသော သောကမီးဝေဒနာရပ်တို့သည် ဘယ်သောအခါမှများ ငြိမ်းချမ်းနိုင်ပါမည်နည်း။

လူလေး၏နဖူးပြင်ပေါ်သို့ အသာထိတွေ့ စမ်းသပ်ကြည့်လိုက်သောအခါ. . .

"ကိုယ်ပူကျသွားပြီ အမေ"

အတွင်းဘက်၌ မီးဖိုတစ်လုံးနှင့် အလုပ်ရှုပ်နေသော အမေ့ကို မြကေလာ လှမ်း၍တိုင်တည်လိုက်မိသည်။

"အေး. . အေး. . ချွေးများများထွက်သွားရင် အဖျားကျသွားမှာပါ၊ စိုးရိမ်စရာ မရှိတော့ပါဘူး"

"ဒါဖြင့် သမီးပြန်တော့မယ်"

မြကေလာ အမေ့အား သွေးတိုးစမ်းသော မေးခွန်းကို မေးလိုက်သည်။





"မပြန်ပါနဲ့တော့. . . ဖိုးအေးလဲ ပြန်သွားပြီ၊ အမေနဲ့ပဲ အိပ်"

"ဟင်. . . တကယ်"

မြကေလာ ထခုန်မတတ် ဝမ်းသာသွားလေသည်။ အမေက သူပြောပြီးသောစကားကို ထပ်မံပြောစရာမလိုတော့ဟု ယူဆထားသည့်အလား လောကွတ်မရှိ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ဖွာလျက် အေးအေးချမ်းချမ်းပင် သူ့အလုပ်သူ ဆက်လုပ်နေသည်။

မြကေလာ လူလေးကို ကြည့်လိုက်မိသည်။ လူလေး၏မျက်နှာပြင်၌ ထိတ်လန့်မှုအရေးအကြောင်းများ ထင်ဟပ်နေသည်။ လူတစ်ယောက်ကို ကားနဲ့တိုက်ပြေးပြီး ရှောင်ပုန်းနေတာလား၊ မတွေးချင်ပါ။ ချစ်သူအတွက် အကောင်းဆုံးကိုသာ တွေးလိုပါသည်။ အဆိုးကို မတွေးချင်။

မြကေလာ မနေတတ်စွာဖြင့် အဝတ်စုတ်တစ်ထည်ယူကာ ကြမ်းမှ ဖုန်များကို လိုက်ပွတ်နေသည်။

"ဟဲ့. . . လုံမ မလုပ်နဲ့လေ၊ လက်ကြမ်းစူးမယ်"

"ရပါတယ် အမေ၊ သမီး အားနေလို့ပါ"

တောသူတောင်သားတို့၏ရိုးသားတင်းတိမ်ရောင့်ရဲစွာ နေတတ်သည့် ဓလေ့အတိုင်း တင်းတိမ်ရောင့်ရဲစွာ နေသည့်အတွက် အိမ်၏ထုပ်တန်းပေါ်၌ တိုးလိုးတန်းလန်းနှင့် အဝတ်များကလည်း ရှုပ်နေသေးသည်။ မြကေလာ ခေါက်တန်သည့်ပုဆိုးကိုခေါက်၊ လျှော်တန်သည်တို့ကို လျှော်ဖွတ်ရန် သီးသန့်ထားနှင့် အလုပ်ရှုပ်နေသည်။

"ကေကေ. . ကေကေ. . ကေကေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

မြကေလာမျက်နှာ ပြုံးသွားသည်။ ရုတ်တရက် အံ့အားသင့်ကာ လူလေးအပါး ချဉ်းကပ်လိုက်သည်။

"မလာနဲ့ . . . သွားသွား၊ ငါ့နား မလာနဲ့ . . . သွားသွား"

လူလေးသည် ရုတ်တရက် ထိုင်နေရာမှ အနားရောက်လာသော မြကေလာကို ပြူးပြူးကြောင်ကြောင် ကြည့်ပြီး အော်လိုက်သည်။ မြကေလာ လန့်သွားသည်။

လူလေးမျက်ဝန်း၌ ကြောက်ရွံ့ရိပ်များ တွေ့ရသည်။

"မကိုင်နဲ့ မြကေလာ၊ သွား . . . နင်သွားတော့၊ ငါ့ပစ္စည်းတွေ မထိနဲ့၊ ငါ့နား မလာနဲ့၊ သွား . . . သွား"

"ပေး . . . ပေး သမီး၊ အမေလုပ်မယ်"

မြကေလာလက်ထဲမှ အဝတ်ဟောင်းပုံကို ကိုယ့်အမေက လှမ်းယူလိုက်သည်။

"အမေလဲ မကိုင်နဲ့၊ သွားကြပါ . . . ကျွန်တော် တစ်ယောက်တည်း နေပါရစေ"

အမေက သက်ပြင်းချကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျပြီး ချစ်သူကို ယူကျုံးမရသောအသွင်ဖြင့် လှမ်းကြည့်နေရှာသည့် မြကေလာကို အသာဆွဲခေါ်ကာ နှစ်သိမ့်လိုက်သည်။

"လူလေး စိတ်ချမ်းသာသလို နေပါစေ၊ လာ . . . လုံမအမေ့နားမှာပဲနေ"

မြကေလာ အလျှော့ပေးလိုက်ရသည်။ ယခုလိုအချိန်မျိုး၌ လူနာနှင့် ဘက်ပြိုင်၍ မာနချင်း မယှဉ်လိုပါ။ ချစ်သူအပေါ် သူစိတ်ချမ်းသာစေရေးအတွက်ဆိုလျှင် အမြဲတမ်း အရှုံးပေးနေချင်ပါ





သည်။ သို့သော် ချစ်ခြင်းမေတ္တာ၏တောင်းဆိုချက်ကြောင့် မြကေလာ လူလေးအပေါ်၌ ဥပေက္ခာပြုမထားရက်ပါချေ။

အမေ့အခန်းထဲ၌ ခင်းထားသော သင်ဖြူးဖျာပေါ်၌ ခေါင်းအုံးတစ်လုံး ချပြီး မှောက်အိပ်ကာ ငိုချလိုက်သည်။ မြကေလာ၏ ကြေကွဲစွာ ရှိုက်ငိုမှုများသည် တိတ်ဆိတ်နေသော မှောင်ရိပ်ပျိုးစကာလကို ဖောက်ထွင်းလျက်ရှိချေတော့သည်။

အမေက ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို ဖွာရှိုက်လျက်မှ ငိုနေသော မြကေလာနှင့် နားနှစ်ဖက်ကို ပိတ်ကာ မြကေလာ၏ငိုရှိုက်သံကို ကြွံကြွံခံ ရင်ဆိုင်နိုင်ရန် ကြိုးစားနေရှာသော လူလေးတို့ကို ကြည့်ပြီး အမေ့မှာ ညာဏ်နီညာဏ်နက် ထုတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူးငြောင့်များကြား၌ နှင်းဆီပန်းများ ပွင့်သည်။

Among thorns grow the roses

# အခန်း ( ၂၄ )

"လူလေး နေကောင်းရဲ့လား"

"ဟုတ်ကဲ့. . . သက်သာသွားပါပြီ အဘ"

လူလေးသည် မိမိကိုယ်မိမိ မယုံကြည်နိုင်အောင်ဖြစ်နေသည်။

အမှန်တကယ်ဆိုလျှင် သူသည် ချက်ချင်း ကျန်းမာဖွံ့ဖြိုးကာ စားနိုင်သောက်နိုင်နှင့် ဖြစ်လာလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပါချေ။ ယခုတော့ သူသည် ချက်ချင်းပင် နာလန်ထူလာသည်။ နာလန်





ထစ ဖြစ်သည်နှင့်အညီ အစားအသောက်ကလည်း ကောင်းနေပြန်သည်။

"အဘ. . . အမေကော"

"မြို့က အိမ်မှာ သွားနေတယ်"

"ဪ"

"ဘာဖြစ်လို့လဲ အဘ"

"လုံမလေး နေမကောင်းဘူး"

"ဗျာ"

လူလေး အံ့အားသင့်သွားသည်။ သူ့နား သူမယုံချင်။

"ကေကေ နေမကောင်းဘူး ဟုတ်လား အဘ၊ ဘာ. . ဘာဖြစ်တာလဲ. . . ဖျားတာလား"

"မသိပါဘူး. . . အစကတော့ ရိုးရိုးအဖျား ထင်တာပဲ၊ ခုတော့ ငှက်ဖျားလားလို့"

"ဗျာ. . . ဆရာဝန် မပြဘူးလား အဘ"

လူလေးသည် မျက်စိမျက်နှာပျက်ကာ ပျာလောင်ခတ်နေသည်။

"လုံမလေးက ခေါင်းမာတယ်. . . မပြဘူးတဲ့၊ သေချင်သေပါစေ၊ သူသေချင်တယ်လို့ ပြောနေတယ်"

"အို. . . ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ"

"ဆရာ. . ဆရာ. . ဆရာဦးလူလေး"

"အဘရေ. . . ဆရာရှိပါသလား"

ထိုစဉ် အိမ်ရှေ့မှ ခေါ်သံများ ထွက်ပေါ်လာသောအခါ လူလေးနှင့်အဘသည် ကဲလားကို ဖွင့်၍ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားတစ်သိုက်သည် စားသောက်ဖွယ်ရာများနှင့်အတူ ရောက်ရှိကာ အသံပြုနေခြင်းဖြစ်သည်။

"အဘ. . . ကျွန်တော် မရှိဘူးလို့သာ ပြောလိုက်ပါ"

"ကလေးတွေရဲ့စေတနာကို အသိအမှတ်ပြုလိုက်ပါ"

"ကလေးတွေရဲ့စေတနာကို ကျွန်တော် နားလည်ပါတယ်၊ လက်ခံပါတယ်၊ ဒါကြောင့် သူတို့နဲ့ကျွန်တော် နီးနီးကပ်ကပ် မနေချင်ဘူး၊ သံယောဇဉ်ကြိုး မဖွဲ့နှောင်စေချင်ဘူး၊ ပြောလိုက်ပါ အဘ"

လူလေးက ပြောပြောဆိုဆိုနှင့် အခန်းတွင်းဘက်သို့ ဝင်ခဲ့သည်။ အဘက ဘယ်လိုမှ မတားဆီးနိုင်တော့သဖြင့်. . .

'ဟေလေကွာ' ဟု အသံပြုရင်း အိမ်ပြင်ဘက်သို့ ထွက်ခဲ့သည်။

"ဘာကိစ္စလဲဟေ့"

"ဆရာ နေမကောင်းတာ သတင်းလာမေးတာပါ အဘ"

"သမီးတို့လည်း ဆရာ အားရှိအောင် ကြက်သားဆန်ပြုတ်လာပို့တာပါ"

"ကျွန်မလည်း ပူတင်းဖုတ်လာတယ် အဘ"

လူလေးသည် တပည့်များ၏တုန့်ပြန်မှုစေတနာကို ကြားနေရသောအခါ မျက်ရည်များပင် ဆို့လာသည်။ တစ်ဆက်တည်း မြကေလာအတွက် ကြေကွဲမှုက ဆင့်တက်လာပြန်သည်။ မြကေလာ တစ်ယောက် မည်ကဲ့သို့ နေရှာမည်နည်း။

မြကေလာအတွက် သူ တစ်ခုခု လုပ်ပေးသင့်သည်။ မြကေလာသည် သူရှိရာဒေသ၌ တစ်ကောင်ကြွက်ဘဝနှင့် မျက်နှာငယ်စွာ၊ အထီးကျန်စွာနှင့် ခံစားကြေကွဲနေရရှာပေမည်။ သူ့လို





ရပ်ရွာ၏ဂရုစိုက်မှု၊ တပည့်များ၏ဂရုစိုက်မှုကို ခံစားရရှာပေမည်မဟုတ်။

"လူလေး မရှိဘူး ကလေးတို့"

"ဆရာ နေကောင်းသွားပြီလား"

"အေး. . . မနက်ဖြန် ကျောင်းပြန်တက်တော့မယ်တဲ့၊ ပြီးရင် ညည်းတို့အတွက် အချိန်ပိုတွေ ခေါ်သင်ပေးဦးမှာတဲ့"

"ဟုတ်လား အဘ. . . ဝမ်းသာလိုက်တာ၊ ဆရာလေးက အပေါက်ဆိုးပေမယ့် သဘောကောင်းသားပဲ"

"အပေါက်ဆိုးတာက ညည်းတို့ကို မခြောက်ပေါက်တွေကို ကြောက်လို့နေမှာပါ"

ကောင်လေးနှင့်ကောင်မလေးများ၏ ပွင့်လင်းသော ဝေဖန်သံများကို ကြားရသောအခါ လူလေးရင်၌ နင့်နင့်သီးသီး ခံစားနေရသည်။ နောက်ဆိုလျှင် သူတို့ မိမိ၏အကြောင်းကို သိနားလည်သည့်အခါ စုတ်တသပ်သပ်ပဲ ဖြစ်ကြလေမည်ကား၊ သို့တည်းမဟုတ်. . .

သူ မတွေ့ချင်ပါ. . .။

ကလေးများ ပြန်လည်ထွက်ခွာသံကို ကြားသောအခါ သူ သက်ပြင်းချလိုက်သည်။

"လူလေးရေ. . . အတော်ပဲ၊ ဒီနေ့ မယ်ချောဆီကလည်း ထမင်းချိုင့် မလာသေးတာနဲ့ လူလေး ဆာရောပေါ့၊ ဒီမှာ စားနှင့်၊ တပည့်တွေရဲ့ပို့ဆွမ်းတွေက အစုံပဲ၊ ဆတ်သားခြောက်ကင်လေးလည်း ပါတယ်၊ စားလိုက်ဦး. . . အဘ အိမ်ကို လိုက်သွားဦးမယ်"

"လူလေးလည်း လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘက ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"အေးလေကွာ. . . ကောင်းတာပေါ့၊ အဘ လှည်းဖြင့်လိုက်မယ်"

"စက်ဘီးနဲ့ပဲ. . "

လူလေး လှည်းမစီးချင်၊ လူလေးသည် လူသားအကျိုးအများဆုံး သယ်ပိုးနေသည့် နွားများ၏ရုန်းကန်မှုအပေါ်၌ မစီးရက်ပါချေ။

"လူလေးခြေထောက်က ကောင်းကောင်းမှ အကင်းမသေသေးဘဲ"

"ရပါတယ် အဘ. . . မှေးစီးသွားမယ်"

"အေး. . . အေး. . . လူလေး သဘောပဲ"

"ဆန်ပြုတ်လေး တစ်ခွက်တော့ သောက်လိုက်ဦး"

"အမေတို့ဆီ ယူသွားရအောင် အဘ"

"လုံမအတွက် ပူမနေနဲ့ လူလေး၊ မယ်ချော တစ်ယောက်လုံး ရှိနေတာပဲ"

ဟုတ်သားပဲ၊ သူ၏ဝိုးရိမ်ပူပန်မှုက လွန်ကဲနေပြီ ထင်သည်။ လူလေး အဘကို ဘာမှမပြောဘဲ အိမ်လေးပေါ်မှ ဆင်းခဲ့သည်။

"အဘ ကျွန်တော့်နောက်က လိုက်မလား"

"အဘ ဘီးနဲ့ အဘလိုက်မယ်၊ သွားနှင့်. . . အသီးအရွက်လေး ခူးလိုက်ဦးမယ်"

"ကျွန်တော် ဘာသယ်ပေးရဦးမလဲ"

"သွားနှင့်ပါ. . . လူလေးက ဖြည်းဖြည်းနင်းသွားရမှာပဲ"

"ဟုတ်ကဲ့. . . ဒါဖြင့် သွားပြီနော် အဘ"





လူလေး၏နောက်ကျောပြင်ကို ကြည့်ရင်း အဘ ပြုံးလိုက်သည်။ 'နှလုံးသား၏စေစားရာကို လူလေး ခံနိုင်ရည် မရှိပါဘူးကွာ' ဟု အဘစိတ်တွင်း၌ ပြောလိုက်မိသည်။

လူလေးကတော့ ဘာမှကြားသိမည်မထင်၊ စက်ဘီးကိုသာ နင်းရင်း ချစ်သူဆီ ရောက်ရေးကိုသာ အာရုံပြုလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းချစ်သည့် မချေးတက်ပါ

Old love does not rust.

# အခန်း (၂၉)

"ဆရာလေး. . . ဆရာလေး"

"ဟင်"

လမ်း၌ ထွေးညိုနှင့် ဆုံမိကြသည်။ ထွေးညိုသည် မျက်စိမျက်နှာ မကောင်းစွာ သုတ်သီးသုတ်ပျာနိုင်လှသည်။

"ဟောဟဲ. . . ဟောဟဲ"

ထွေးညို ကြည့်ရသည်မှာ မောဟိုက်၍နေသည်။ အမောတကော ဖြစ်နေသော သူမကိုပင် လူလေး စိတ်မရှည်ချင်တော့။





"ဟဲ့. . . ဘာဖြစ်တာလဲ"

"ဟို. . ဟို. . အစ်မကေ. . . အစ်မကေ"

လူလေး ငယ်ထိပ်မြွေပေါက်ခံရသည့်နှယ် ထူပူသွားသည်။

"ကေကေ ဘာဖြစ်လို့လဲ"

"ဗိုက်ပေါက်လို့ ဆေးရုံကားနဲ့ လာခေါ်. . အဲဒါ"

"ဟင်"

လူလေး မျက်လုံးများ ပြာဝေသွားသည်။ ပတ်ဝန်းကျင်ကို သုံးဝမမြင်တော့။

သူ စက်ဘီးကို ဆေးရုံဆီသို့ အားကုန်နင်းခဲ့လေသည်။ ထွေးညိုသည် အရိုးခံ တောသူသက်သက်သာဖြစ်၍ မပြောတတ်ခြင်းဖြစ်မည်။ ဗိုက်ပေါက်သည်ဆိုသည်မှာ ဘာဖြစ်နိုင်သနည်း။

"ဟော. . . ဆရာလေး၊ နေကောင်းသွားပြီလား၊ ခြေထောက်က အနာ. . ဟင့်. . . သွေးတွေ ထွက်နေပါလား"

သူ့ကို လာကုပေးသော စစ္စတာနှင့် တန်းတိုးသည်။

စက်ဘီးကို ထောင်ရင်း စစ္စတာ၏အမေးကို မဖြေဘဲ သူ သိလိုသည်ကို အမောတကော မေးလိုက်သည်။

"ဆရာမ. . . မြကေလာ ဘယ်မှာ. . ."

"ဪ. . . အရီးတို့ ခေါ်လာတဲ့ ရန်ကုန်က ဧည့်သည် လူနာကို မေးတာထင်တယ်"

"ဟုတ်ပါတယ်. . . သူ. . သူ ဘယ်မှာလဲ"

"ခွဲစိတ်ခန်းထဲမှာ"

"ဗျာ. . . သူ. . သူ. ."

လူလေး ဆောက်တည်ရာမဲ့စွာဖြင့် ခံစားရကာ ယူကျုံးမရ



www.burmeseclassic.com

www.burmeseclassic.com



စိတ်များဖြင့် နောင်တကြီးစွာလည်း ရမိလေသည်။

"အူအတက်ပေါက်လို့လေ. . . အမြန်ဆုံး ခွဲမှဖြစ်မယ်"

ခွဲစိတ်ခန်း။ ဒီလိုနေရာမျိုး သူ့ချစ်သူ ရောက်ရခြင်းသည် သူ့ကြောင့်ပေလား။

"ကျွန်မက အတွင်းလူနာဆောင်ဝပ်မှာ တာဝန်ကျတယ် အကူအညီလိုရင် လာနော်"

"ဩော်. . . ဆရာမ. . ခွဲစိတ်ခန်းကို"

"တည့်တည့်သွားပြီး ဘယ်ချိုးပြီး သုံးခန်းမြောက်အခန်း မှာ"

"ကျေးဇူး ဆရာမ"

လူလေးသည် ဆရာမကို ကျောခိုင်းကာ ကသုတ်ကရက် လှမ်းခဲ့သည်။ ခွဲစိတ်ခန်း၏ရှေ့၌ အမေ့ကို ပြောင်းဖူးဖက် ဆေးလိပ် နှင့် တွေ့ရသည်။

"အမေ"

"လူလေး"

"ကေကေကော"

"ခွဲစိတ်နေတယ် ထင်တယ်၊ သွေးလိုတယ် ပြောလို့ ဆရာ သစ်သစ် သွားရှာနေတယ်"

"သွေးလိုတယ်"

"ဟုတ်တယ် ဆရာမ၊ လူနာသွေးကလည်း ရှားပါးသွေး ဖြစ်နေတယ်. . . အော်ဘီလေ"

သူသိပါသည်။ မြကေလာ၏သွေးအမျိုးအစားကို သူ သိ သည်။ ထို့အတူ သူ့သွေးသည်လည်း ချစ်သူ၏သွေးနှင့် တစ်ထပ်



တည်း တူညီစွာ ရှိနေကြောင်းကို သူသာလျှင် အသိဆုံး ဖြစ်သည်။ တစ်ဆက်တည်းဆိုသလို. . .

လူလေး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ သည်။ ဆေးသုတ်ထားသော မှန်တံခါးနောက်ကွယ်မှာ ရှိနေမည့် ချစ်သူအတွက် ယူကျုံးမရစိတ်တို့က သူ့တစ်ကိုယ်လုံး၏သွေးများကို ခဲသွားစေမတတ် ခံစားလိုက်ရသည်။

ချစ်သူအတွက် သူ့ခန္ဓာကိုယ်တွင်း ရှိနေသမျှ သွေးတို့အား အစ်စက်လေးမျှ မကျန်ချင် နေပါစေ၊ သူ အပြည့်အဝ ပုံအောကာ ကြည်ကြည်ဖြူဖြူ ပေးဆပ်ချင်သည်။ သို့သော်. . .

ဖြူဖြူစိမ်းစိမ်းများကို မြင်လိုက်ရသည်။ အသက်(၁၈)နှစ် ပြည့်ပြီး ကျောင်းမှ ကျောင်းသူကျောင်းသားများနှင့် ဒေါ်သစ်သစ် ချင်၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမအချို့ပါ ပါလာကြ သည်။ သူ့ကို မြင်တော့ အပြုံးနှင့် နှုတ်ဆက်ရန် ခပ်သွက်သွက် လှမ်းအလာ. . .

"ဟား. . . "

သူ အားလုံးကို ကျောခိုင်းကာ ပြေးထွက်ခဲ့သည်။ သွေးချင်း တူသူ ချစ်သူအား၊ သူ့သွေးနှင့် ပေးဆက်ခွင့် ကြုံတွေ့ပါလျက် သူသည် အလကား လူ့လောကကြီး၌ အဖိုးမတန်သောလူ ဖြစ် ကြောင်း. . .

သူ့ခြေထောက်မှ တဆစ်ဆစ် နာကျင်ကိုက်ခဲမှုကိုလည်း သူ အရေးစိုက်မနေနိုင်။ သူ့နှလုံးသားတို့ အစိတ်စိတ် အမြွာမြွာ ကွဲအက်ပျက်စီးလေပြီ ထင်ပါသည်။ ခြေဦးတည့်ရာသို့ သူပြေးခဲ့ သည်။ မိုးမြေဆုံးချင်ဆုံးပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ တမ်းတ အော်မြည်လျက်ရှိသည်။

ကေကေ. . . ကေကေ. . . ကေကေ. . .။





လူတိုင်းသည် သူ့ဝန်ထုပ်ကို
အလေးဆုံးဟု ထင်ကြသည်။

Everything thinks his own burden
the heaviest.

# အခန်း ( ၂၆ )

"ဟော့. . . ဟော့. . လူလေး. . . မလုပ်နဲ့လေကွာ"

အဘက အမောတကော ဟစ်အော်ရင်း ပြေးလာသည်။

လူလေး မျက်ရည်များဖြင့် ဝေဝါးနေသည့်ကြားက အဘကို သတိပြုမိလိုက်သည်။ သစ်ကိုင်းတစ်ခုကို ဆွဲချိုးပြီး ဖြစ်ပေါ်လာသော သစ်ကိုင်းကျိုးအစွန်းနှင့် မိမိလက်ဖျံသို့ တစ်ချက်ပြီးတစ်ချက် မိမိဆောင့်ထိုးကာ အရူးတစ်ယောက်လို 'ထွက်စမ်း. . . အဆိပ်တွေ. . . အဆိပ်တွေ' ဟု ဟစ်အော်နေသော လူလေးသည် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အပြုံးသားနှင့် အဘအား ငေးကြည့်နေသည်။

"လူလေးလက်ထဲက သစ်ကိုင်း လွှင့်ပစ်လိုက်စမ်း"

အဘက ခက်ထန်စွာ အမိန့်ပေးသည်။ လူလေးက သစ်ကိုင်းကို စွဲမြဲစွာ ဆုပ်ကိုင်ထားခြင်းဖြစ်သည်။ ဘာဖြစ်၍များ ကိုယ့်လည်ပင်းကိုယ် မထိုးရဲရပါလိမ့်။ လောကကြီး၌ အသက်ရှင်နေထိုင်ခြင်းသည် သူ့အတွက် အကျိုးမရှိသကဲ့သို့ လူတွေအတွက်လည်း အကျိုးပေးနိုင်သူမဟုတ်။ ချစ်သူအတွက်တောင် သွေးတစ်စက်မျှ ပေးဆက်နိုင်သူ မဟုတ်သဖြင့် သူသည် လောကကြီး၌ ဆက်လက်နေထိုင်ခြင်းသည် အဓိပ္ပါယ် မရှိတော့ပါ။

ရိုးသားသော အဘတို့လို လယ်သမားကြီးတွေကိုတောင် သံယောဇဉ်မီး လောက်မြိုက်အောင် သူ အကျိုးမဲ့ ပြုလုပ်နေခဲ့သေးသည်။

"ပေးစမ်း"

အဘက သူ့လက်ထဲမှ သစ်ကိုင်းကျိုးကို ဆွဲယူလွှင့်ပစ်လိုက်သည်။

"အဘ"

"လူလေး"

အဘက သူ့ပခုံးကို ဆွဲယူမ,သောအခါ သူသည် အဘရင်ခွင်၌ ကလေးတစ်ဦးလို ရှိုက်ငိုပစ်လိုက်သည်။

"အဘ. . . လူလေးကို မကယ်နိုင်တော့ဘူးလား အဘ၊ လူလေး. . . လူလေး သွေးတစ်စက်တောင် ကေကေကို ပေးဆက်ခွင့် မရှိတဲ့ ဘဝဆိုးကြီးက လူလေးကို ကယ်တင်ပေးပါ အဘ"

ရှိုက်ငိုရင်း အဘကို တောင်းပန်သည်။ ရိုးသားသော်လည်း ဗဟုသုတ ကြွယ်သော အဘက. . .

"ယောကျ်ားဆိုတာ မျက်ရည်မကျရဘူး လူလေး၊ သွေးလွန်သွားမယ်. . . မှန်းစမ်း"

လူလေးကို အဘက ရင်ခွင်မှ ခွာထုတ်ပြီး လူလေး၏ ဘယ်ဘက်လက်ဖျံမှ စီးထွက်နေသောသွေးများကို ကြည့်ပြီး. . .

"မနည်းပါလား သွေးတွေ၊ မိုက်လိုက်တာ လူလေးရာ"

အဘက ကရုဏာဒေါသော စုတ်တသပ်သပ် အပြစ်တင်ပြီး သူ၏ပင်နီအင်္ကျီကို ချွတ်ကာ ဒဏ်ရာနေရာကို စည်းနှောင်ပေးလိုက်သည်။

"တော်သေးတယ်. . . ဆေးရုံထဲကနေ လူလေး ထွက်ပြေးသွားတာ မြင်လိုက်ရလို့"

လူလေးသည် ကလေးသဖွယ် ဖြစ်သွားသည်။

"ကေကေကော အဘ"

"ဘယ်သိဦးမလဲ. . . အဘက မင်းနောက် တန်းလိုက်ခဲ့တာပဲ၊ လာ. . . လာ. . တစ်ပူပေါ် နှစ်ပူဆင့် မလုပ်နဲ့ လုံမလေးများ သတိရလာရင် မင်းမျက်နှာ သူ အရင်ဆုံး မြင်ချင်ရှာမှာပဲ"

လူလေး ခေါင်းခါလိုက်သည်။

"နေပါစေတော့ အဘ၊ ဝေဒနာတွေ ထပ်ဆင့်မပေးချင်တော့ဘူး၊ သံယောဇဉ်ဆိုတဲ့ အပူမီးနဲ့ ဘယ်သူ့ကိုမှ လူလေး နှောင်ဖွဲ့မထားချင်တော့ပါဘူး"

လူလေးကို အဘ အကဲခတ်လိုက်သည်။ အရှူးမီးဝိုင်းပမှာ ဖြစ်နေသော လူလေးမျက်နှာ၌ မျက်ရည်များဖြင့် သောကစိုးများ ဝေလျှက်ရှိသည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"လူလေး"

"အနာသိရင် ဆေးရှိရမှာပေါ့၊ လူလေး ခံစားချက်တွေ ခံစားနေရတဲ့ ဝေဒနာတွေကို အဘကို ဖွင့်ဟလိုက်စမ်းပါ၊ ခေါင်းနှစ်လုံးရဲ့ဆုံးဖြတ်ချက်ဟာ ခေါင်းတစ်လုံးထဲ ဆုံးဖြတ်ချက်ထက် မှန်ကန်တတ်ပါတယ် လူလေး"

"အဘရာ. . . ကျွန်တော်. . . ကျွန်တော့်ကို သေလူလို့သာ သဘောထားလိုက်ပါတော့၊ ကျွန်တော် ပြန်တော့မယ်"

"ဆေးရုံမလိုက်တော့ဘူးလား"

"လိုက်ခဲ့လို့လည်း မထူးပါဘူး အဘ၊ ကျွန်တော်ဟာ ချစ်သူအတွက် ရေကြည်တစ်ပေါက်လောက်တောင် အဖိုးမတန်တဲ့ဘဝပါ၊ ဒါကြောင့် ကျွန်တော်. . ကျွန်တော် မလိုက်တော့ဘူး"

"မျှော်လင့်ခြင်းဆိုတာ လူတစ်ယောက်အတွက် အကြီးမားဆုံးသောဆန္ဒတစ်ရပ်ပဲ၊ သူ့ဆန္ဒကို ဖြည့်စွမ်းပေးနိုင်တဲ့စွမ်းအင်မျိုးတော့ လူလေးမှာ ရှိမှာပါ၊ ပြီးတော့ မင်းလက်က ဒဏ်ရာသစ်ရယ်၊ ခြေထောက်က ဒဏ်ရာဟောင်းရယ်ကို ကုသဖို့အတွက်လည်း ဆေးရုံလိုက်ခဲ့ရမယ်"

"သေမထူး နေမထူးဘဝမှာ ကျွန်တော့်ကို အေးချမ်းမှုတစ်ခုတော့ ပေးပါ အဘ"

အဘသည် လူလေးကို စိတ်မကောင်းစွာ ကြည့်နေသည်။

"လူလေး သွားတော့မယ်"

"ဘယ်ကိုလဲ"

"တဒင်္ဂ အေးချမ်းမှုကနေ ထာဝရ အေးချမ်းခြင်းကိုပါ၊ လူလေးကို ခွင့်ပြုပါ အဘ၊ ကျွန်တော့်ရင်ထဲ မီးလောင်နေတယ်၊





ဒီလောင်မြိုက်မှုကို ငြိမ်းသတ်ဖို့ ကျွန်တော်ကြိုးစားပါရစေ"

"ကောင်းပြီ. . . လူလေး စိတ်ချမ်းသာဖို့ဆိုရင် အဘက ခွင့်ပြုတယ်၊ အဘ တစ်ခုတော့ ပြောပါရစေ၊ 'လူလေး သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ"

"ဟုတ်ကဲ့ အဘ"

ရိုးသားသော်လည်း ဉာဏ်အမြော်အမြင် ဗဟုသုတ ကုံလုံကြွယ်ဝသောအဘကို မျက်ရည်ကြားက စိုက်ကြည့်လိုက်သည်။ ထိုအခါ အဘက လူလေး၏ပခုံးကို ဆုပ်ကိုင်လိုက်ပြီး . . .

"လူလေးက ချစ်သူအတွက် ရေကြည်တစ်ပေါက်လောက်တောင် အဖိုးမတန်ပေမယ့် မင်းတုန်းကျောင်းက ကလေးတွေအတွက် အင်မတန် အဖိုးတန်တဲ့ ဆရာတစ်ယောက်ဖြစ်နေတယ်ဆိုတာကိုတော့ လုံးဝမေ့မထားပါနဲ့၊ မြကေလာ အသက်ရှင်ခြင်း မရှင်ခြင်းဟာ လူလေးအပေါ်မှာ မူမတည်ဘူး၊ မင်းတုန်းက ကလေးတွေရဲ့စာမေးပွဲ အောင်မြင်ရေးဟာ လူလေးအပေါ်မှာ မူတည်နေတယ်ဆိုတာတော့ မေ့မထားနဲ့နော် လူလေး"

လူလေး အဘကို ကြည်ညိုကာ လက်အုပ်ချီ၍ ရင်ဝယ်ဆို့နင့်စွာဖြင့် ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်နိုင်သည်။ နှုတ်တို့သည် ဖွင့်ဟ၍မရနိုင်အောင် သောကလုံးက ဆို့နင့်နေသည်။ အဘကို ဖွင့်ပြလုမတတ် ဖြစ်ပေါ်လာသော ဝေဒနာရပ်တို့ကို ထိန်းချုပ်ကာ အဘအား ကျောခိုင်းပြေးထွက်ခဲ့သည်။

"မပြေးနဲ့လေ လူလေး၊ စက်ဘီးယူပြီး အိမ်မှာပဲ ပြန်နားနေပါ၊ အဘ ဘီးရှိတယ်"

အဘစကားကို သူ မကြားတော့ချေ။ လူလေး၏ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



သည် ခန္ဓာကိုယ်မှ လွင့်ပါးနေလေပြီထင့်။

လူလေးသည် အိပ်မက်ထဲ လမ်းလျှောက်နေသူပမာ မင်းတုန်းကျောင်းနံဘေး တရွေ့ရွေ့နှင့် ထွက်ခွာသွားသည်။ အဘသည် လူလေး၏နောက်ကျောပြင်ကို မျက်စိတစ်ဆုံး ငေးကြည့်နေရာမှ သက်ပြင်းချကာ လာလမ်းအတိုင်း ပြန်ထွက်သွားခဲ့သည်။

လူလေး၌ ရောဂါဝေဒနာတစ်ခုခု စွဲကပ်နေပြီ။ လောလောဆယ် ထိုရောဂါသည် စိတ်ဝေဒနာမှတစ်ပါး အခြားမဖြစ်နိုင်ချေ။ လူလေးကို ဤအတိုင်းထား၍ မဖြစ်နိုင်ချေ။

အဘ ဉာဏ်အားရှိသရွေ့တော့ လူလေး၏ဝေဒနာပျောက်အောင် အမြန်ဆုံး ဆောင်ရွက်ပေးရန် အရင်ဆုံး ကြိုးစားရန် ဆုံးဖြတ်ချက်နှင့်အတူ အဘခြေလှမ်းတို့သည် သွက်လက်လျက်ရှိသည်။





အမှောင်မိုက်ဆုံးအချိန်သည် အရုဏ်တက်ခါနီးအချိန် ဖြစ်သည်။

The darkest hour is nearest the down.

## အခန်း (၂၇)

မြကေလာသည် အလေးလံဆုံးသောအရာတစ်ခုကို တွန်းကန်ဖွင့်ရန် ကြိုးစားသည်။ ရီဝေဝေ မှုန်တူးတူး ဝေဒနာရပ်တို့က ခေါင်းကို တွန်းဖွင့်နေဆဲ။

မြကေလာ ရင်ထဲ၌ တမ်းတမ်းတကာ ဖြစ်ပေါ်လာသော အရာနှစ်ခု တစ်ပြိုင်နက် ခံစားလိုက်ရသည်။

"ရေ. . . ရေ"

ပထမဦးဆုံး တောင့်တသောအရာကို နှုတ်ခမ်းကို စိုစွတ်ရုံ



www.burmeseclassic.com

www.burmeseclassic.com



ဂွမ်းနှင့် ထိတွေ့မှုကို ခံစားသိရှိလိုက်ရသည်။ ပူပြင်းခြောက်သွေ့ အက်ကွဲနေသော အာခေါင်များသည် အတန်ငယ် ငြိမ်သက်သွားသည်။ တစ်ဆက်တည်း နှလုံးသား တောင်းဆိုချက်ကို ဖွင့်ဟရန် ကြိုးပမ်းလိုက်သည်။

သို့သော် တစ်ဆက်တည်း အသိစိတ်၌ ရှက်ရွံ့ခြင်းတို့ ခံစားနေရသည်။ မိမိပတ်ဝန်းကျင်၌ မည်သူတွေ ရှိနေမည်နည်း။ မိန်းမသားတစ်ဦး၏အချစ်ကို စာနာနားလည်လျှင် ကောင်း၏။ နားမလည်ပါက မိန်းမသား၏ဣန္ဒြေကို ထိပါးစေနိုင်သည်။

ထို့ကြောင့် မိမိဆန္ဒကို နှုတ်မှ မဖွင့်ဟဘဲ မျက်ခွံတံခါးကို တွန်းဖွင့်ရန်သာ ကြိုးစားလိုက်သည်။ မျက်ခွံသည် အလေးလံဆုံးသော အရာတစ်ခု ဖြစ်နေသည်။

"လုံမလေး သတိရလာပြီလား"

အမေ၏အသံ။

"အားမငယ်နဲ့ မိကေ၊ အန်တီတို့ ရောက်လာလိမ့်မယ်၊ ငါ ပြည်ကို သွားပြီး ဖုန်းဆက်ပြီးပြီ၊ သူတို့ ချက်ချင်းလိုက်လာကြမယ်တဲ့"

သူငယ်ချင်း မိသစ်၏အသံ။

မြကေလာ အားငယ်သွားသည်။ သူ အလိုလားဆုံးသော အသံကို မကြားရ၍ စိတ်ပျက်အားငယ်သွားသည်။ လေးလံနေသော မျက်ခွံတံခါးကို တွန်းဖွင့်ရန် မကြိုးစားတော့။

အမျှော်လင့်ဆုံး လူသားထံမှ အကြင်နာမေတ္တာများကို ရဖို့ရာသည် ဒီဘဝအတွက် လုံးဝမလွယ်ကူတော့ဟု သိရှိလိုက်လေပြီ။





မျက်ဝန်းမှ မျက်ရည်များ တစိမ့်စိမ့် စီးထွက်လာသည်။ မျက်ရည်သည် မျက်ခွံတံခါးထက် ပို၍အင်အားကောင်းသည်။ မျက်ခွံတံခါးကို တွန်းထိုးကာ စိမ့်ထွက်လာနိုင်သောအင်အား ရှိသည်။

"အစ်မကေ. . . မငိုနဲ့ ဆရာလေး လာသေးတယ်၊ နောက်မှ ဘယ်ကဘယ်လို ပျောက်သွားသလဲ မသိဘူး"

"ဟင်. . . ဟုတ်လား" ဟု ရင်ထဲမှ မြည်တမ်းကာ မျှော်လင့်ချက် ရောင်ခြည်လေး ရလိုက်ပြန်သဖြင့် ရင်ဝယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ အမေ၊ မိသစ်၊ ထွေးညိုနှင့် သူနာပြုဆရာမတစ်ဦး။

"မင်းမင်းလာတာ ငါတွေ့လိုက်သေးတယ်၊ သွေးလှူဖို့ကိစ္စတွေ လုံးပမ်းနေတာနဲ့ ငါလဲ သူ့နောက်ကို လိုက်မသွားနိုင်ဘူး၊ ဆေးရုံထဲကနေ အရူးတစ်ယောက်လိုပဲ ထွက်ပြေးသွားလိုက်တာ တန်းနေတာပဲ"

မြကေလာ ရင်ထဲ ပဟေဠိနှင့်အတူ ချစ်သူအတွက် ရင်ထဲမချိမဆန့် ဝေဒနာရပ်ကြောင့် မျက်ရည်ပူများ စီးဆင်းလာသည်။ တစ်ဆက်တည်းဆိုသလို ခွဲစိတ်ထားသောနေရာမှ နာကျင်ကိုက်ခဲလာသည်။

"လူနာ နားပါစေ ဆရာမ"

ဆရာမက သတိပေးလိုက်သဖြင့် မိသစ်အသံ တိတ်သွားသည်။ မြကေလာလည်း အားအင်ကုန်ခမ်းသွားသည့်အလား သူသည် လွင့်ပါးကာ မျက်ခွံတံခါးကို ပြန်လည်ပိတ်သွားသည်။

ချစ်သူနှင့် ကွေကွင်းရခြင်းသည် အဆိုးရွားဆုံးသော



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာရပ်များ၏ထွင့်ခေါင်ပါလားဟု မြကေလာ ကိုယ်တွေ့ကြုံ တွေ့ကာ နားလည်နေလေပြီ။





လူသည် မှားယွင်းခြင်း၏ ကလေးငယ်ဖြစ်သည်။

Man is the child of error.

# အခန်း ( ၂၈ )

"ဘယ့်နှယ်လဲ ပေးရှင့်၊ အမေတွေ အဒေါ်တွေ ရောက်လာလို့ ပျော်သွားပြီလား"

စိတ်ဆိုးကာ ပစ်ထားသည်ဆိုသော မိဘများသည်လည်း နေသာသကဲ့သို့ မင်းထက်၏မိခင်လည်း လိုက်လာခဲ့သည်။

နိုက်ဂျူတီကျ ဆရာဝန်သည့် မြကေလာကို လာရောက် တွေ့ဆက်သည်။ မြကေလာသည် ဤဆရာဝန်ကို မြင်ဖူးသကဲ့သို့ သဖြင့် ပြုံးပြကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . မေမေတို့ ရောက်လာလို့ ပိုအားတက်သွား
တာ တစ်ခုပါပဲ၊ မေမေတို့ မရောက်လဲ ဆရာတို့နဲ့ အမေ အသ
မြို့သူမြို့သား၊ ကျောင်းသားကျောင်းသူတွေကြောင့် ကျွန်မ အသ
ရှင်ခွင့် ရတဲ့အတွက် အားရှိပြီးသားပါ"

"ဒီလိုပေါ့ ပေးရှင့်ရယ်၊ လူသားအချင်းချင်း ရိုင်းပင်းကူ
ရမှာ လူသားတိုင်းရဲ့တာဝန်ပါလေ၊ ကိုင်း. . . နေသာလား၊ ချ
ကော ကိုက်သေးသလား၊ ကျွန်တော် ဘာအကူအညီပေးရဦးမ

"အားလုံး ကောင်းပါတယ် ဒေါက်တာ၊ ဒါပေမယ့် ဒေါ
တာ ကျွန်မကို အကူအညီတစ်ခု ပေးရလိမ့်မယ်"

မြကေလာ၏စိတ်ထဲ၌ ဖြစ်ပေါ်နေသော သံသယ
မျှသိပ်မထားနိုင်သည့်အဆုံး၌ မေးလိုက်ခြင်းဖြစ်သည်။

"အဆင်သင့်ပဲ. . . ဘာကူညီပေးရမလဲ"

"ကျွန်မ ဒေါက်တာ့ကို မြင်ဖူးသလိုလို ရှိနေတဲ့ သံသယ
ဒေါက်တာ ဖြေရှင်းပေးနိုင်လိမ့်မယ် ထင်ပါတယ်"

ထိုအခါ လူပုံချောချောနွဲ့နွဲ့နှင့် ဆရာဝန်၏မျက်ဝန်းသ
ဝင်းပသွားကာ ရင်းနှီးသောအရိပ်အယောင်များ ချက်ချင်း
ယှက်သန်းသွားသည်။

"သိပ်ကို ဖြေရှင်းပေးနိုင်တာပေါ့ ပေးရှင့်ရာ၊ ခင်ဗျ
သတိမရသေးတာရယ်၊ အိပ်မောကျနေတဲ့ ရက်နှစ်ရက်ကို စော
ဆိုင်းရတဲ့ သုံးညအတွက်တောင် ကျွန်တော်မှာ နှမြောနေမိတာ
ကျွန်တော် ပေးရှင့်ကို သိနေပါတယ်"

မြကေလာက ဆရာဝန်ကို ငေးကြည့်နေမိသည်။ မြ
လာ၏မိခင်က ဘေးခုတင်မှနေ၍ အိပ်နေရာမှ မထဘဲ. . .





"ဒေါက်တာ့ကို အားနာစရာ၊ ဘာတွေ လျှောက်မေးနေတာ
လဲ ကေကေ"

"ရပါတယ် အန်တီ၊ ပေးရှင့်နဲ့ ကျွန်တော်မှာ ရေစက်စရာ
ပြဿနာတစ်ရပ်လည်း ရှိနေပါသေးတယ်၊ ပေးရှင့်ကို မြင်ကတည်း
က ကျွန်တော် ပေးရှင့် နိုးအလာကို စောင့်နေခဲ့တာပါ၊ ကောင်း
ကောင်း ကျန်းမာလာတဲ့ အခြေအနေအထိကိုကောပေါ့လေ"

မြကေလာသည် စကားများသော ဆရာဝန်ကို စိတ်မရှည်
ချင်တော့။

"ကျွန်မကို ဘယ်မှာ တွေ့ဖူးတာပါလဲ ဒေါက်တာ"

"ရန်ကုန်က (. . . . .) ဆေးခန်းမှာလေ"

"ရှင်"

မြကေလာ မှတ်ဉာဏ်မကောင်းတော့ဘူး ထင်ပါသည်။
ဆရာဝန်ကို မြင်ဖူးသည်မှအပ ဆရာဝန် ထိုင်သော ဆေးခန်း
နာမည်ကိုလည်း မှတ်မှတ်သားသား မရှိပါပေ။

"ပေးရှင့် မမှတ်မိဘူး ထင်တယ်၊ မှတ်မိတာက ပေးရှင့်ရဲ့
အမျိုးသား ကိုမင်းထက်ဆိုရင်တော့ ကောင်းကောင်းမှတ်မိမယ်၊
ပေးရှင့်တို့မောင်နှံ ကျွန်တော့်ဆီကို ရောက်လာခဲ့ဖူးတယ်လေ"

"ဪ. . ဟုတ်ပြီ. . ဟုတ်ပြီ၊ ကေကေ မှတ်မိပြီ"

မြကေလာ ယခုမှ အာရုံထဲ စွဲစွဲထင်ထင် မှတ်မိသွားသည်။
မင်းမင်းက ဘာအတွေးပေါက်သည်မသိ။ လက်မထပ်မီ သွေးစစ်
မည်။ ရောဂါရှိမရှိ ဆန်းစစ်ကြမည်။ ဒါမှ သာယာသော အိမ်
ထောင်ရေးအဖြစ်နှင့် ရင်သွေးတို့၏အနာဂတ်ဘဝပါ စိုပြည်စေရ
မည်ဟု ရည်ရွယ်ကာ ဆေးခန်းတစ်ခုသို့ ခေါ်သွားခဲ့သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း၏အစ်ကိုဝမ်းကွဲဆရာဝန်ဟု ပြောသည်ကို မှတ်မိ၏။ ထိုဆရာဝန်၏အမည်ကိုတောင် ပြောပြသေးသည်ကို မြကေလာ ဦးနှောက်ကို အားကုန်သုံးကာ စဉ်းစားလိုက်သည်။

"ကျွန်တော်. . ဒေါက်တာကျော်စွာပါ"

"အာ. . . ဟုတ်ပြီ၊ ကျွန်မ မှတ်မိပြီ၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်မ စဉ်းစားနေတဲ့အဖြေကို ရရှိလိုက်တဲ့အတွက်ပါ။ မင်းမင်း မရှိတာနဲ့ ဆေးခန်းကိုတောင် ကျွန်မတို့ ထပ်မရောက်ခဲ့တော့ဘူး"

အားအင်သစ်တို့သည် မြကေလာ၏ဖျော့တော့နုံးခွေသော ခန္ဓာကိုယ်အတွင်းသို့ တစိမ့်စိမ့် ဝင်ရောက်လာလေသည်။ မင်းမင်းနှင့် ပတ်သက်၍ သတင်းစကား ကြားသိရတော့မည်ဟု အလိုလိုသိလာသည်။

"ပေးရှင့်တို့ နှစ်ဦးတွဲ ရောက်မလာပေမယ့် မင်းထက် တစ်ဦးတည်း ရောက်လာခဲ့ပါတယ်"

"ရှင်. . ဟုတ်လား၊ ဘယ်တုန်းကလဲ ဒေါက်တာ"

မြကေလာသည် အားတက်သရော မေးလိုက်သည်။ ခံစားခဲ့ရသော ရောဂါဝေဒနာတို့ကိုပင် မေ့ပျောက်သွားသည်။ လှုကောင်း ပကတိနှယ် ထလိုက်ချင်စိတ်များ ပေါ်ပေါက်လာသည်။

"ရက်တိတိကျကျတော့ မမှတ်မိဘူး၊ ရီဇာတ်အတွက် ချိန်းထားတဲ့နေ့မှာပဲ သူလာသွားခဲ့တာ၊ အဲ. . အဲဒီနေ့က ကျွန်တော့် ပေါ့ဆမှုကြောင့် မှားယွင်းမှုတစ်ခု ဖြစ်ပွားခဲ့တာကို ကျွန်တော် နောက်လေးရက်အကြာမှ သိရတယ်၊ သူ့ကို ကျွန်တော် ရှာဖို့ ကြိုးစားသေးတယ်"





"ရှင်. . . ဘာမှားယွင်းမှုလဲ ဒေါက်တာ"

မြကေလာ၏ရင်ခုန်မှုသည် ချစ်သူအား စိတ်ကောက်နေသည့်အချိန်၌ ချစ်သူက ချော့မော့သောအခါ၌ ခံစားရသည့် ရင်ခုန်မှုထက် သာလွန်သည့်ရင်ခုန်မှုမျိုး ဖြစ်ပေါ်လာလေသည်။

"ရီဇာတ် မှားပေးလိုက်မိတဲ့ မှားယွင်းမှုပါ"

"ဟင်. . . ဒါ. . ဒါဆို. . . ဒေါက်တာ. . . "

မြကေလာ စိတ်ဆိုးသွားသည်။ ဆရာဝန်တစ်ဦးဖြစ်ပြီး မှားယွင်းသော ပေါ့ဆမှုကြောင့် သူတစ်ဦး၊ ထိုမှနှစ်ဦး၊ ထိုမှတဆင့် မိသားစု ဒုက္ခရောက်ရသည့်အဖြစ်ကို သူသိနားလည်ရဲ့လား။

"ကျွန်တော် တောင်းပန်ပါတယ် ပေးရှင့်၊ ဒီအမှားအယွင်းကို ပေးဆပ်ဖို့အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်"

"ဒေါက်တာ"

အိပ်မပျော်သော မြကေလာ၏မိခင်က ထလာသည်။ စိတ်ဝင်စားစွာဖြင့် ဆရာဝန်ကို ရင်ဆိုင်လိုက်သည်။

"ဟုတ်ကဲ့. . . အမိန့်ရှိပါ ဒေါ်ဒေါ်"

"ဒေါက်တာ မှားပေးလိုက်တဲ့ ရီဇာတ်ထဲမှာ ဘာပါနေလို့လဲ"

ဆရာဝန်၏မျက်နှာသည် စိတ်မကောင်းသော အရိပ်အယောင်များ ယှက်သန်းသွားသည်။ မြကေလာရော မိခင်ကပါ ဆရာဝန်၏စကားများကို ရင်ခုန်ခြင်းစွာဖြင့် ငံ့လင့်လျက်ရှိသည်။

"အိတ်ချ်အိုင်ဗွီပိုး တွေ့တယ်လို့ မှားယွင်းသော ရီဇာတ်ကို တွေ့ခဲ့မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေတယ် ဒေါက်တာရယ်"

အသက်ရှူသံများမှအပ ပတ်ဝန်းကျင်သည် အပ်ကျသံမျှ မကြားရအောင် ဆိတ်သွားသည်။

တစ်ခဏကြာမှ မြကေလာ၏မိခင်ထံမှ. . .

"ဒေါက်တာ. . . မှားယွင်းမှုဆိုတာ သေချာရဲ့လား"

"ဟင်. . . မေမေကလဲ၊ မင်းမင်း. . . မင်းမင်းဟာ"

မြကေလာ လက်မခံချင်။ မိခင်၏မေးခွန်းသည် မင်းမင်း အား ထိခိုက်နစ်နာစေသည်ဟု ထင်သည်။

မြကေလာ မင်းမင်း၏စိမ်းကားရခြင်း အကြောင်းရင်းကို သိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရင်၌ ခံရခက်သော ဝမ်းသာကြည် နူးမှု ဝေဒနာရပ်ကြောင့် မျက်ရည်များ တသွင်သွင် စီးကျလာသည်။

"ဟုတ်ကဲ့. . . ကျွန်တော့်ရဲ့မှားယွင်းမှုဆိုတာ သေချာပါ တယ်၊ ဒီလိုပါ ဒေါ်ဒေါ်"





လူ့ဘဝသည် အံ့အားသင့်စရာများနှင့် ပြည့်နှက်နေတတ်သည်။

Life is full of surprises.

## အခန်း (၂၉)

"ဒေါက်တာ. . . ကျွန်တော်တို့အတွက် ရီဇာတ်ရပြီလား"

ဒေါက်တာကျော်စွာ ခေါင်းထောင်လိုက်သည်နှင့် ကိုမင်း ထက်၏ချောမောသော၊ တက်ကြွလန်းဆန်းနေသော မျက်နှာကို မြင်လိုက်ရသည်။ တစ်ဆက်တည်းဆိုသကဲ့သို့ ရင်ထဲ ရှုတတ ဖြစ် သွားသည်။ သူ မည်ကဲ့သို့ စကားဆိုရမည်နည်း။

"လာ. . ထိုင်. . ကိုမင်းထက်"

ကိုမင်းထက်အား ဖြေသိမ့်ရန် စကားလုံးများကို ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရင်း ဖိတ်ခေါ်လိုက်သည်။ ကြမ္မာဆိုးသည် သူ့ထံသို့ ဆိုက်
ရောက်နေပြီဖြစ်ကြောင်း မသိရှာသော ကိုမင်းထက်က သူနှင့် မျှ
နှာချင်းဆိုင်၌ ဝင်ထိုင်ရင်း . . .

"တော်သေးတယ် . . . ဒေါက်တာနဲ့ တွေ့မှတွေ့ပါ့မလား
လို့"

"တွေ့ရမှာပေါ့ ကိုမင်းထက်ရာ၊ ကျွန်တော် ဒီအချိန်
ဆေးခန်းမှာ ထိုင်နေကျပဲ . . . စီးကရက်"

"ကျေးဇူး ဒေါက်တာ၊ ကျွန်တော်မသောက်တတ်ပါဘူး"

စီးကရက်ပင် မသောက်တတ်သော သူ့ထံ၌ ဤကြမ္မာဆိုး
က ဝင်ရောက်ပူးကပ်နေသည်ဆိုတော့၊ အင်းလေ . . . ယောကျ်ား
အပျော်အပါးသည် တစ်မျိုးမဟုတ်တစ်မျိုး ရှိနေနိုင်သည်ပင်။

"ကိုမင်းထက်တို့ ဘယ်တော့လောက် လက်ထပ်မယ် မှန်း
ထားသလဲ၊ အမျိုးသမီးက တော်တော်လှတယ်နော်၊ အချိန်ဆွဲထားရ
စိတ်ချရပါ့မလား"

"ကေကေက သစ္စာရှိတဲ့သူပါ၊ သူ့သစ္စာတရားကို ကျွန်
တော် ယုံကြည်တယ် ဒေါက်တာ"

သူ၏စကားရွေးချယ်မှုများသည် ဦးတည်ချက် လမ်း
ကြောင်းများ မှားယွင်းသွားပြီဟု သူနားလည်လိုက်သည်။

"ဒါဖြင့် ကိုမင်းထက်ကကော"

"ကျွန်တော့်ဘဝမှာ အမေပြီးရင် အရင်းနှီးဆုံးသော မိန်း
ဆိုလို့ ကေကေ တစ်ယောက်တည်း ရှိခဲ့တယ်၊ ကျွန်တော်တို့က ငယ်
ကျွမ်းဆွေတွေပါ ဒေါက်တာ၊ ကိုညီ မပြောပြဘူး ထင်တယ်"

"ညီညီက ထိုင်ဝမ်ကို ပြန်သွားပြီလေ"





"ဟုတ်လား . . . ကျွန်တော့်ကိုတောင် လာနှုတ်ဆက်မသွား
ဘူး"

"ကမန်းကတန်းနဲ့ဆိုတော့ နှုတ်ဆက်ချိန် ရမသွားဘူး ထင်
တယ်"

သူသည် ကိုမင်းထက်၏တည်ကြည်ဖွေးသန့်စင်သော
မျက်နှာကို ကြည့်ပြီး သူ့ရင်ထဲ၌ ဆို့နင့်လာသည်။

"ကျွန်တော် အချိန်မရဘူး ဒေါက်တာ"

ကိုမင်းထက်သည် သူ၏လေးကွေးသော အခြေအနေကို
အားမလိုအားမရ ဖြစ်လာဟန်နှင့် အားမနာနိုင်ဘဲ လောလိုက်
သည်။

"ဟင်း . . . ပြောရမှာတော့ အားနာတယ်၊ ကိုမင်းထက်
ဆေးတွေဘာတွေများ သုံးစွဲဖူးသလား၊ ဒါမှမဟုတ် အပျော်အပါး"

"ဗျာ . . ."

ကိုမင်းထက်က အပြစ်ကင်းစင်သော ကလေးငယ်၏မျက်
လုံးမျိုးဖြင့် ကြည့်လိုက်သည်။

"သွေးတော သွင်းဖူးသလား"

ရှေ့မျက်နှာ နောက်ထားကာ သူ ဇွတ်မေးပစ်လိုက်သည်။

"ဒေါက်တာ မေးတာတွေ ကျွန်တော် တစ်ခုမှ နားမလည်
ဘူး"

"ကျွန်တော် မေးတာတွေကို ကိုမင်းထက် စဉ်းစားပြီးမှ
ဖြေပါ"

ကိုမင်းထက်သည် ခေတ်ပညာတတ် လူငယ်တစ်ဦး ဖြစ်
သည့်အားလျော်စွာ သူ၏ဆိုလိုရင်းကို ရိပ်မိလာဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရဲ့ကာ တုန်လှုပ်ဟန် ပေါက်လာသည်။

"ကျွန်တော် မူးယစ်ဆေး သုံးစွဲဖို့ နေနေသာသာ ဆေးလိပ်တောင် သောက်တတ်တာ မဟုတ်ဘူး၊ အပျော်အပါးကိုလည်း လုံးဝရှောင်ရှားတယ်၊ အဲ. . . တစ်ခုတော့ ဖြစ်ဖူးတယ်၊ ငယ်စဉ်က. . . ငယ်စဉ်က ဆိုတာလဲ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဌက်ဖျားရောဂါရလို့ သွေးသွင်းကုသမှု ခံယူခဲ့ဖူးတယ်"

သူ ခေါင်းညိတ်ကာ သူ့အတွက် အဖြေပေါ်သွားလေသဖြင့်. . .

"ဝမ်းနည်းပါတယ် ကိုမင်းထက်၊ ဒီမှာ ခင်ဗျားသွေးထဲမှာ အိတ်ချ်ပိုးတွေ ဝင်ရောက်ပျံ့နှံ့နေပြီလို့ သိရတယ်"

"ခင်ဗျာ. . ."

ကိုမင်းထက်သည် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ စားပွဲကို လက်နှင့် ဖြန်းကနဲ ပုတ်လိုက်ပြီး. . .

"မဖြစ်နိုင်ဘူး. . . လုံးဝမဖြစ်နိုင်ဘူး"

လူငယ်ပီပီ သူလည်း ဒေါသအနည်းငယ် ထွက်သွားမိသည်။ သို့သော်. . . လောက၌ ဘဝဆုံးရှုံးသွားပြီဖြစ်သောသူတစ်ဦးကို သည်းခံသနားခြင်း၊ စိတ်ရှည်ခြင်း၊ ဖေးမခြင်းတို့ကို လုပ်ဆောင်ပေးရတော့မည်ဖြစ်၍ သူ သည်းခံလိုက်သည်။

"ဒေါက်တာ မှားယွင်းတာပဲဖြစ်မယ်၊ ကျွန်တော့်မှာ ဘယ်နည်းနဲ့မှ အဲဒီသေမင်းပိုး မရှိနိုင်ဘူး ဒေါက်တာ. . . ပြန်စစ်ဆေးပေးပါ"

ထိုစကားစုသည် သူ၏ဂုဏ်သိက္ခာကို စော်ကားခြင်း ဖြစ်သဖြင့် သူ၏မာနတို့သည် ခေါင်းပြူ၍ ထလာသည်။





"ကျွန်တော်တို့ဆေးခန်းဟာ စိတ်အချရဆုံးပါပဲ၊ ဘယ်သောအခါမှ အမှားအယွင်း မရှိနိုင်ဘူး၊ နှစ်ခါပြန်စစ်ဆေးပြီးသားပါ၊ ဓာတ်ခွဲခန်းက ထွက်လာတဲ့အဖြေကို တွေ့ကတည်းက ကျွန်တော် မသင်္ကာလို့ ပြန်မေးခဲ့ပါသေးတယ်၊ အဖြေဟာ ပြောင်းလဲမသွားပါဘူး၊ ဝမ်းနည်းပါတယ် ကိုမင်းထက်၊ သွေးသွင်းခံခဲ့ရဖူးတယ်ဆိုတော့. . ."

ကိုမင်းထက်သည် ကြိုးမိန့်ကျသော တရားခံတစ်ဦး၏မျက်နှာမျိုးဖြင့် သူ့အား ဝိညာဉ်ကင်းမဲ့သောအကြည့်ဖြင့် ကြည့်သည်။ တစ်ဆက်တည်းဆိုသကဲ့သို့ ကုလားထိုင်၌ အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ ခေါင်းသည် စားပွဲပေါ်၌ မှောက်လျက် ကျသွားသည်။ တသိမ့်သိမ့် တုန်ယင်နေသော ကိုမင်းထက်၏ခန္ဓာကိုယ်ကိုကြည့်ပြီး သူပင် တုန်လှုပ်လာသည်။

"ဘယ်မြို့က ဆေးရုံမှာ သွေးသွင်းမှု ခံယူခဲ့ဖူးသလဲ"

သူ့မေးခွန်းကို တုန့်ပြန်မှု ထွက်ပေါ်မလာတော့။

သူ မည်ကဲ့သို့ နှစ်သိမ့်ရမည်ကို စဉ်းစားနေစဉ်မှာပင် ကိုမင်းထက်သည် ဝုန်းကနဲ ထပြီး လေ၏လျင်မြန်ခြင်းနှင့်အတူ ပျောက်ကွယ်သွားလေသည်။

"ကိုမင်းထက်"

သူ ကမန်းကတန်း တားဆီးလိုက်သော်လည်း လုံးဝမမှီတော့ပါချေ။ ကမူးရှူးထိုး ထွက်သွားသော ပတ်ပလေကာ ကားလေးက သူ့အား မုန်းတီးစွာ ကြည့်ပြီး ပျောက်ကွယ်သွားလေသည်။

'ဟူး. . .' ခနဲ သူ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ထိုစဉ် လူနာတစ်ဦး ထပ်ရောက်လာသည်။ သူ့သူငယ်ချင်း သဘော်



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ဦးဖြစ်သည်။

"ဘာဖြစ်သွားတာလဲ သူငယ်ချင်း"

ဖြူဖျော့သောမျက်နှာနှင့် သူငယ်ချင်းက သူ့အား မေးလိုက်သည်။ သူ့ရင်ထဲ တစ်မျိုးဖြစ်သွားသည်။

"ဒီလိုပဲပေါ့ကွာ. . . တစ်ခါတစ်ရံ မျှော်လင့်မထားတဲ့ သတင်းဆိုးအတွက် ကြိုတင်ပြင်ဆင်ထားမှု မရှိတဲ့အခါ စိတ်မထိန်းနိုင်ရင် လူဟာ ရူးသွပ်သွားမတတ် ခံစားရတဲ့အခါမျိုးလဲ ရှိတတ်တယ်"

"ဟင်း. . . ကိုယ့်လို ကြိုတင်ပြင်ဆင်ထားပြီး လူတစ်ယောက်အတွက်တော့ စောစောက လူလို သွေးပျက်မတတ် မခံစားရဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ. . . မင်းမင်းရိုဇာတ်က ကောင်းနေတာပဲ"

"ဘာ. . ."

သူငယ်ချင်းက မယုံကြည်နိုင်သောမျက်ဝန်းနှင့် တအံ့တသြ မေးသည်။ သူ ရူးသွပ်ချင်သွားသည်။ ဒီနေ့လောက် သူ့ဘဝ၌ အမှားအယွင်းတွေနှင့် စိတ်အနှောင့်အယှက် ပေးသောနေ့ဟူ၍ မရှိခဲ့ပါချေ။

"ဟုတ်ရဲ့လား သူငယ်ချင်း. . . ပြန်ကြည့်ပေးပါဦး၊ ကိုယ့်ကိုယ်မှာ အိတ်ချ်ရဲ့အရိပ်အယောင်တွေ ပြနေလို့ မင်းဆီတို့ လာစစ်ခိုင်းတာ"

"ဘာ. . ."

ဒီတစ်ခါ တုန်လှုပ်ရသူမှာ သူဖြစ်သွားသည်။ စောစောက ကိုမင်းထက်၏တောင့်တင်းခိုင်မာသော ခန္ဓာကိုယ်၊ တက်ကြွရွှင်ဖျ





လန်းဆန်းဖြူစင်နေသော ရုပ်ရည်နှင့် ယခုလို ကြုံလှီဖျော့တော့သော အသားအရည်နှင့် ကမ္ဘာ့ဒွာန်းရုပ် ပေါက်နေသော သူငယ်ချင်းကို နှိုင်းယှဉ်ကာ တွေဝေသွားသည်။

"သူငယ်ချင်းရဲ့သွေးအမျိုးအစားက. . ."

"အေ,လေကွာ"

"ဟိုက်. . ."

သူ့နဖူးကို သူပြန်ရိုက်မိလျက်သား ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ ကျော်စွာ"

"ဩော်. . . မင်းတို့ သွေးပြန်ဖောက်ချင်တယ်ကွာ၊ မင်းဟာကို သူတို့ သေသေချာချာ မစစ်ဘူးထင်တယ်၊ ကိုယ် မသက်သာဘူး. . . ပြန်စစ်ချင်တယ်"

"အင်း. . . နိုင်ငံတကာ လှည့်ပြီး အပျော်အပါး လိုက်စားခဲ့တဲ့ဒဏ်ရာတွေ ကိုယ့်မှာ ပိနေပြီထင်တယ်"

"တစ်ခါတစ်ရံ ကံတရားဟာ မမျှော်လင့်ဘဲကို လူ့ရုပ်တွေ ဘက်ကလဲ ရပ်တည်ပေးတတ်ပါတယ်၊ မင်း ကံကောင်းနိုင်ပါစေလို့ ကိုယ် ဆုတောင်းပေးပါတယ်"

သူသည် ပြောပြောဆိုဆိုနှင့် ရင်တွင်း လှုပ်ရှားမှုကို ဖုံးဖိပြီး သူငယ်ချင်းအတွက် သွေးဖောက်ရန် ကိုယ်တိုင်ပင် ဓာတ်ခွဲခန်းဆီသို့ ပို့ကာ စနစ်တကျ မှတ်သားစေသည်။ ပြီးသည်နှင့် ကိုမင်းထက်၏ လိပ်စာ ရလိုရငြား ညီညီ၏အိမ်သို့ ပြေးရလေသည်။

သို့သော် ကိုမင်းထက်၏လိပ်စာသည် လည်းကောင်း၊ ကိုမင်းထက်သည်လည်းကောင်း စုံးစမြုပ်စ ပျောက်ကွယ်သွားခဲ့လေသည်။ တစ်ဆက်တည်းဆိုသလို သူ့သူငယ်ချင်း၌ အိတ်ချ်အိုင်ဗွီပိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရသည်။ ကိုမင်းထက်နှင့် မှားယွင်းသောကြောင့် ခတ်ခဲ့ခန်းမှ တာဝန်ခံက ဝန်ခံလေသည်။

ထိုအတွက် ဒေါက်တာကျော်စွာဆိုသော သူ၌ တာဝန်ရှိနေသည်။ တာဝန်ကျရာ မင်းတုန်းတိုက်နယ်ဆေးရုံ၌ အမှုထမ်းရင်း . .





အနာဂတ်တွင် အရာရာ ရှိသည်။ အသက်ရှင်ခြင်း ရှိသည်။ မျှော်လင့်ချက်များ ရှိသည်။ အရာရာတိုင်း ရှိသည်။

There is everything is future.
There is life, there is hope, there is everylise.

# အခန်း (၃၀)

"ဒေါက်တာ့ပေါ့ဆမှုအတွက် ကျွန်မတို့မှာ ဘယ်လောက် ဒုက္ခပင်လယ် ဝေရတယ်ဆိုတာ ဒေါက်တာ သိရဲ့လား"

"ဟဲ့. . . သမီး"

မျက်ရည်များကို သုတ်ရင်း မြကေလာ ရန်တွေ့လိုက်သည်။ မိခင်၏ဟန့်တား တားဆီးမှုကိုပင် မြကေလာ မမှုနိုင်ခဲ့။

ဒေါက်တာကျော်စွာကလည်း လက်ကာ့ကာ. .

"ပြောပါစေ အန်တီ၊ ကျွန်တော့်ရဲ့ပေါ့ဆမှုကို မြကေလာ



www.burmeseclassic.com

www.burmeseclassic.com



ဒီထက် ပြောဆိုသင့်ပါတယ်၊ အပြစ်လည်း ပေးသင့်ပါတယ်"

"ပေးရမယ် ဒေါက်တာ၊ မင်းမင်းကို အမြန်ဆုံး သွားတွေ့ပေးပါ. . . ရှင်းပြပေးပါ၊ ကျွန်မ မင်းမင်းနဲ့ တွေ့ချင်တယ်၊ မင်းမင်းဒီမြို့မှာ ရှိတယ်. . . အဘအိမ်မှာ"

"ဟင်း. . . ကေကေ"

မိန်းမသား၏ကြွေသိက္ခာတရားတို့သည် တစ်ခါတစ်ရံ၌ အချစ်၏ခြေရင်း၌ ဝပ်စင်းသွားတတ်လေသည် ထင်ပါသည်။ စိမ့်ထွက်လာသော မျက်ရည်တို့ကလည်း သုတ်၍မနိုင်အောင် ဖြစ်နေသည်။ ချုပ်ရိုးဖြေပြီး၍ ဆေးရုံမှ ဆင်းခွင့်သာ ရပါက မင်းမင်းရှိရာသို့ ချက်ချင်းပြေးသွားကာ ပြောလိုက်ချင်ပါသည်။

"ဒီညတော့ ခွင့်လွှတ်ပါ၊ နိုက်ဂျူတီ ကျနေတဲ့အတွက်ပါ ဂျူတီချိန် ပြီးတာနဲ့ ကျွန်တော်သွားရှင်းပြပေးပါမယ်၊ ဘယ်က အဘအိမ်မှာပါလဲ"

"အဘ ဦးဖိုးထော်နဲ့ ဒေါ်မယ်ညိုတို့ရဲ့ယာတဲမှာပါ"

"ဩော်. . . ဆရာဦးလူလေး အိမ်မှာလား၊ စေတနာဆရာလေးလေ"

"ဟုတ်ပ. . . ဒေါက်တာ၊ ဆရာဦးလူလေးကို ဒေါက်တာမြင်ဖူးသလား"

"ဟင့်အင်း ပြောသံကြားဖူးတယ်၊ တစ်ခါမှတော့ တွေ့တွေ့ဆိုင်ဆိုင် မတွေ့ဖူးဘူး၊ ဘာဖြစ်လို့လဲ မမြကေလာ"

မြကေလာရင်ထဲ ကျေနပ်မှုများဖြင့် ကြေကွဲစိတ်တို့ ဖုံးလွှမ်းသွားသည်။ ချစ်သူအတွက် ဂုဏ်ယူစိတ်များက မာန်ဝံ့လာသည်။ မိမိချစ်သူသည် သေမင်းနှင့် ရင်ဆိုင်နေရသည့်အချိန်မှာတောင်





စိတ်မာတ်ကြံ့ခိုင်စွာဖြင့် လူသားအကျိုးကို နိုင်သည့်ဝန်ဖြင့် ထမ်းရွက်နေသူတစ်ဦးဖြစ်သည်။

"ဘာဖြစ်လို့လဲဆိုတော့. . . အဲဒီ ဆရာဦးလူလေးဆိုတာ ဒေါက်တာ တွေ့ချင်နေပါတယ်ဆိုတဲ့ ကိုမင်းထက်ဖြစ်နေလို့ပါပဲ"

"ဟင်း. . . လောကကြီးဟာ တကယ်တမ်းတော့ ကျဉ်းကျဉ်းလေးပါပဲလား၊ ကိုင်း. . . စိတ်ချစွာနဲ့ အိပ်စက်အနားယူပါတော့ ပေးရှင့်၊ ကျွန်တော့်ရဲ့အပြစ်ကြွေးကို ကျွန်တော် အမြန်ဆုံးပေးဆပ်ပေးပါ့မယ်. . . ဂွတ်နိုက်"

ဒေါက်တာကျော်စွာ၏နှုတ်ဆက်မှုကို မြကေလာ မတုန့်ပြန်မိချေ။ ရင်ထဲ၌ မင်းမင်းနှင့် တွေ့ရမည့်အရေးကိုသာ မှန်းဆပျော်ရွှင်လျက်ရှိသည်။

ဒေါက်တာကျော်စွာက မြကေလာ၏မိခင်ကို နှုတ်ဆက်ပြီးထွက်ခွာသွားသည့်အခါမှ မိခင်က မြကေလာအား မျက်စောင်းထိုးတာ. . .

"မိန်းမကြွေ ရွှေပေးလို့မရ မဟုတ်ဘူး၊ တကတည်းမှ ကြွေလေးများ ဆယ်ပါဦးတော့လား၊ ညည်းတို့အလှည့်ကျမှ မိန်းမတို့ကြွေ ရွှေပေးတာနဲ့ရ ဖြစ်တော့မှာပဲ"

မြကေလာက ဇက်ကလေး ပုကာ လျှာလေးတစ်လစ် လုပ်ပြီး ရေချက်အေးခွက်ကို ယူ၍သောက်လိုက်သည်။ ယခုမှပဲ စိတ်သည် လွတ်လပ်ပေ့ါပါးသွားသည်။ မိခင်က ခြင်ထောင်ကို ချပေးတာ၊ ခုပေးပြီး သူမ၏ခုတင်ဆီသို့ ပြန်လည်ထွက်သွားကာ ခြင်ထောင်ထဲသို့ ဝင်သွားသည်။

ပြင်ပ၌ မိုးခြိမ်းသံတို့ ထွက်ပေါ်လာသည်။ မိုးလုန် ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးတာလသို့ နှုတ်ဆက်နေပြီထင်ပါသည်။ မှောင်မိုက်သောညအ မိုးမဲမဲတ ခြိမ်းသာခြိမ်းသည်။ ဘယ်သောအခါမှ သဲသဲမဲမဲ ရွာသေ မည်နည်း။ မိုးမဲသည် ရွာတော့မလိုလိုနှင့် မဲနေတတ်ပြီးမှ မရွာဘဲ ရှိနေတတ်သည်။ သို့သော် မိုးကာလကို လွန်မြောက်ပြီးဖြစ်ခြင်း ကြောင့် မိုးမဲတို့သည် သဲသဲမဲမဲ ရွာသွန်းတော့မည် ထင်ပါသည်။

မြကေလာ၏ အတွေးတို့သည် ရင်ခုန်ခြင်းနှင့်အတူ ယောက်ယက်ခတ်လျက်။





ကံကြမ္မာသည် ကောင်းကောင်းဆိုးဆိုး မတည်မြဲ။

Fortune, good or bad, does not last for ever.

# အခန်း (၃၁)

"လူလေး"

ထွက်သက်ဝင်သက်ကို မှတ်နေရင်းဖြင့် ငြိမ်းချမ်းမှုကို ရှာနေသောလူလေးသည် အဘ၏တိုးတိတ်နူးညံ့သောအသံကို ကြားလိုက်ရသည်နှင့် နှာသီးဖျားတွင် မှတ်နေသောအမှတ်တို့ကို ရုပ်သိမ်းလိုက်သည်။ ထိုအခါ အထိုင်ကြာပြီဖြစ်၍ ထုံကျဉ်နေသော ခြေထောက်တို့ကို အာရုံပြုမိကာ ဖြေရန် ကြိုးစားလိုက်ရသည်။

"လူလေး"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်လွှာပင့်ကြည့်လိုက်သည်။

အဘ၊ မေမေနှင့် ဒေါက်တာကျော်စွာ။ လူလေး အံ့အား သင့်သွားသည်။ ဘဘရသေ့သည် သူ၏ခေါင်းရင်း၌ ငြိမ်သက်စွာ ချာန်ကျင့်လျက်ရှိသဖြင့် သူသည် လက်ဟန်ခြေဟန် ပြကာ ဂူဖြင် ဘက်သို့ ခေါ်ခဲ့သည်။

"ကိုမင်းထက် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဒေါက်တာကျော်စွာကို သူ နားမလည်စွာ ကြည့်မိသည်။

"ကျွန်တော် ကိုမင်းထက်လိပ်စာကို ညီညီ့အိမ်မှာ သွားရှာ ဖွေပါသေးတယ်၊ မရခဲ့လို့ ကိုမင်းထက်ကို ကျွန်တော့်အမှားအတွက် အချိန်မီ မတောင်းပန်နိုင်ပါဘူး"

အဘရသေ့၏အဆုံးအမ၊ တရားမမ္မ၏အဆုံးအမနှင့် လောကခံ၏ရိုက်ခတ်မှုကို ခံစားအရည်ထူလာပြီဖြစ်သော လူလေး က အေးဆေးစွာပင်. . .

"ဘာများပါလဲ ဒေါက်တာ"

"ကိုမင်းထက်ကို ရီဇာတ်များပေးခဲ့မိတဲ့ ကျွန်တော့်ပေါ့ဆမှု ပါ"

"ဗျာ. . . တကယ်လား ဒေါက်တာ၊ သေခါနီး လူတ ယောက်ကို ဟန်ဆောင်လှည့်ဖြားမှုများလား"

"မဟုတ်ရပါဘူး ကိုမင်းထက်၊ ကိုမင်းထက် စိတ်ထဲ ကျွန် တော့်ရဲ့ပေါ့ဆမှုကြောင့် သံသယမှိုင်း ဖြစ်ပေါ်နေပြီဆိုရင် ကိုမင်း ထက် ကြိုက်တဲ့ဆီမှာ ထပ်မံစစ်ဆေးနိုင်ပါတယ်"

လူလေးသည် ဒေါက်တာကျော်စွာ၏မျက်ဝန်းကို စူးစူး စိုက်စိုက် ကြည့်ကာ အကဲခတ်လိုက်သည်။



ဤလူ ညာနေတာလား။ ညာခြင်းမဟုတ်နိုင်ကြောင်း သူ ၏တောင်းပန်နေသောမျက်ဝန်းက ဖော်ပြနေသည်။

"သား"

"မေမေ ဘယ်တုန်းက ရောက်သလဲ"

"သစ်သစ် ဖုန်းဆက်တာနဲ့ ကေကေနဲ့အမေနဲ့ လိုက်လာ တာ"

သူ့ရင်ထဲ၌ မြဲနေသောအနာသည် အံ့ကြွလာလေသည်။

"ကေကေကော သက်သာရဲ့လား"

"သက်သာပါတယ် သား"

"ကေကေ့အတွက် သွေးကို. . . သား. . . ဒေါက်တာ ကျွန် တော့်သွေး ပြန်စစ်ချင်တယ်"

"ရပါတယ် ကိုမင်းထက်၊ မမြကေလာအတွက်တော့ သွေး မလိုတော့ပါဘူး၊ လိုအပ်နေတဲ့သွေးကို ဆရာဦးလူလေးရဲ့ တပည့် တွေကပဲ ဝမ်းပန်းတသာနဲ့ လာလှူသွားကြပါတယ်"

သူ့ရင်ထဲ ကြည်နူးသွားသည်။

"တပည့်တွေကလည်း လူလေးကို မျှော်နေကြတယ်"

လူလေးရင်ထဲ လှိုက်ဖိုလာသည်။ သူသည် ပုထုဇဉ်သာဖြစ် သည်။

"ကေကေ့ခများလည်း ဆေးရုံမှာ စောင့်မျှော်နေရှာတယ်"

လူလေး ရင်ခုန်လာသည်။ သို့သော် လူလေး မယုံကြည် သေး၊ တစ်ခါသေဖူး၍ ပျဉ်ဖိုးနားလည်သူပမာ ဖြစ်နေသည်။

အဘရသေ့ကို သူ အသာကန်တော့လိုက်သည်။ အဘ ရသေ့သည် လုံးဝ မျက်ခွံတခါး မဖွင့်သကဲ့သို့ တုတ်တုတ်မျှ မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ချေ။

ကျန်သူများလည်း ကန်တော့ပြီး အဘရသေ့ ခိုအောင်းရာ ဂူမှ တိတ်တဆိတ် ထွက်ခွာလာခဲ့ကြသည်။

လူလေးသည် မိခင်အား တယုတယ တွဲခေါ်လိုက်သည်။

"ဖေဖေကော နေကောင်းလား မေမေ"

"ကောင်းပါတယ်"

"မေမေ ခွင့်ယူခဲ့ရတာပေါ့"

"ဟုတ်တယ် သား၊ မနက်ဖြန် မေမေ ပြန်မယ်. . . သား ကော"

"သား ဒီစာသင်နှစ် ကုန်မှ ပြန်လာတော့မယ်"

"ဝမ်းသာပါတယ် သား၊ မေမေကလည်း ခေါ်မလို့ လာတာ မဟုတ်ပါဘူး၊ သားရဲ့အခြေအနေ လာကြည့်ရင်း ကေကေ အတွက် စိုးရိမ်လို့ လိုက်လာတာ"

'ကေကေ' ဟူသောအမည်လေးသည် သူ့နှလုံးသားကို ထိုးဆိတ်ဆွလျက်ရှိသည်။ ကေကေသည် သူ့အား နာကြည်းခြင်း မရှိသည့်အပြင် ဒုက္ခကို မျှဝေခံစားရန် ကြိုးပမ်းနေရှာသူ ဖြစ်သည်။ မေတ္တာစစ် မေတ္တာမှန်ဟူသည့် ခယောင်းလမ်းကိုလည်း လျှောက် လှမ်းရန် ဝန်မလေးတတ်ကြောင်း သူ သဘောပေါက်လာသည်နှင့် အမျှ ကေကေကို တိုး၍ပင် ချစ်လာခဲ့လေသည်။

ဒေါက်တာကျော်စွာအပေါ်၌လည်း စိတ်တိုခြင်း၊ အမျက် ဒေါသထွက်ခြင်းတို့ ဖြစ်ပေါ်၍မလာ။

"လူလေး လက်က ဒဏ်ရာကော"

"အဘရသေ့က ဆေးရွက်တွေ ကြိတ်ပြီးအုံပြီး မန်းမှုတ်ပေး





လို့ ပျောက်သွားပြီ အဘ"

ယောင်ကိုင်းခြင်း မရှိဘဲ အနာဝပင်လျှင် ခြောက်သွေ့ လျက်ရှိသည်။ အဘ ပြောပြထားပြီးဖြစ်၍ သူ့အကြောင်းကို သိနေ ပုံရသော မေမေက သူ့လက်မှ ဒဏ်ရာကို ကိုင်တွယ်ကြည့်သည်။

"အတော်ထူးဆန်းတာပဲနော်. . . အနာက သုံးလေးရက် အတွင်း ချပ်သွားတယ်"

"ဟုတ်ပါတယ်. . . အခုခေတ်ကြီးမှာ တန်ခိုးကြီးတဲ့ပုဂ္ဂိုလ် တွေ ပေါ်ပေါက်လာတယ်ဆိုတာလည်း မေတ္တာရဲ့တန်ခိုးပဲပေါ့ သား၊ လောကကြီးမှာ တန်ဖိုးအရှိဆုံးအရာဟာ မေတ္တာပဲ၊ အဘတို့နဲ့သား နေနိုင်တာ အဘတို့ရဲ့မေတ္တာတရားကြောင့်ပဲပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် မေမေ"

"လာ. . . လှည်းပေါ်တက် လူလေး"

"ဟင့်အင်း အဘ၊ လူလေး နွားလှည်းမစီးတာ အဘ သိရဲ့ သားနဲ့"

"ဝန်ထုပ်ဝန်ပိုး မပါ,ပါဘူး လူလေးရဲ့"

"ရပါတယ် အဘ၊ လူလေး လျှောက်နိုင်ပါတယ်"

ဒေါက်တာကျော်စွာက ပြုံးလိုက်သည်။ သူ့ဆိုင်ကယ်က လည်း အဘတို့တဲ၌ ထားခဲ့ပြီဆိုတော့ သူသည်လည်း နွားလှည်းပဲ စီးရမလား၊ လူလေးနောက်ပဲ လိုက်ရတော့မလား ဆိုသည်ကို ဆုံး ဖြတ်၍မရနိုင်အောင် ဖြစ်သွားသည်။

"ကိုင်း. . . သားသဘောပဲ၊ မေမေတော့ မလျှောက်နိုင် တော့ စီးရမှာပဲ"

"စီးရမှာပေါ့. . . နွားကလည်း သူတို့၏ခွန်အားလို လူသား



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် အသုံးချချင်ရာမှာပေါ့၊ မဟုတ်ဘူးလား အန်တီ"

ဒေါက်တာကျော်စွာက ဝင်၍ ထောက်ခံလိုက်သည်။ လူလေးက ပြုံးကာ. . .

"ဒေါက်တာကော. . . လှည်းပဲ စီးသွားပါ"

"ကျွန်တော် ကိုမင်းထက်နဲ့ စကားပြောရင်း လမ်းလျှောက်ချင်ပါတယ်"

"ဒါဖြင့်ရင်လည်း လာဗျာ"

"သွားနှင့်မယ်ဟေ့"

အဘတို့ လှည်းကလေးသည် တရွေ့ရွေ့ဖြင့် သူတို့အား ချန်ခဲ့လေသည်။

"ကိုမင်းထက် ကျွန်တော့်ကို စိတ်မဆိုးဘူးလား"

"ဘာအတွက်လဲ ဒေါက်တာ"

"ကျွန်တော့်ရဲ့မှားယွင်းမှုအတွက်"

လူလေးက ပြုံးလိုက်မိသည်။

"လောကကြီးမှာ အမှားမရှိတဲ့လူရယ်လို့မှ မရှိနိုင်ဘဲ ဒေါက်တာ၊ ဒီကိစ္စမှာ ဒေါက်တာတစ်ယောက်တည်း မှားတာမှ မဟုတ်ဘဲ၊ ကျွန်တော်လည်း မှားခဲ့တာပဲ"

"ကိုမင်းထက်က ဘာဖြစ်လို့ မှားရမှာလဲ"

"ဒီပြင်ဆေးခန်းတစ်ခုမှာ ထပ်မံစစ်ဆေးဖို့ မေ့နေခဲ့တဲ့ အတွက်ပါ"

"ဩော်. . . ဒါကတော့ ဖြစ်နိုင်ပါတယ်၊ လူဟာ ချောက်ချားစရာတစ်ခုခုနဲ့ ရင်ဆိုင်လိုက်ရပြီဆိုရင် သတိလက်လွတ်ဆိုတာ ဖြစ်တတ်ပါတယ်"





"ထားပါတော့လေ. . . ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီလောက်အထိ ဖြစ်သွားဖို့ မကောင်းဘူး"

"ကိုမင်းထက် ဘာဖြစ်နေလို့လဲ၊ ကိုမင်းထက် စိတ်ဓာတ်ဟာ ကြံ့ခိုင်တယ်၊ အချို့သူတွေဆိုရင် ကိုယ့်စိတ်ကိုယ် မနိုင်လို့ လူ့လောကကြီးက အမြန်ဆုံး စွန့်ခွာဖို့ ကြိုးစားကြတဲ့လူတွေတောင် ရှိတယ်၊ ကိုမင်းထက်နဲ့ မှားယွင်းသွားတဲ့ ကျွန်တော့်သူငယ်ချင်းဆိုရင် သဘော်လိုက်ပြီး ရှာခဲ့သမျှငွေတွေနဲ့ သုံးဖြုန်းပြီး စိတ်ချမ်းသာမှုကို ရှာဖွေရင်းနဲ့ ကားအက်ဆီးဒင့်နဲ့ သေသွားပြီလေ၊ သေသည်အထိ မိုက်တွင်းနက်သွားကြတဲ့လူမျိုး ရှိတယ်၊ သူ့ထံက ရောဂါပိုးများ မပျံ့ပွားစေရေးကို ပညာပေးတာလည်း နားမထောင်ဘူးဗျာ"

"တော်တော်မိုက်တဲ့လူပဲ"

"ဟုတ်တယ်. . . မြန်မာပြည်မှာ အိတ်ချ်ပိုးဟာ ရောက်ရှိပျံ့နှံ့စ ပြုနေပြီဆိုတော့၊ လိင်ဆက်ဆံမှုဟာ အရမ်းကို ထိန်းချုပ်သင့်တယ်၊ လွတ်လပ်မှုကို အလွဲသုံးစားပြုပြီး အနောက်တိုင်းယဉ်ကျေးမှုကိုမှ ခေတ်မီတယ်လို့ အထင်ကြီး၊ နေချင်တိုင်း နေထိုင်တဲ့အတွဲတွေ၊ မူးယစ်ဆေးဝါး သုံးစွဲသူတွေအတွက်ကော အားလုံးသော လူသားတွေအတွက် အိတ်ချ်ပညာပေးမှုတွေကို အိတ်ချ်သမားတွေကပါ ဝိုင်းဝန်းကူညီဟောပြော ပညာပေးသင့်နေပြီ၊ ကျွန်တော့်သူငယ်ချင်းလိုဆိုရင် မိန်းမကလည်း လိုက်စားတော့ သူ့ပိုးတွေ ဘယ်လောက်ကျန်ရစ် ပျံ့နှံ့ခဲ့မယ်ဆိုတာ မပြောနိုင်ဘူး၊ ဒါကြောင့် ကျွန်တော်ဆိုရင် ရန်ကုန်လို ဆေးခန်းမှာထက် ရှိသားတဲ့ အခုလို ကောင်းသာတောဆီမှာ အလုပ်အကျွေးပြုရတာမှ မှန်မြတ်တယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ထရန်စဖာ တင်ပြီး ပြောင်းလဲလာခဲ့တာ"

"ဝမ်းသာပါတယ် ဒေါက်တာ"

လူလေးသည် လောကကြီး၏အလှတရားများကို မြင်တွေ့နေရလေပြီ။

အထူးသဖြင့် မေတ္တာ၏အလှတရား၊ စေတနာ၏အလှတရား၊ အချစ်၏အလှတရားများ။

"ကိုမင်းထက် ဆေးရုံကို သွားမယ်မဟုတ်လား ကျွန်တော့်ဆိုင်ကယ်နဲ့. . ."

လူလေး ခေါင်းခါလိုက်သည်။

"ဟင်. . . ဘာဖြစ်လို့"

"ကျွန်တော့်ကို ဆိုင်ကယ်ငှားနိုင်မလား"

"ငှားနိုင်ပါတယ်. . . ဘယ်သွားမလို့လဲ"

"ခံမှန်ဖူးတဲ့ စာသူငယ်လို ဖြစ်နေပြီဗျာ၊ ကျွန်တော် ပြည်ဆေးခန်းနှစ်ခုလောက်မှာ သွေးသွားစစ်လိုက်ဦးမယ်"

ဒေါက်တာကျော်စွာ မလုံမလဲ ပြုံးလိုက်သည်။

"ကျွန်တော့်ကို နားလည်ပြီး ခွင့်လွှတ်ပါ ကိုမင်းထက်"

"ဟာ. . . မဟုတ်တာ ဒေါက်တာ၊ ကျွန်တော် အားလုံးကို သဘောပေါက်ပါတယ်. . . ခွင့်လွှတ်ပါတယ်"

အဘ၏တဲကုပ်နန်းတော်နှင့် နီးလာလေပြီ။

"မြကေလာကို ကျွန်တော် ဘာပြောထားနှင့်ရမလဲ"

"သူ ဒီအကြောင်းတွေ သိသွားပြီလား"

"သိသွားပါတယ်. . . ခင်ဗျားကို အမြဲစောင့်နေတဲ့သူပါ"

"ပြောထားလိုက်ပါ. . . ကျွန်တော့်စိတ်ထဲ သံသယ ကင်း





ရှင်းပြီဆိုမှ. . ."

"ဟား. . . ဟား. . . ကိုမင်းထက်ရယ်၊ ခင်ဗျားရဲ့သံသယဟာ ကျွန်တော့်ရဲ့ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာတာ၊ ပြီးဆုံးမှု မရှိသေးပါလား၊ ခင်ဗျားရဲ့ကျားကိုးစီး စားလို့မကုန်နိုင်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ဗျာ"

"ဘာပဲဖြစ်ဖြစ် ခင်ဗျား စပေးလိုက်တဲ့ သံသယကို ကျွန်တော် လုံးဝချေဖျက်ချင်တယ်"

"ဒီတော့. . ."

"စိတ်ရှည်လက်စနဲ့ စိတ်ရှည်စွာ နားလည်ခွင့်လွှတ်ပေးထားပါဦးလို့"

"အင်း. . . ဆရာဝန်လဲ ဆေးကုရုံတင် မကဘူး၊ အောင်သွယ်အလုပ်ပါ လုပ်ပေးရဦးတော့မှာပဲ"

လူလေးက သဘောကျစွာ ရယ်မောလိုက်သည်။ ကံကြမ္မာဆိုးမှ လွတ်မြောက်လာသူတစ်ဦး၏ ပျော်ရွှင်မှုမျိုးဖြင့် သူ့ရင်၌ လှိုက်ဖိုကာ ကျေနပ်နေမိသည်။ သို့သော် နယ်ခြားမြို့လေးတစ်မြို့၌ သွေးသွင်းကုသမှု ခံယူခဲ့ဖူးသော သူ့အတွက် သံသယကတော့ ရှိနေမြဲပင်။

ဤမှ စက်ဆုပ်ရွံရှာ ကြောက်ရွံ့ဖွယ်ကောင်းလွန်းသော အိတ်ချ်ပိုးသည် ဘယ်ကဘယ်လို စတင်ကာ မိမိတို့တိုင်းပြည်သို့ ဝင်ရောက်ခဲ့ရသည် မသိ။ ထိုဆေးမရှိသောရောဂါသည် ကမ္ဘာပေါ်၌ မပေါ်ပေါက်ခဲ့ပါလျှင် အဘယ်မျှ ကောင်းမြိမ့်နိုင်မည်နည်း။

သို့သော် ပေါ်ပေါက်ပြီး ဖြစ်နေခြင်းကို မပျံ့နှံ့ဘဲ ရပ်တန့်သွားလျှင် ကောင်းမည်။ သို့တည်းမဟုတ် ထိုရောဂါကို ကုသနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော ဆေးစွမ်းကောင်းများကို ရှာဖွေတွေ့ရှိမည်ဆိုပါကလည်း ကောင်းမည်။ ရှာဖွေတွေ့ရှိပါစေဟုသာ. . .။





မုန်တိုင်းတိုက်ပြီးနောက် ငြိမ်သက်မှုရှိလာသည်။

After a strom comes a calm.

# အခန်း (၃၂)

"ဘဝဆိုတာ အငိုနဲ့အရယ် ဒီနှစ်ခုကြားထဲမှာပဲ တည်ရှိတာပါ မမြကေလာ၊ ငိုပြီးရင် ရယ်ရမှာပါ"

"မဟုတ်ပါဘူး ဒေါက်တာ၊ သုံးရက်တောင် ကြာတယ်ဆိုတော့. . ."

မြကေလာရင်ထဲ၌ မီးဟုန်းဟုန်းတောက်နေလေပြီ။

ဒေါက်တာကျော်စွာကလည်း ဖျောင်းဖျပေးပါသည်။

"ဆေးရုံက ဆင်းရင် မေမေကလည်း ရန်ကုန်ပြန်ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မှာတဲ့ ဒေါက်တာ"

"အင်းပေါ့. . . မိဘဆိုတာတော့ သားသမီးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးကြတာပဲ"

"ကေကေ. . မင်းမင်းနဲ့ တွေ့ချင်သေးတယ်၊ သူ ဘာဖြစ်လို့ မလာသေးတာလဲ၊ သူ့မှာ အိတ်ချ်မရှိဘူးဆိုတာ သေချာပါတယ် နော် ဒေါက်တာ"

"သေချာပါတယ်. . သူ့မှာ အဲဒီရောဂါရဲ့အရိပ်အယောင် တွေလဲ လုံးဝမတွေ့ရပါဘူး"

"ဒါဖြင့် သူ ဘာဖြစ်လို့ ပြန်မလာသေးတာလဲ ဒေါက်တာ"

"ကိစ္စတစ်ခုခု ရှိနေလို့ နေမှာပေါ့"

"ကေ့ကေ့ထက် အရေးကြီးတဲ့ကိစ္စ သူ့မှာ ရှိနေသေးသလား ဒေါက်တာ" ဟု မြကေလာ ရင်တွင်းကသာ မေးလိုက်သည်။

"ခွင့်ပြုဦးနော်"

ဒေါက်တာကျော်စွာ ထွက်သွားသည်။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် မြကေလာထံသို့ လူနာအစောင့် လာလုပ်နေသော သစ်သစ်လွင်က ပန်းအိုးလဲနေရာမှ ပြန်ဝင်လာသည်။

"မိုးတွေကလည်း မဲနေတာပဲ၊ ရွာတော့မယ် ထင်တယ်"

သစ်သစ်လွင်၏စကားကြောင့် မြကေလာ ခုတင်ပေါ်မှ ညင်သာစွာ ဆင်းလိုက်သည်။ သစ်သစ်လွင်က. . .

"ဟဲ့. . . ဖြည်းဖြည်း၊ ငါလာတွဲမှာပေါ့"

"ရပါတယ်ဟာ. . . ခွဲထားတဲ့ဒဏ်ရာက ကြာရင် အကင်းသေ ပျောက်သွားနိုင်တယ်၊ မပျောက်နိုင်တာက ရင်ထဲက အနာ"





"ရင်ထဲက အနာ"

"ဟုတ်တယ်. . . ကိုယ့်မိဘ ကိုယ့်အသိုင်းအဝိုင်းကို စွန့်လွှတ်ပြီး သူများရပ်ရွာမှာ သူ့တစ်မျက်နှာထဲ လိုက်နေရတဲ့ ငါ့အပေါ်မှာ သူ့စိမ်းကားမှုက မလွန်ဘူးလားဟင် မိသစ်"

"တော်. . တော်. . ဘယ်ကဘယ်လို ဖွဲ့ဖောက်လာပြန်တာလဲ၊ စောစောကတော့ ချစ်လိုက်တာ၊ အရာရာကို အပြစ်မမြင်တဲ့ ချစ်နေလိုက်တာ၊ ဆင်းရဲဒုက္ခခံပြီး တစ်ကမ္ဘာလုံးကို မေ့ပြီးတော့၊ အခုတော့. . ."

မြကေလာသည် ပြတင်းပေါက် ခန်းစည်းကို အသာတင်လိုက်ပြီး မည်းနေသောမိုးသားများကို ကြည့်လိုက်သည်။ ရွာမလိုလိုနှင့် အုံ့ဖွဲ့ဆင်းနေသော မိုးသားတို့သည် ယခုထက်ထိ မရွာသေး။ ရွာလျှင်တော့လည်း သဲသဲမဲမဲနှင့် ဝုန်းဒိုင်းကျဲတော့မည့်ဟန် ပြင်လျက်ရှိသည်။

"အမှန်တော့ ချစ်သူဆိုတာ ဘဝခရီးအဖော်အတွက် ဆိုးတူကောင်းဖက် ဒုက္ခသုခ မှန်သမျှ မျှဝေခံစားတိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ် ရွေးချယ်ထားသူကို ချစ်သူလို့ ခေါ်တယ်လို့ ငါယူဆတယ်"

"အေးလေ. . . ဟုတ်တာပဲလို့"

"မင်းမင်းဟာ ငါ့ကို ချစ်သူအဖြစ် မသတ်မှတ်ဘူး"

"အလိုတော်. . . ခုမှ ဘာစိတ်ကူးပေါက်ရတာလဲ"

"သူ့ဒုက္ခတွေ ငါ့ကို မမျှဝေဘူး"

မြကေလာရင်ထဲ နာကျင်နေသည်။ ချစ်သူ၏အစွန့်ပစ်ခံ မိန်းမသားတစ်ယောက်၏နာကြည်းမှုမျိုးသည် ယခုမှ ဖြစ်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဒါကတော့ များသောအားဖြင့် ချစ်သူတွေရဲ့သဘာဝဟာ ကိုယ့်ချစ်သူအပေါ် ဒုက္ခထက် သုခကိုပဲ မျှဝေပေးချင်တတ်ကြတယ်၊ မင်းမင်းက ဒီသဘောပါဟယ်”

“ဘာပဲဖြစ်ဖြစ် ငါ့ကို သူလာတွေ့ဖို့ ကောင်းပါသေးတယ်။ ပြီးမှ သူ့ဘာသာသူ စစ်ဆေးတာ ပြည်တင် မကဘူး၊ နိုင်ငံခြားမှာပဲ သွားစစ်စစ် ငါခွင့်ပြုနိုင်ပါတယ်၊ အခုတော့. . .”

“သူ့မှာ ဘာအခက်အခဲတွေများ ရှိနေသလဲလို့ နင်သိရဲ့လား”

“အို. . . ဘာမှမသိချင်တော့ဘူး၊ ငါ မနက်ဖြန် ဆေးရုံက ဆင်းရတာနဲ့ ရန်ကုန်ကိုပဲ ပြန်တော့မယ်”

“စောင့်ပါဦးဟယ်”

“သူက ငါ့ကိုမှ အလေးမထားဘဲ”

မြကေလာသည် စီးကျလာသည့်မျက်ရည်များကို မာန လက်ဖြင့် သုတ်ပစ်လိုက်သည်။ ချစ်ခြင်း၌ မာနမရှိဘူးဟု ဆိုသော်လည်း. . .

“ဒါကတော့ သူ့မှာ စွဲကပ်နေတယ်လို့ ယုံကြည်ထားတဲ့ ရောဂါအခြေအနေဟာ ပြန်လမ်းမရှိတဲ့မြစ်တွင်းက ခရီးသည်နဲ့ တူနေလို့ပါဟယ်”

“ဟုတ်ပါတယ်. . . ဒီအတွက် သူ့ကို ငါ အပြစ်မမြင်တဲ့ အပြင် ပိုပြီးတောင် ချစ်ခဲ့ပါသေးတယ်၊ ဒါပေမယ့် သူ့မှာ ရောဂါမရှိတော့ဘူးလို့ ဒေါက်တာကျော်စွာ ရှင်းပြပြီးလို့ သိလိုက်ရတဲ့အချိန်မှာ သူ ငါ့ဆီကို အရင်ဆုံး ပြေးလာလိမ့်မယ်လို့ ငါ ထပ်မျှော်လင့်ခဲ့မိ





တယ်၊ အဲဒါ ငါ့အမှားလားဟင် မိသစ်”

“မမှားပါဘူးဟယ်”

“ဒါပေမယ့် ငါ့မျှော်လင့်ချက်နဲ့ ငါ့ခံစားချက်တွေကို ဥပေက္ခာပြုရက်တယ်၊ ချစ်မှန်းသိလို့ ငါကလွဲရင် ဘယ်သူ့မှ ယူမှာ မဟုတ်ပါဘူး၊ အေးအေးဆေးဆေးပဲဆိုတဲ့ သဘောမျိုးနဲ့ ဥပေက္ခာပြုထားပြီး ထင်ရာစိုင်းတတ်တဲ့ သွေးအေးတဲ့လူသား ဖြစ်လိမ့်မယ်လို့ ငါမထင်ခဲ့မိတာ ငါ့အမှားပါ”

“လောကကြီးမှာ မျှော်လင့်မထားတဲ့ ကြုံတွေ့မှုတွေ အများကြီး ရှိတတ်ပါတယ်ဟယ်၊ မမြင်နိုင်တဲ့ကြမ္မာ ကျရောက်တဲ့အခါမျိုးမှာ စိတ်သွားတိုင်း ကိုယ်မပါတာတွေ အများကြီး ဖြစ်တတ်တယ်”

သစ်သစ်လွင်သည် မင်းထက်ဘက်မှ ရှေ့နေဖြစ်သွားပြန်လေသည်။

“အချစ်ကြောင့် မိန်းမက္ကန္ဒြေကို ခဝါချပြီး သူ့ထံပါးမှာ ရစ်ဝဲမျှော်လင့်နေရတဲ့ ငါ့ကို လုံးဝအရေးမစိုက်ဘူးဆိုတော့ ငါ့ရဲ့ သည်းခံနိုင်တဲ့စိတ် ကုန်သွားပြီလေ၊ ယောက်ျားတွေဟာ လိုက်လေပြေးလေ ထင်တယ်”

“ဒါတွေဟာ အချစ်ကို ခုတုံးလုပ်တဲ့သူတွေရဲ့ မာနယှဉ်ပြိုင်မှုပွဲပါ၊ မင်းမင်းနဲ့နင်ဟာ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာပေါ်မှာ အခြေခံ ပေါက်ဖွားလာပြီးမှ ပြောင်းလဲလာတဲ့အချစ်ဖြစ်လို့ ယှဉ်ပြိုင်မှုတို့ မာနတို့ဆိုတာ ထားစရာ မလိုအပ်ဘူးလို့ ထင်တယ်ဟာ”

မြကေလာ မျက်ရည်စက်တို့ စီးကျလာလေသည်။ ရင်၌ ခံစားနေခဲ့ရသောချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဝေဒနာရပ်



www.burmeseclassic.com

www.burmeseclassic.com



သည် လောကကြီး၏အဆိုးရွားဆုံးသော ခံစားမှုတစ်ရပ်ဖြစ်လေသည်။ တစ်ယောက်ဆို တစ်ယောက်တည်းကိုသာ စွဲစွဲလမ်းလမ်း ချစ်တတ်သော မိန်းမသားများ၏ခံစားမှုက ယောကျ်ားများထက် ပိုလေသည်။

မိန်းမသားတစ်ဦး၏အချစ်ကို ပေါ့ပေါ့တန်တန် သဘောထားတတ်သော သူ့ကိုမှ ချစ်မိလေခြင်းအတွက် နောင်တရရမလို ဖြစ်နေသည်။ ယောကျ်ား၏မာယာကို မြကေလာ လိုက်မမီတော့ပါ။

"စဉ်းစဉ်းစားစား လုပ်ပါဟယ်"

သစ်သစ်လွင်လည်း အချစ်ချင်း ပြိုင်ကာ အချစ်မိုး သည်းထန်သူနှစ်ဦး၏အကြားခွဲ ဝင်၍မဖျောင်းဖျတတ်တော့။ ထိုစဉ် ပြုံမယောင် ဆင့်နေသော မိုးသားတို့သည် အဖြူရောင် စင်လာလေသည်။

"မိုးကလည်း. . . ရွာမလိုလိုနဲ့ ရွာလည်း မရွာဘူးနော်၊ ယောကျ်ားတွေအချစ်နဲ့ တူလိုက်တာ"

"အေး. . . ယောကျ်ားတွေကလည်း မိန်းမတွေကို မိုးနဲ့ပဲ တင်စားကြတယ်၊ ယောကျ်ားမိန်းမဟာ ဘယ်သူပဲဖြစ်ဖြစ် မာယာများတဲ့လူက များမှာပဲ၊ တစ်ခါတစ်ရံမှာ အချစ်ထက် အရေးကြီးတာတွေ လောကကြီးမှာ ရှိတတ်ပါလားလို့ သိရှိလာတဲ့သူအတွက်တော့ အချစ်ဟာ အရေးနိမ့်သွားတတ်တယ်နော် မိသစ်၊ အင်းလေ. . . အချစ်ကို တန်ဖိုးမထားတတ်တဲ့ ယောကျ်ားတစ်ဦးကို ငါမေ့ပျောက်နိုင်အောင် ကြိုးစားရမှာပေါ့"

သစ်သစ်လွင်သည် မိမိပါးစပ်ကိုသာ ပိတ်ထားရန် ဆုံးဖြတ်လိုက်သည်။ သူ့ပါးစပ်မှ ဘာပဲ ဟလိုက်ဟလိုက် မြကေလာ၏





အချစ်ဝေဒနာကို ဆွပေးသကဲ့သို့ ဖြစ်နေခြင်းကြောင့်ပင်။ ဟုတ်လည်း ဟုတ်သည်။ ချစ်သူတစ်ယောက်လုံး ခွဲစိတ်ကုသမှု ခံယူထားရသည်ကို အရေးမစိုက်။ ထင်ရာစိုင်းတတ်သည်။ သို့သော် တာ ယကံရှင် မြကေလာ၏အမျက်သည် ပို၍ကြီးထွားလာမည် စိုးသဖြင့် မျိုသိပ်ထားလိုက်ရသည်။

"မင်းမင်း ငါ့အပေါ်မှာ သိပ်ရက်စက်တာတာ"

"မုန်းနိုင်တာလဲ မဟုတ်ဘဲနဲ့ဟာ၊ ကိုယ့်ကိုယ်ကို ဝေဒနာရအောင် လျှောက်တွေးမနေနဲ့၊ အကြောင်းတစ်ခုခုကြောင့် ရောက်မလာသေးတာလို့သာ မှတ်ထားလိုက်ပါ မိကေရာ"

မြကေလာ ဘာမှမပြောဘဲ လွင့်ပါးသွားသော တိမ်ညိုမဲများကို ငေးကြည့်နေရာမှ သူ့မျက်လုံးသည် ဆေးရုံအဝင်ဝသို့ ရောက်သွားလေသည်။

ဟင်းလင်းပွင့်နေသော ဆေးရုံဝန်းတံခါးဝ၌ ဝင်သူထွက်သူများ ကျိုးတိုးကျဲတဲ ရှိနေသည်။ သို့သော် ထိုအထဲတွင် သူမ အလိုချင်ဆုံးသောသူ မပါချေ။

မြကေလာ သက်ပြင်းချလိုက်သည်။ ခြောက်သွေ့စပြုနေသော မျက်ရည်အကြွင်းအကျန်များကို သုတ်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်တို့သည် မှောင်မည်း၍ ရေရေရာရာ မရှိပေ။
သို့ရာတွင် ကျွန်ုပ်တို့သည်...
အနာဂတ်သို့ သွားရာလမ်း၏အစိတ်အပိုင်းကို
မြင်နိုင်ကြပြီဖြစ်၍ မြဲမြံသော...
ခြေလှမ်းများနှင့် လျှောက်နိုင်ပေသည်။

The future is dark, uncertain,
But we can see part of the way
leding to it and can tread it with firm steps.

# အခန်း (၃၃)

လူလေး စိတ်မာတ်ကျဆင်းသွားသည်။

ဒေါက်တာကျော်စွာကို ဆိုင်ကယ်ပြန်ပေးရင်း သူ၏ ရယ်ပွဲဖွဲ့ခဲ့သမျှတို့သည် ဒေါက်တာကျော်စွာ၏စကားများကြောင့် ပျောက်ကွယ်သွားရလေသည်။

"ကျွန်တော့်ကို သုံးလေးလနီးပါး စိတ်မာတ်ကျအောင် ဖန်တီးထားတဲ့ ဒေါက်တာကျော်စွာကို အပြစ်ပေးတဲ့အနေနဲ့ ဆိုင်





ကယ်ကို မနားတမ်း အသုံးချပစ်လိုက်တယ်လေ. . . အဟင်း"

"ရပါတယ်. . . အားလုံး အိုကေတယ် မဟုတ်လား"

"အိုကေပါတယ်. . . ဘာရောဂါမှ မရှိအောင် ကျန်းမာသန့်စွမ်းနေတဲ့အတွက် အပြန်ခရီးမှာ ကားအက်ဆီးဒင့် ဖြစ်တဲ့လူနာတွေကို ဆေးရုံပို့ပေးတဲ့နေရာမှာ အကူအညီပေးရင်းနဲ့ လိုအပ်တဲ့သွေးကိုပါ လှူနိုင်ခဲ့တယ်"

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုမင်းထက်"

"ဒါထက် ကေကေ့အခန်းက. . ."

"မနေ့ကပဲ ဆင်းသွားတယ်၊ ခင်ဗျား အဘတို့ဆီ မရောက်သေးဘူး ထင်တယ်"

"ဟုတ်တယ်ဗျာ. . . ဒီကို တန်းလာခဲ့တာ၊ ဆိုင်ကယ်လဲ ပေးရင်းဆိုတော့ ဆိုင်ကယ်ပေါ်က လေးလံတဲ့အထုပ်ကြီးလဲ ကျောင်းကို အရင်ပို့ရသေးတယ်"

"ကျောင်းသားတွေအတွက် အဆိုင်းမင့်တွေပါ ရီဇာတ်စောင့်ရင်း ရတဲ့အချိန်လေးမှာ ကျောင်းသားတွေအတွက် လိုအပ်မယ် ထင်တဲ့ အဆိုင်းမင့် ထုတ်ပြီး သင်လိုက်ရင် ပိုမြန်မယ်ဆိုပြီး ရသမျှအချိန် အသုံးချလိုက်တာပဲ၊ ကိုင်း. . . သွားမယ် ဒေါက်တာ၊ ဆိုင်ကယ် ထားခဲ့မယ်"

"ထားခဲ့လို့ မရဘူး ကိုမင်းထက်၊ ကျွန်တော့်ဆိုင်ကယ်က သူ့ကို သုံးဖူးနေရင် ဆက်တိုက်သုံးနေရတတ်တယ်၊ ကိုမင်းထက် ပြန်ယူသွားရလိမ့်ဦးမယ်"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ခင်ဗျားကေကေက ခင်ဗျားကို စိတ်ဆိုးပြီး ရန်ကုန်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လိုက်သွားလေရဲ့"

"ဗျာ. . . ကျွန်တော့်ကို စိတ်ဆိုးတယ်"

"ဟုတ်တယ်. . . မိန်းမသားတစ်ဦးရဲ့မျှော်လင့်ခြင်းတို ခင်ဗျားက ဖျက်ဆီးတယ်ဆိုလား၊ အဲ. . . မိန်းမတစ်ဦးရဲ့ချစ်ခြင်း မေတ္တာကို ပေါ့ပေါ့တန်တန် ထားတယ်ဆိုလား ဘာဆိုလား၊ ဒေါ်နှ ပြီး ပြန်လိုက်သွားတယ်၊ ဒီမနက် လိုင်းကားရဲ့ရှေ့ခန်းမှာ စီစဉ်ပေး လိုက်ရတယ်၊ မှီနိုင်သေးတယ်. . . လမ်းမှာပဲ ရှိလောက်မယ်"

"ဟုတ်လား၊ ဒါဖြင့်. . ."

"ယူသွားပါ ကိုမင်းထက်ရာ၊ ဒါမျိုးဆိုတာ အင်မတန် အကူ အညီပေးလို့ အကောင်းဆုံးပဲ၊ သွား. . . သွား၊ မတွေ့မချင်းသာ လိုက်၊ အဆင်ပြေလာရင် ကျွန်တော့်ဆိုင်ကယ်ကို အချော့တော်လို့ နာမည်ပေးလိုက်မယ်"

"ကျေးဇူးပဲ"

လူလေးသည် အပြေးတစ်ပိုင်းဖြင့် ဆိုင်ကယ်ပေါ် ပြန် တက်ကာ စက်နှိုး၍ ထွက်ခဲ့လိုက်သည်။ သူ့ရင်ထဲ၌ မီးတောက်နေ သည်။ သူ၏ငယ်ကျွမ်းချစ်သူ သူငယ်ချင်းမလေးသည် သူ့အပေါ်၌ နားလည်နိုင်စွမ်း မရှိခြင်းအတွက်လည်း စိတ်မကောင်းဖြစ်သွားရ သည်။

အမှန်တော့ သူသည် စိတ်ချရသောအခြေအနေတွင် ရှိနေ သော ကေကေ၊ အားပေးပြီး စောင့်ရှောက်မည့် ဆရာဝန်၊ ဆရာမ များ၊ မိခင်နှင့်အဘ၊ အမေ၊ သစ်သစ်လွင်တို့ ရှိနေသော ကေကေ အား သူ ချက်ချင်းတွေ့ရန် အခြေအနေ မပေး။ သုံးရက်အတွင်း သူ့မှာ လူနာတွေအတွက် ကျောင်းသားတွေအတွက်၊ မိခင်ကို ရထား





ပေါ် တင်ပေးခြင်းကအစ အလုပ်ရှုပ်နေခဲ့သည်မှာ လုံးဝမနားရ။

သူ ဆိုင်ကယ်နှင့် ထွက်လာပြီး မင်းတုန်းမှ ပြည်ဘက်သို့ ဦးတည်၍မောင်းခဲ့ရပြန်သည်။ ပင်ပန်းခြင်းတို့သည် သူ့ခန္ဓာကိုယ်၌ မရှိတော့၊ ကေကေ့အား တွေ့ချင်ဇောတို့က တာစူလျက်ရှိသည်။ ကေကေအပေါ် သူ လျစ်လျူရှုထားရာများ ရောက်နေပြီလား၊ သူ့ကို ခြိမ်းခြောက်နေသော သေမင်းတမန် ရောဂါဆိုးကြီးမှ လွတ်မြောက် ခြင်းကို ကေကေ မျှော်လင့်နေပေမည်။

ကေကေ၏အချစ်ကို သူ အကြွင်းမဲ့ ယုံကြည်လေသည်။ ချစ်ခြင်းမေတ္တာ၌ သာခြင်းနာခြင်း မရှိဘူးဟု ကေကေက လက်တွေ့ လုပ်ဆောင်ပြသည်။ သူ၏အနွံ့အတာကို ခံကာ အရိပ်တကြည့် ကြည့်နှင့် သူ့အပါး၌ မခွဲနိုင်မခွာရက်အောင် ရစ်ဝဲနေတတ်သော ကေကေ၏မေတ္တာတရားကို သူ အံ့သြခဲ့သည်နှင့်အမျှ အချစ်တိုးခဲ့ရ သည်ကို ကေကေက သိမည်မထင်ပါ။

ကေကေ နေခဲ့မည်ဆိုပါက ကေကေ့အတွက် မနစ်နာရ လေအောင် လက်ထပ်စာချုပ်ပါ စီစဉ်ခဲ့သည်။ ရပ်ရွာကို မင်္ဂလာ ဆွမ်းကျွေးမည်။ နွေရာသီ ကျောင်းပိတ်ရက် ရောက်မှ ရန်ကုန်၌ ခင်လာဆွမ်းကျွေးမည်ဟု ရည်မှန်းထားသည်။

ယခု ကေကေ ပြန်သွားတော့ သူ ဘာတတ်နိုင်မည်နည်း။ ကေကေ့ဆန္ဒကို သူ တားဆီးရန် မရည်ရွယ်ပါ။ သို့သော် သူ့ဘက်၌ ကေကေအတွက် အမြဲတမ်း ခေါင်းထဲ၌ ရှိနေသည်။ နှလုံးသားထဲ၌ ရှိနေသည်။ အသည်းထဲ၌ ရှိနေသည်။ စိတ်အစဉ်၌ ထာဝရ ရှိနေ သည်ကိုတော့ ကေကေ သိစေချင်ပါသည်။

ရှေ့၌ မင်းတုန်းမှ ပြည်သို့ ထွက်ခွာလာသော ဒတ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com



ကားတို မြင်လိုက်ရသည်။ အဘတို့တဲကို လွန်ပြီး တစ်မိုင်ခန့်သာ ရှိမည်ထင်သည်။ စောစောက သူ ကျော်၍ အဆိုင်းမင့်များ သွား ထားစဉ်၌ လွဲသွားခြင်းဖြစ်မည်။ ကားကို ကျော်တက်ကာ ရှေ့မှနေ၍ မိုက်မိုက်ကန်းကန်းပင် ကန့်လန့်ရပ်လိုက်သည်။

"ကျိ. . ."

ကားဒရိုင်ဘာက ဘရိတ်အုပ်လိုက်သည်။

"ဘယ်သူများလဲလို့. . . ဆရာဦးလူလေးကိုး"

ဒရိုင်ဘာ၏အမျက်ဒေါသသည် သူမှန်း သိသွားသည်နှင့် ငြိမ်းချမ်းသွားသည်။ သို့သော် သူသည် မငြိမ်းချမ်းနိုင်၊ ကားရှေ့ခန်း၌ မြကေလာ၏မိခင်နှင့် အခြားမိန်းမတစ်ဦးကိုသာ တွေ့လိုက်ရ၍ ဖြစ်သည်။

"ဘာအကူအညီလိုသလဲ ဆရာ"

ကားဆရာသည် သူတို့အကြောင်း သိနေပုံရသည်။ မျက်နှာက ပြုံးနေသည်။

"မင်းမင်း. . . ကေကေ့ကို ခေါ် သွားဖို့ စိတ်မချလို့ ထားခဲ့တယ်. . . စောင့်ရှောက်လိုက်နော်"

မြကေလာ မိခင်က ဆင်းလာပြီး ပြောလိုက်သည်။ ထိုအခါ လူလေးရင်ထဲ ငြိမ်းချမ်းသွားလေပြီ။ ဒရိုင်ဘာကို ပြုံးကာ. .

"ခဏလေး. . . (၃)မိနစ်လောက်"

"ရပါတယ် ဆရာ၊ သုံးနာရီဖြစ်ဖြစ်"

"သုံးနာရီဆို ကားပေါ်က ခရီးသည်တွေ ဝိုင်းရိုက်လိမ့်မယ် ကားဆရာရဲ့"

"ဟဲ. . . ဟဲ"





လူလေးသည် မြကေလာ မိခင်ထံ၌ ခွင့်ပန်လိုက်သည်။

"သားအခြေအနေက"

"အားလုံးကောင်းတယ် အန်တီ၊ ဒါကြောင့် ကျွန်တော် ကေကေ့ကို တရားရုံးမှာ လက်ထပ်ထားချင်တယ်"

"ဟင်း. . . မင်းကို ကေကေ စိတ်ဘောက်နေတယ် ထင်တယ်၊ သူ့သဘောလေ. . . ဘဝတစ်လျှောက်လုံး မင်းတို့ပဲ လက်တွဲရမှာ၊ ဒါပေမယ့် ရန်ကုန်မှာတော့ ညည့်ခံပွဲ လုပ်ရဦးမယ်နော်"

"စိတ်ချပါ အန်တီ"

"အေးလေ. . . ငယ်ငယ်ကတည်းက နှစ်အိမ်တစ်အိမ်လို နေကြတဲ့သူတွေ အချင်းချင်းပဲ၊ ဘာမှပြောစရာ မရှိပါဘူး။ မင်းတို့ အဘနဲ့ တိုင်ပင်ပြီး ရပ်ရွာကို မင်္ဂလာဆွမ်းကျွေးလိုက်၊ တို့လည်း လာခဲ့ဦးမယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

သူ၏ချစ်ခြင်းမေတ္တာ မှန်ကန်ခြင်းကြောင့် မြကေလာ၏ မိခင်ကလည်း သူ့အား ယုံကြည်စိတ်ချကာ သူ့ဆန္ဒကို လိုက်လျောသည့်အတွက် အတိုင်းမသိ ဝမ်းသာသွားသည်။

"ဒါဖြင့် ကျွန်တော် သွားမယ် အန်တီ"

သူ့ဆိုင်ကယ်ကို လမ်းပေါ်မှ ဖယ်ချပေးလိုက်သည်နှင့် ကားဆရာသည် သူ့အား လက်ပြကာ ထွက်ခွာသွားလေသည်။

လုပ်အားပေးဆရာတစ်ဦးဖြစ်သော သူ့ကိုပင် ရပ်ရွာမှ တဧလးတစား ရှိနေလေသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ တစ်ဦး၏ဂုဏ်ရည်သည် ကြီးမားကြောင်းကို သူ လက်တွေ့သိထားနေရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ကို မင်းတုန်းသို့ ပြန်လှည့်စီးလာသောအခါ သူ့ရင်ထဲတွင် အလာကနှင့် လုံးဝမတူတော့ပေ။ မျှော်လင့်ခြင်း ရောင်ခြည်သည် သူ့အတွက် အပြည့်အဝ လင်းနေသည်။ အဘ၏ ယာစောင့်တဲနန်းတော်လေးကို အဝေးမှ မြင်လိုက်ရသည်နှင့် အေးချမ်းသွားသည်။

ကျေးဇူးရှင် ယာသူကြီး အဘနှင့်အမေကို ဝင်ရောက်ဦးခိုက်ပြီးမှ မြို့ထဲရှိ အိမ်ကြီးဆီသို့ သွားမည်။ ပြီးလျှင် ကျောင်းသို့ ဒီနေ့ ဝင်ရောက်ကာ သင်ရိုးကုန်ကာ ကလေးများ နားလည်တတ်မြောက်စေရေးအတွက် သူ ကြိုးပမ်းရတော့မည်။

ရည်မှန်းချက်များ ပြည့်နှက်နေသော လူလေးသည် လောကကြီး၌ လူဖြစ်ရကျိုးနပ်သည်ဟု ထင်မြင်ကာ ကျေနပ်လာလေပြီ။





တွေ့ဆုံရခြင်း၊ သိကျွမ်းရခြင်း၊ ချစ်ခင်ရခြင်းနှင့် ခွဲခွာရခြင်းတို့သည် လူ့အသည်းနှလုံးများစွာ၏ ကြေကွဲဖွယ် ဇာတ်လမ်းဖြစ်သည်။

To meet, to know, to love, and then to part is the sad tale of many a human heart.

## အခန်း (၃၄)

တဲကုပ်နန်းတော်ကလေးသည် တိတ်ဆိတ်လျက်ရှိသည်။ အဘက ခါးမ ခါးကြားထိုးကာ ယာခင်းများကြား တရွေ့ရွေ့ ထွက်ခွာသွားသည်ကို တွေ့လိုက်ရသည်။ အမေနှင့် တွေးညိုကရေခပ်နေသည်။

"အမေ"

"အေး. . . လူလေး၊ နင့်သွေးကောင်းသလား"

အမေ၏ရိုးသားသော မေးခွန်းအပေါ်၌ သူသည် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



မှ မခံစားရ။ သူ့၌ ရောဂါဆိုး ရှိနေသည့်တိုင် အမေတို့၏ မေတ္တာစေတနာသည် သူ့အပေါ်၌ ပြောင်းလဲလိမ့်မည် မဟုတ်ပါ။ ထို့အတူပင် မိဘနှစ်ပါး၊ ပြီးတော့ ကေကေ။

"လူလေး အဲဒါလာပြောတာ၊ လူလေး အိမ်ကြီးဆီ သွားလိုက်ဦးမယ်"

ဆိုင်ကယ်ပေါ်မှ မဆင်းဘဲ ခွထားလျက်မှ သူ လှမ်းအော်ပြောနေခြင်းဖြစ်သည်။

"ဟဲ့. . . ဘာတွေ သွားလုပ်မှာလဲ"

"ဟာဗျာ. . . အမေကလဲ၊ သိရက်သားနဲ့"

လူလေး၏ပျော်ရွှင်နေသောအသံသည် တဲကုပ်နန်းတော်လေးထဲသို့ ကျယ်လောင်စွာ ထိုးဖောက်ဝင်ရောက်လာလေသည်။

"ဒါဖြင့် မသွားနဲ့၊ အိမ်ပေါ် တက်ဦး"

"ဗျာ"

လူလေးသည် အမေ၏ဝမ်းသာပီတိဖြစ်နေသော မျက်နှာကို ကြည့်ကာ တစ်ခုခုတော့ ထူးခြားနေပြီဟု သိရှိလိုက်ရသည်။

ကြည့်စမ်း. . . ဖိနပ်ချွတ်၌ ရှိနေသော စလစ်ပါ ဖြူဖြူလေးတစ်ရံ။ သူ့ရင်ထဲ ဘုရားပွဲ လှည့်သွားသည်။ အိမ်ထဲသို့ အလောတကြီး ခုန်တက်လိုက်သည်။ အိမ်ကလေးသည် သိမ့်ကနဲ တုန်သွားသည်။

မြကေလာ ရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်။

အမျက်ဒေါသ မျက်လုံးများဖြင့် ကြည့်ရန် ရည်ရွယ်ထားချက်တို့သည် စုံးစမြုပ်စ ပျောက်ကွယ်သွားသည်။

နာရီပေါင်းများစွာ မိုးရိပ်ဆင်ကာ မည်းမှောင်နေသော





မိုးသားတို့သည် လေနှင့်အတူ လွင့်ပါးကာ ကောင်းကင်သို့ ကြည်လင်ကာ နေမင်းကို နေရာပေးလေတော့သည်။

"ကေ. . ."

လူလေးသည် ပက်လက်ကုလားထိုင်ထက်တွင် ဖျော့တော့စွာ ထိုင်နေသော လူမမာလေး မြကေလာအနီး ကြမ်းပြင်ထက်၌ ထိုင်ချလိုက်သည်။ နှုတ်သည်းပွတ်ကြားမှာ ယိုစိမ့်လာသောအသံဖြင့် သူ အမြွတ်တနိုး ခေါ်လိုက်သည်။

"ကေကေ"

မြကေလာ ကြေကွဲသွားသည်။ အလိုချင်ဆုံး၊ အတမ်းတဆုံးသောအရာတို့ကို ပိုင်ဆိုင်ခွင့် ရနေလေပြီ။ ငြင်းဆန်နိုင်သောအင်အားတို့သည် ချစ်သူ၏အကြင်နာမျက်လုံး၊ ကရုဏာအသံများအောက်ဝယ် ဝပ်စင်းသွားလေသည်။

"ကေကေ. . . မင်းမင်းလေ. . ."

မြကေလာ၏ အေးစက်နေသော လက်ကလေးသည် လူလေး၏နွေးထွေးသောလက်ဝယ် ပါရှိသွားလေသည်။ လူလေး. . ချစ်သူအား ရှင်းပြရန် စကားလုံးများ ရွေးချယ်လိုက်သည်။ သို့သော် ခံစားမှုများသည် အဆုံးစွန်အထိ ရောက်ရှိခံစားခဲ့ရဖူးသော လူသားတစ်ဦးအတွက် နှစ်သိမ့်ခြင်း၊ ဖြေရှင်းခြင်း၊ ချစ်မေတ္တာသက်သေထူခြင်းတည်းဟူသော စကားရပ်များအတွက် အသံထွက်မလာတော့ချေ။

မြကေလာ၏မျက်ဝန်း၌ မျက်ရည်စက်တို့သည် တသိမ့်သိမ့် စီးဆင်းလာသည်။ ချစ်ခြင်းမေတ္တာဟူသည် အမျက်ဒေါသများကို အောင်နိုင်သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူလေး ဘာမှ ဖြေရှင်းစရာ မလိုတော့ပါချေ။

အဘယ့်ကြောင့်ဆိုသော်. . .

မြကေလာ၏ညာလက်ခုံလေးကို လူလေး နမ်းရှုပ်လိုက်သောအခါ သူမ၏လက်တွင် မျက်ရည်စများ စွန်းထေးသွားမှုကြောင့် ဖြစ်ပါတော့သည်။

# မြမှုလဲခင်

